# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)



## ချင်းအမျိုးသားနေ့ဟာ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနဲ့ ဓလေ့ထုံးတမ်းတူညီတဲ့ ချင်းလူမျိုးတို့ရဲ့ နေ့ထူးနေ့မြတ်ဖြစ် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်လျက်ရှိရာတွင် ချင်းတိုင်းရင်းသားများကလည်း ပူးပေါင်းကြိုးပမ်း

### နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် သဝဏ်လွှာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

**ချစ်ကြည်လေးစားအပ်ပါသော ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ကျရောက်တဲ့ နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ဖြစ်တဲ့ ဒီနေ့ထူးနေ့မြတ် အခါသမယမှာ ချင်းပြည်နယ်အတွင်းနဲ့ ပြည်တွင်း၊ ပြည်ပနေရာဒေသအနှံ့အပြားမှာ မှီတင်းနေထိုင်လျက်ရှိကြတဲ့ ချင်းတိုင်းရင်းသား ညီအစ်ကို မောင်နှမအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ချင်းအမျိုးသားများဟာ မွန်ဂိုလီးယားကနေ ဆင်းသက်လာတဲ့ တိဗက်မြန်မာအနွယ်ဝင်များဖြစ်ကြပြီး တိဗက်ကတစ်ဆင့် မြန်မာနိုင်ငံအတွင်းကို ဝင်ရောက်ပျံ့နှံ့နေထိုင်ခဲ့ကြတာဖြစ်တယ်လို့ မှတ်သားရပါတယ်။ ယခုအခါမှာတော့ ချင်းပြည်နယ်တွင်သာမက စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်များမှာလည်း ချင်းတိုင်းရင်းသားလူမျိုးများ နေထိုင်လျက်ရှိပါတယ်။

အတိတ်ကာလတုန်းက နယ်ချဲ့ဗြိတိသျှကိုလိုနီလက်အောက်ကနေ လွတ်မြောက်ဖို့အတွက် ချင်းတိုင်းရင်းသားတို့ဟာ အသက်၊ သွေး၊ ချွေး၊ အိုးအိမ် စည်းစိမ်တွေ များစွာစတေးပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး ချင်းအမျိုးသားတို့ရဲ့ အခွင့်အရေးနဲ့ နစ်နာချက်များရရှိအောင်လည်း ဗြိတိသျှအစိုးရထံမှ တောင်းယူခဲ့ကြတာဖြစ်ပါတယ်။ အဲဒီလို တောင်းဆိုမှုတွေ သန္ဓေတည်ခဲ့တာကတော့ ချင်းတောင်ညီညွတ်ရေးအဖွဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ ၁၉၂၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ဖြစ်ကြောင်းလည်း မှတ်သားမိပါတယ်။

လွတ်လပ်ရေးရရှိပြီးတဲ့နောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ချင်းပြည်နယ် ဖလမ်းမြို့မှာ လူထုညီလာခံကျင်းပပြီး မျိုးနွယ်စုအကြီးအကဲဖြစ်တဲ့ တိုက်သူကြီးများ အုပ်ချုပ်တဲ့စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ၁၉၅၀ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ ရန်ကုန်မြို့မှာ ကျင်းပခဲ့တဲ့ သတ္တမအကြိမ် ချင်းရေးရာကောင်စီညီလာခံမှာလည်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



## SME လုပ်ငန်းများ လျင်မြန်စွာ ပေါင်းစည်းဖွံ့ဖြိုးစေရန် အာဆီယံဒေသတွင်းအဆင့်များ၌ ပိုမိုပူးပေါင်းရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**




ကြေးမုံ

# သဘာဝသယံဇာတ မပျက်စီးရေး ထိန်းသိမ်း

မြန်မာနိုင်ငံသည် ရေမြေသဘာဝကောင်းမွန်ပြီး မြေပေါ်မြေအောက် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်ခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် ဤသို့မဟုတ်တော့ပြီ။ ဆယ်စုနှစ် နှစ်ခုကျော် အချိန်ကာလအတွင်း လူတို့၏ အဆင်ခြင်မဲ့ထုတ်ယူသုံးစွဲခဲ့သောကြောင့် နိုင်ငံအတွင်း သဘာဝသယံဇာတအရင်းအမြစ်များ ကုန်ခန်းယိုယွင်း ပျက်စီးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် တာဝန်သိသူများက ထောက်ညွှန်ပြသ၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးပါရန် မကြာခဏဆိုသလို တိုက်တွန်းပြောဆိုလာကြသည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ မြောက်မှတောင်သို့ သွယ်တန်းထားသော ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းဟူသည့် ရေချိုမြစ်ကြီး လေးစင်း၊ သုံးစွဲ၍ မကုန်နိုင်သော ရေသယံဇာတများနှင့် သာယာလှပသော ပင်လယ်ကမ်းခြေ သဘာဝအရင်းအမြစ်များပေါများသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ တနင်္သာရီကမ်းရိုးတန်းဒေသများ ရှိသည်။ ထို့အပြင် အလယ်ရိုးမ၊ ပဲခူးရိုးမ၊ အနောက်ရိုးမ၊ အရှေ့ရိုးမ၊ ရှမ်းတောင်တန်း၊ ကချင်တောင်တန်း၊ မေယုတောင်တန်း၊ ဒေါနတောင်တန်းများရှိသည်။

သဘာဝတွင်းထွက်သယံဇာတများ ပေါများကြွယ်ဝသည့် မိုးကုတ်ပတ္တမြားမြေ၊ ဖားကန့်ကျောက်စိမ်းမြေ၊ မိုးထိမိုးမိကဲ့သို့သော ရွှေထွက်သောအရပ်ဒေသများ၊ မကွေး၊ ပဲခူး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သဘာဝတွင်းထွက်သယံဇာတများ ထွက်ရှိသည့်ဒေသများ၊ ရခိုင်ပြည်နယ်နှင့် မုတ္တမကမ်းလွန်ဒေသကဲ့သို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိရာဒေသများ စသည့် သဘာဝသယံဇာတပစ္စည်းများ ပေါ်များကြွယ်ဝသည့် ဒေသများစွာနှင့် စိုက်ပျိုးနိုင်သော မြေယာရှိသည့်ဒေသများ နိုင်ငံအနှံ့တွင် ရှိသည်။

သဘာဝသယံဇာတများ၊ သဘာဝအရင်းအမြစ်များ ထိုသို့ အမြောက်အမြားရှိခဲ့သော်လည်း ခေတ်ကာလအဆက်ဆက်မှ လူတို့သဘာဝသယံဇာတများကို အဆင်ခြင်မဲ့ထုတ်ယူသုံးစွဲမှု၊ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စီမံဆောင်ရွက်ရေး အားနည်းမှုစသည့် အမျိုးမျိုးသောအကြောင်းတို့ကြောင့် မြန်မာနိုင်ငံသည် ကြွယ်ဝချမ်းသာခြင်းမရှိဘဲ ကမ္ဘာ့နိုင်ငံများနောက် ရောက်နေသည်မှာ ဝမ်းနည်းစရာဖြစ်သည်။ အခြားအကျိုးဆက်အနေဖြင့် ပြည်တွင်းသဘာဝအရင်းအမြစ်များကို အမှီပြု၍ ပြည်တွင်း၌ အလုပ်အကိုင်များ ဖန်တီးမပေးနိုင်သောကြောင့် ပြည်ပနိုင်ငံများသို့ လူသားအရင်းအမြစ်များ စီးထွက်သွားသည်မှာလည်း ဝမ်းနည်းဖွယ် ဖြစ်သည်။

ထို့ကြောင့် သဘာဝသယံဇာတများဖြစ်သည့် သစ်တောသစ်ပင်များ၊ ရေသယံဇာတ၊ တွင်းထွက်သယံဇာတ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လယ်ယာမြေနှင့် သီးပင် စားပင်စိုက်ပျိုးရေးတို့ကို ဝိုင်းဝန်းထိန်းသိမ်းခြင်း၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဒေသခံပြည်သူများနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ဝိုင်းဝန်းပူးပေါင်းလက်တွဲ၍ အမျိုးသားရေးအသွင်ဖြင့် ရေရှည်စီမံချက်များချမှတ်ကာ ဆောင်ရွက်သွားသင့်ပါသည်။ သဘာဝအရင်းအမြစ်များကို လက်တွေ့ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရာတွင် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ဗဟိုကော်မတီကို ဖွဲ့စည်းထားပြီး ကြီးကြပ်မှုကော်မတီများကိုလည်း ၂၀၁၆ ခုနှစ်က ဖွဲ့စည်းထားသည်။ ထိုသို့ နိုင်ငံတော်က ဖွဲ့စည်းပေးထားသော လုပ်ငန်းကော်မတီ၊ ကြီးကြပ်မှုကော်မတီများက သစ်တောသယံဇာတများ အဓွန့်ရှည်ကြာ တည်တံ့စေရန်နှင့် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်ပေသည်။ သဘာဝတွင်းထွက်သတ္တုသယံဇာတများ ထုတ်ယူရာ၌လည်း လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ သဘာဝပတ်ဝန်းကျင်မပျက်စီးရေးနှင့် နိုင်ငံတော်အား အခွန်အခများအပြည့်အဝပေးဆောင်ရေးစသည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျလုပ်ဆောင်ကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များသည် တိုင်းပြည်နှင့် နိုင်ငံသားများအတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာများဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားပြီး လူမှုဘဝတိုးတက်စေရေးအတွက် ဝိုင်းဝန်းကြံဆကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

## ၂၀၁၇-၂၀၁၈ ခုနှစ်အထိ သစ်တောစိုက်ခင်း ၂၂၀၈၇၁၁ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ကျင်းပသည့် နှစ် ၃၀ နှင့်အထက် သက်ကြီး ကျွန်းစိုက်ခင်းများမှ သစ်ထုတ်လုပ်နိုင်မှုအခြေအနေ လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

သစ်တောဦးစီးဌာနသည် သစ်တောစိုက်ခင်းများကို ၁၉၈၁ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ အရှေ့ပဲခူးရိုးမ စိုက်ခင်းစီမံကိန်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ အာရှဖွံ့ဖြိုးရေးဘဏ်၏ အထောက်အပံ့ဖြင့် စိုက်ခင်းစီမံကိန်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကျွန်းအထူးစိုက်ခင်းများကိုလည်းကောင်း တည်ထောင်စိုက်ပျိုးခဲ့ကြရာ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ စီးပွားရေးစိုက်ခင်း ၁၂၃၂၃၆၅ ဧက၊ ရေဝေရေလဲစိုက်ခင်း ၃၄၁၁၅၉ ဧက၊ စက်မှုကုန်ကြမ်းစိုက်ခင်း ၁၇၉၁၂၂ ဧက၊ ကျေးရွာထင်းစိုက်ခင်း ၄၄၉၅၈၆ ဧကနှင့် ဒီရေတောစိုက်ခင်းဧက ၆၄၈၀ စုစုပေါင်း စိုက်ခင်း၂၂၀၈၇၁၁ ဧက တည်ထောင်ပြီးစီးခဲ့ကြောင်း သိရသည်။

သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးပြီးနောက် စနစ်တကျ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရန် ရန်ပုံငွေနှင့် ဝန်ထမ်းအင်အား လုံလောက်မှုမရှိခြင်း၊ အခြားမြေအဖြစ် ကျူးကျော်ခံရခြင်း၊ တရားမဝင်ခုတ်လှဲခိုးယူခြင်း၊ နည်းပညာပံ့ပိုးမှုနှင့် သုတေသနဆောင်ရွက်မှု အားနည်းခြင်းစသည့် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သစ်ထုတ်လုပ်ခြင်းကို တစ်နှစ်ရပ်ဆိုင်းခဲ့ပြီး ပဲခူးရိုးမဒေသအား ကျွန်းနှင့် သစ်မာထုတ်လုပ်ခြင်းကို ၁၀ နှစ်တာ ရပ်နားခဲ့၍ "မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း"ကို ၂၀၁၇-၂၀၁၈မှ ၂၀၂၆-၂၀၂၇ အထိ ၁၀ နှစ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် နှစ် ၃၀ နှင့်အထက် စီးပွားရေး ကျွန်းစိုက်ခင်းများမှ သစ်ထုတ်လုပ်ရာတွင် သစ်တောဖုံးလွှမ်းမှု ကျဆင်းမသွားစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ထုတ်လုပ်သင့်သည့် နည်းစနစ်များ၊ သတ်မှတ်သင့်သည့် စိုက်ခင်းသက် (Rotation Age)၊ ရွေးချယ်ထုတ်လုပ်ခြင်းနှင့် အပြောင်ရှင်းထုတ်လုပ်ခြင်းတို့၏ အကျိုးသက်ရောက်မှုများ၊ သစ်တောစိုက်ခင်း ပြန်လည်အစားထိုး စိုက်ပျိုးခြင်းဆိုင်ရာနည်းစနစ်များနှင့် ကြိုတင်ပြင်ဆင်ရေးဆွဲ ချမှတ်ထားရမည့် အစီအမံများကို ဆွေးနွေးဖော်ထုတ်သွားကြရန် ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားသည်။

သစ်တောဦးစီးဌာန အနေဖြင့် နိုင်ငံတော်၏ ကျွန်းသစ်လိုအပ်ချက်အတွက် သဘာဝတောမှ ထုတ်လုပ်ခြင်းကို အနားပေးပြီး သက်တမ်း နှစ် ၃၀နှင့် အထက်ရှိသော စီးပွားရေး ကျွန်းစိုက်ခင်းများမှ အစားထိုးဖြည့်ဆည်းပေးနိုင်ရန် ၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် စာရင်းကောက်ယူခဲ့ရာ စီးပွားရေးကျွန်းစိုက်ခင်း ၁၃၃၅၃၉ ဧကတွင် ရင်စို့လုံးပတ် သုံးပေ အောက် ၈၅၅၇၃၅ ပင်နှင့် သုံးပေနှင့်အထက် ၁၅၇၄၀၉ ပင်ရှိကြောင်း သိရသည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ အငြိမ်းစားသစ်တောအရာရှိကြီးများ၊ TNC-Myanmar Program မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တာချီလိတ် ဖေဖော်ဝါရီ ၁၉**
ရှမ်းပြည်နယ်(အရှေ့) တာချီလိတ်ခရိုင်အတွင်းရှိ ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများအား ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဦးစီးဌာနရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံရာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ မြို့နယ် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် နမ့်လန်းကျေးရွာ ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက် ရေသွယ်ယူခြင်းလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အတွင်းရှိ ကျေးလက်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဌာန၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ရေရှည်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်မှာကြားခြင်း၊ ဝန်ထမ်းများတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**၅၆၈**

## ရဲတပ်သားသစ်(အမျိုးသမီး) သင်တန်းဆင်းပွဲ ကျင်းပ

**ရမည်းသင်း ဖေဖော်ဝါရီ ၁၉**
မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ရဲတပ်သားသစ်(အမျိုးသမီး) သင်တန်းအမှတ်စဉ် ၄၃/၂၀၁၇ စည်သူတပ်ခွဲ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ရမည်းသင်းမြို့ရှိ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ ကျောင်းအုပ်ကြီး ရဲမှူးကြီး စန်းလွင်က ကျောင်းဆင်း စည်သူတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား လိုက်လံစစ်ဆေးပြီး ဆုရသင်တန်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ ရမည်းသင်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ စည်သူတပ်ခွဲ သင်တန်းဆင်းကျောင်းသူ ၁၄၈ ဦးနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်(ရွှေဈေး) ၉၄၅၀၀၀ - ၉၄၅၀၀၀    မန္တလေး(ရွှေဈေး) ၉၄၅၀၀၀ - ၉၄၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၄၀ ကျပ်၊ | ၈၆၀/၈၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၅၅ ကျပ်၊ | ၉၁၅/၉၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၅/၈၁၀ ကျပ်၊ | ၈၅၀/၈၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၀/၈၆၀ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၅၀/၇၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၅/၇၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၁၅/၇၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၅၀. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉. ၁၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၄၃၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၃၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၆၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၀. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၃၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၁. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၃. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များဖြစ်ကြသော ဒေါက်တာခက်အောင်၊ ဒေါ်နန်းခင်ထွေးမြင့်၊ ဒေါက်တာမြင့်နိုင်၊ ဒေါက်တာလဲ့လဲ့မော်၊ ဦးဝင်းသိန်း၊ ဒေါက်တာအောင်မိုးညို၊ ဒေါက်တာဇော်မြင့်မောင်၊ ဦးညီပု၊ ဦးဖြိုးမင်းသိန်း၊ ဒေါက်တာလင်းထွဋ်နှင့် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ကော်မတီဝင်များဖြစ်ကြသည့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ် လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကြည်သူ၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လုပ်ငန်းတာဝန် ၈ ရပ်

အစည်းအဝေးတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၈ ဖြင့် ဒုတိယသမ္မတ(၁) ဦးဆောင်၍ အဖွဲ့ဝင် ၃၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် ၈ ရပ် ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန် ၈ ရပ်မှာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးစီမံကိန်းအတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း၊ စီမံကိန်းရည်မှန်းချက်များကို ဆောင်ရွက်ရာတွင် အရေးကြီးသောလုပ်ငန်းများအား မူဝါဒချမှတ်ပေးခြင်း၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်ချက်များအပေါ် ခြောက်လတစ်ကြိမ် ပြန်လည်သုံးသပ်၍ လိုအပ်သလို လမ်းညွှန်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်ပအဖွဲ့အစည်း၊ အလှူရှင်များ၊ ပြည်တွင်းအဖွဲ့အစည်းများမှ ထည့်ဝင်လှူဒါန်းသည့် ငွေကြေး၊ ပစ္စည်းဥစ္စာနှင့် နည်းပညာများကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တစ်နှစ်တစ်ကြိမ် အစီရင်ခံတင်ပြခြင်းတို့ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာတွင် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေသည် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်း၊ တစ်ဘီလီယံခန့်ရှိပြီး ကမ္ဘာ့လူငယ်လူရွယ်ထု၏ အခြေအနေသည် ဒေသတွင်းနိုင်ငံများနှင့် လူမှုအဖွဲ့အစည်းများအကြား စီးပွားရေး၊ လူမှုရေး၊ နည်းပညာ၊ ယဉ်ကျေးမှုကွာဟမှုများနှင့် မတူညီမှုများကို ဆိုးရွားစွာ ကြုံတွေ့နေရသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

### အန္တရာယ်ရှိသော လုပ်ငန်းခွင်

ကမ္ဘာ့စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အသက် ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးအလုပ်သမား ၁၅၂ သန်းခန့်ရှိရာ ၇ ဒသမ ၄ ရာခိုင်နှုန်းသည် အာရှနှင့် ပစိဖိတ် ဒေသတွင်ရှိနေပြီး စိုက်ပျိုးရေးကဏ္ဍများတွင် ၇၀ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ၎င်းတို့အထဲမှ ၇၃ သန်းခန့်သည် အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရကြောင်းကိုလည်း လေ့လာသိရှိရပါကြောင်း။

ကမ္ဘာ့လူငယ်လူရွယ်ဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှိနေပြီး အာရှဒေသ၌ ၆၀ ရာခိုင်နှုန်းခန့် ရှိနေသည်ကို တွေ့ရပါကြောင်း၊ လူငယ်များနှင့် ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက် အကောင်း၊ အဆိုးကို ဖန်တီးရာတွင် အလွန်အရေးကြီးပြီး နိုင်ငံ၏အဖိုးတန်သည့် အရင်းအမြစ်များဖြစ်ပါကြောင်း။

ဒေသတွင်း ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင်လည်း လုပ်ငန်းခွင်များ၌ ကုန်ထုတ်စွမ်းအားကို အထောက်အကူဖြစ်စေမည့် လူငယ်၊ လူရွယ်နှင့် ကလေးအလုပ်သမားများ အသုံးပြုလေ့ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်နေသည့်အတွက် ကလေးအလုပ်သမား အသုံးပြုခြင်းများကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများသည် ကလေးအလုပ်သမား အသုံးပြုရသည့် အဓိကအခြေခံအကြောင်းရင်းများနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကို တွေ့ရှိရမည်ဖြစ်သကဲ့သို့ ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ (Global Climate Change) ၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကျရောက်မှုကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ပြည်တွင်းပဋိပက္ခတချို့ကြောင့် ဆင်းရဲနွမ်းပါးမှုများနှင့် ရွှေ့ပြောင်းနေထိုင်ရမှုများ ရှိနေသောကြောင့် လူမှုစီးပွားဘဝ အကျပ်အတည်းများမှတစ်ဆင့် ကလေးအလုပ်သမား၊ လူငယ်၊ လူရွယ်အလုပ်သမားများသည် ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ဘဲ ကလေးအလုပ်သမားအဖြစ် အသုံးပြုခံနေရမှုများကိုလည်း ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကြုံတွေ့နေကြရသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲလျက်ရှိပြီး တစ်ဖက်တွင်လည်း တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိအောင် ဦးစားပေးဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

### လက်ခံအတည်ပြုလက်မှတ်ရေးထိုး

မြန်မာနိုင်ငံသည် ဒေသတွင်းအာဆီယံနိုင်ငံများနည်းတူ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် "အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက် အမှတ် ၁၈၂" ကို လက်ခံအတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ကလေးအလုပ်သမားရေးရာနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (ILO)၊ ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာပေါ်တွင်ရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်၍ လုံးဝဆိတ်သုဉ်းပပျောက်သွားအောင် ဆောင်ရွက်နိုင်မှု မရှိသေးသော်လည်း နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်ပြီး ကလေးအလုပ်သမားလျှော့ချရေးအစီအစဉ်များကို နိုင်ငံအဆင့်စီမံကိန်းများ ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးစီမံကိန်းအတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ပေါင်းစပ်ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားနိုင်ရေးအတွက် အားလုံးတက်တက်ကြွကြွဖြင့် ပါဝင်ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းစီမံကိန်းနှင့်ပတ်သက်၍ ပဏာမ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ကော်မတီတွဲဖက်အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ကော်မတီများ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ပထမအကြိမ်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးကျော်တင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးခင်မောင်ချိုနှင့် ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒေါက်တာမြင့်နိုင်၊ ဦးဝင်းသိန်း၊ ဒေါက်တာဇော်မြင့်မောင်၊ ဒေါက်တာအောင်မိုးညို၊ ဦးညီပု၊ ဒေါက်တာလင်းထွဋ်၊ ဦးလှမိုးအောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကြည်သူ၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဌေးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကလေးလုပ်သားစာရင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များ၊ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေရေးရာဆိုင်ရာကိစ္စရပ်များ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးဆိုင်ရာကိစ္စရပ်များ၊ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးဆိုင်ရာများ၊ ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

### တစ်မျိုးသားလုံးနှင့် အကျိုးဝင်

ယင်းနောက် ဒုတိယသမ္မတက ယခုအစည်းအဝေးတွင် သဘောတူဆုံးဖြတ်ထားသည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရမည့် လုပ်ငန်းကော်မတီ ရှစ်ခုနှင့် အတွင်းရေးမှူးအဖွဲ့အပါအဝင် စုစုပေါင်း ကိုးဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာကော်မတီများကို စနစ်တကျ ဆက်လက်ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ အမျိုးသားကော်မတီ၏ အတွင်းရေးမှူးအဖွဲ့အနေဖြင့်လည်း ကလေးအလုပ်သမားပပျောက်ရေးစီမံကိန်းအတွက် လုပ်ငန်းစီမံချက် (မူကြမ်း)ကို နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ယူနိုင်ရေး ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းစီမံကိန်းသည် တစ်မျိုးသားလုံးနှင့် အကျိုးဝင်သက်ဆိုင်သည့် လုပ်ငန်းဖြစ်သဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး အလေးထားပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်စေလိုပါကြောင်း နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။

## တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှု စီရင်ချက်ချ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသောဦးမြသိမ်းနှင့် ဦးမြင့်အောင်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) ခုနစ်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကာ့ဒ်တပ်ဖွဲ့နှင့် ရရှိသော သဘောတူညီချက်အရ ဆီးရီးယားတပ်ဖွဲ့များ အက်ဖရင်းဒေသသို့ ဝင်မည်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၉**

တူရကီနိုင်ငံက စစ်ရေးအရ ထိုးစစ်ဆင်လျက်ရှိသော အက်ဖရင်းဒေသအတွင်းသို့ ဆီးရီးယားတပ်မတော်ဝင်ရောက်ခွင့်နှင့် ပတ်သက်သော သဘောတူညီချက် တစ်ရပ်ကို ဆီးရီးယားတပ်မတော်နှင့်ကာ့ဒ်တပ်ဖွဲ့တို့ရရှိခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။



ဆီးရီးယားတပ်မတော်သည် ဖေဖော်ဝါရီ ၁၉ ရက်တွင် အက်ဖရင်းဒေသသို့ ဝင်ရောက်မည်ဖြစ်ကြောင်း ကာ့ဒ်တပ်မှူးတစ်ဦးဖြစ်သူ ရှိတ်ကိုဘလို၏ပြောကြားချက်ကို ကိုးကား၍ ရုဒေါကာဒစ္စ သတင်းဌာနက သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

အက်ဖရင်းဒေသ၌ ဆီးရီးယားတပ်မတော်က စစ်ရေးအရ တည်ရှိနေခြင်းသာဖြစ်ပြီး နိုင်ငံရေးနှင့် အုပ်ချုပ်ရေးကိစ္စရပ်များ မပါဝင်ကြောင်း သတင်း၌ဖော်ပြပါရှိသည်။

**ဖြန့်ကြက်ထား**

ဆီးရီးယားတပ်မတော်မှ တပ်ဖွဲ့ဝင်များကို အက်ဖရင်းနှင့် တူရကီအကြား နယ်စပ်ဒေသတွင် ဖြန့်ကြက်ထားမည်ဖြစ်ပြီး အက်ဖရင်းမြို့လယ်သို့ ဝင်ရောက်မည် မဟုတ်ကြောင်း ကာ့ဒ်တပ်မှူးက ပြောကြား သည်။

ဆီးရီးယားတပ်မတော်နှင့် ကာ့ဒ်တပ်ဖွဲ့များအကြား ရရှိသော သဘောတူညီချက်သည် ဇန်နဝါရီ ၂၀ ရက်တွင် စတင်ခဲ့သော တူရကီတပ်မတော်၏ အက်ဖရင်း ထိုးစစ်ဆင်မှုကို တားဆီးရန် ရည်ရွယ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့က ပြောကြားသည်။

အက်ဖရင်းဒေသအတွင်း အုပ်ချုပ်ရေးကိစ္စရပ်များနှင့် အဆိုပါဧရိယာအတွင်း ကာ့ဒ်ပြည်သူ့စစ်တို့၏လက်နက်များနှင့် ပတ်သက်၍ ညှိနှိုင်း ဆွေးနွေးမှုများကို လုပ်ဆောင်နေဆဲဖြစ်ကြောင်း ဗြိတိန်အခြေစိုက်အဆိုပါအဖွဲ့အစည်းက ပြောကြားသည်။

သို့ရာတွင် ဆီးရီးယားတပ်မတော်နှင့် ကာ့ဒ်ကာကွယ်ရေးတပ်ဖွဲ့တို့က ယင်းသဘောတူညီချက်နှင့်ပတ်သက်၍ မှတ်ချက်ပေး ပြောကြားခြင်းမရှိပေ။

**သတ်မှတ်ထား**

တူရကီနိုင်ငံသည် ဝိုင်ပီဂျီကာ့ဒ်တပ်ဖွဲ့ကို ဖြုတ်ချရန်အတွက် အက်ဖရင်းဒေသသို့ နယ်စပ်ဖြတ်ကျော်စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့သည်။ ဝိုင်ပီဂျီ ကာ့ဒ်တပ်ဖွဲ့ကို တူရကီနိုင်ငံအရှေ့တောင်ပိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန် တိုက်ပွဲဝင်လျက်ရှိသော ကာ့ဒ်အလုပ်သမားများပါတီနှင့် ဆက်စပ်နေသည့် အကြမ်းဖက်အုပ်စုအဖြစ် တူရကီနိုင်ငံက သတ်မှတ်ထားသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံရှိ မြစ်ဝါမြစ်အတွင်း ကာလအလိုက် ငါးဖမ်းမှု ပိတ်ပင်မည်

**ပေကျင်း ဖေဖော်ဝါရီ ၁၉**

တရုတ်နိုင်ငံရှိ ဒုတိယအရှည်လျားဆုံး မြစ်ကြီးတစ်စင်းဖြစ်သော မြစ်ဝါမြစ်အတွင်း ငါးဖမ်းခြင်းကို ၂၀၁၈ ခုနှစ်မှ အစပြု၍ နှစ်စဉ်ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ပိတ်ပင်မည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ပြောကြားချက်ကို ကိုးကားလျက် ဆင်ဟွာသတင်းဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ငါးအလွန်အကျွံဖမ်းဆီးမှုကြောင့် ရေလုပ်ငန်းအရင်းအမြစ်များ ပျက်သုဉ်းမည့်ဘေးအန္တရာယ်ခြိမ်းခြောက်လျက်ရှိစဉ် ဇလဗေဒဆိုင်ရာ ဇီဝရုပ်အရင်းအမြစ်များနှင့် ဇီဝမျိုးစုံလင်မှုတို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်လျက် မြစ်ဝါမြစ်အတွင်း ငါးဖမ်းမှုကို ပိတ်ပင်မည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။



မြစ်ဝါမြစ်၏ ပင်မမြစ်ကြောင်းတစ်လျှောက်၊ ယင်းမြစ်နှင့်ဆက်စပ်နေသော အဓိက ရေအိုင်ကြီးသုံးခုနှင့် ယင်းမြစ်၏မြစ်လက်တက် ၁၃ ခုတို့တွင် ငါးဖမ်းခွင့်ကို ပိတ်ပင်မည်ဟုဆို၏။

ငါးဖမ်းမှုကို ပိတ်ပင်သည့် ကာလအတောအတွင်း သိပ္ပံရေးရာသုတေသနအလို့ငှာ ငါးဖမ်းဆီးခြင်း၊ ငါးမွေးမြူရေးနှင့် ငါးသားဖောက်ရေးလုပ်ငန်းအလို့ငှာ ငါးဖမ်းဆီးခြင်းတို့ကိုမူ ပြည်နယ်များနှင့် ပြည်နယ်အဆင့် အထက်ရှိနယ်မြေဒေသများ၏ အာဏာပိုင်များက ခွင့်ပြုပေးသင့်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

ဒေသဆိုင်ရာ အခြေအနေအရ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက ငါးဖမ်းဆီးမှုပိတ်ပင်ချက်နှင့် အကျုံးဝင်သောကာလကို သက်တမ်းတိုးနိုင်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**

# ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ မြေအောက် အခြေခံအဆောက်အအုံကို အစ္စရေး တိုက်လေယာဉ်များ တိုက်ခိုက်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၉**

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံ ပိုင်နက်နယ်မြေအတွင်းသို့ ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်းက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဖေဖော်ဝါရီ ၁၉ ရက်နံနက်အစောပိုင်းတွင် အစ္စရေးလေတပ် ဂျက်တိုက်လေယာဉ်များက ဂါဇာကမ်းမြောင် တောင်ပိုင်းရှိ မြေအောက်အခြေခံအဆောက်အအုံကို တိုက်ခိုက်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။



ယင်းမြေအောက်အခြေခံအဆောက်အအုံကို ဟားမတ်စ်အဖွဲ့က ပိုင်ဆိုင်ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(အိုင်ဒီအက်ဖ်)က ဖေဖော်ဝါရီ ၁၉ ရက် အစောပိုင်း၌ ထုတ်ပြန်ကြေညာသည်။

အစ္စရေးနိုင်ငံသားများ လုံခြုံမှုရရှိစေရေးအတွက် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များက ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ပြီး နည်းလမ်းမျိုးစုံသုံးကာ ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

ယခုဖြစ်ပွားခဲ့သော ဖြစ်ရပ်နှင့် ဂါဇာကမ်းမြောင်ဒေသမြေပေါ်နှင့် မြေအောက်မှ ဖြစ်ပေါ်သည့် မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို ဟားမတ်စ်အဖွဲ့က တာဝန်ယူရမည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်းတွင် အစ္စရေးလေတပ်မှ အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များက ဒုံးကျည် ၁၀ စင်းထက်မနည်းပစ်ခတ်ခဲ့ကြောင်း၊ ထိခိုက်သေကျေသည့် သတင်းထွက်ပေါ်ခြင်းမရှိကြောင်း ဂါဇာကမ်းမြောင်ဒေသမှ သတင်းများအရ သိရသည်။ **(အပေါ်ပုံ)**

ဂါဇာကမ်းမြောင်နှင့်အစ္စရေးပိုင်နက် နယ်ခြားတွင် ပစ်ခတ်တိုက်ခိုက်မှုများ တတိယမြောက်နေ့အဖြစ် ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းက ဂါဇာကမ်းမြောင်နှင့်အစ္စရေးနိုင်ငံကြားရှိ ခြံစည်းရိုးတွင် ဖောက်ခွဲရေးပစ္စည်းတစ်ခုကို တပ်ဆင် ဖောက်ခွဲခဲ့မှုကြောင့် အစ္စရေးစစ်သားလေးဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ စစ်သားနှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုကို လက်တုံ့ပြန်၍ အစ္စရေးဂျက်တိုက်လေယာဉ်များက ဖေဖော်ဝါရီ ၁၇ ရက် ညတွင် ဟားမတ်စ်အဖွဲ့၏ပစ်မှတ် ၁၈ ခုကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

**ဆင်ဟွာ**

## အိုင်အက်စ်အဖွဲ့ဝင်အဖြစ် သံသယရှိသူကို ဖိလစ်ပိုင်၌ဖမ်းဆီး

**မနီလာ ဖေဖော်ဝါရီ ၁၉**

အစ္စလာမ့်နိုင်ငံထူထောင်ရေး အစွန်းရောက်အုပ်စု(အိုင်အက်စ်)အဖွဲ့ဝင် တစ်ဦးဟုသံသယရှိသည့် အီဂျစ်နိုင်ငံသားတစ်ဦးကို ဖိလစ်ပိုင်အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

မနီလာမြို့ မာလာတေးအရပ်ရှိ တိုက်ခန်းတွဲနေအိမ်အဆောက်အအုံတစ်လုံး၌ ငှားရမ်းထားသော အခန်းအတွင်း အီဂျစ်နိုင်ငံသား ဖာမီလက်စ်ဆော့ဒ်ကို ဖိလစ်ပိုင်သူတစ်ဦးနှင့်အတူ ဖမ်းဆီးခဲ့ကြောင်း ဖိလစ်ပိုင်ရဲချုပ် ရော်နယ်ဒီလာရိုဆာက ပြောကြားသည်။

အီဂျစ်နိုင်ငံသားနှင့်အတူ ဖမ်းမိသည့် ဖိလစ်ပိုင်သူမှာ နိုင်ငံတောင်ပိုင်း မာဂွင်ဒါနာအိုပြည်နယ် ယူမီမြို့မှ အန်နာဘယ်မွန်စီရာ ဆာလီပါဒါဆိုသူဖြစ်ပြီး လက်စ်ဆော့ဒ်မှာဂျိုဂန်ရာရှစ်လက်စ်ဆော့ဒ်ဟူသော အမည်ကိုလည်းသုံးစွဲသူဖြစ်ကြောင်း ရဲချုပ် ဒယ်လာရိုဆာက ပြောကြားသည်။

လက်စ်ဆော့ဒ်နှင့်ဆာလီပါဒါတို့အား ဖမ်းဆီးလိုက်ခြင်းကြောင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများကို ထိထိရောက်ရောက် ဖြိုခွင်းလိုက်နိုင်ကြောင်း ရဲချုပ်ဒယ်လာရိုဆာက ပြောကြားသည်။

**ဆင်ဟွာ**

# သဲခုံ-ဆံတော်ရှင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို မြေပြင်တွင် စစ်ဆေးလေ့လာ၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်

**နေပြည်တော်  ဖေဖော်ဝါရီ  ၁၉**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပပြီး လမ်း၊ တံတားဆိုင်ရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ လမ်း၊ တံတားဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **သစ်သားတံတားများနှင့် ဘေလီသစ်သားတံတားများ၌ အသုံးပြုသစ်များနေရာတွင် Hollow လေးထောင့်သံပိုက်များဖြင့် အစားထိုးဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက သစ်၏အားသာချက်မှာ Fiber အမျှင်များဖြင့် ဖွဲ့စည်းထားသည့်အတွက် ချက်ချင်းကျိုးကျခြင်းမရှိဘဲ တဖြည်းဖြည်းအိကျလာပြီး သတိပေးချိန်ရှိသည့်အတွက် ပြည်သူများနှင့် အသုံးပြုယာဉ်တို့ အန္တရာယ်မှ ရှောင်လွှဲနိုင်သည့် အနေအထားရှိပါကြောင်း၊ Steel တံတားများသည် ခံနိုင်ရည်ကျော်သွားပါက ရုတ်တရက်ကျိုးကျတတ်ပါကြောင်း၊ Hollow သံပိုက်များကို မိမိတို့နိုင်ငံတွင် သံပန်း၊ သံတံခါးကဲ့သို့ နေရာမျိုးတွင် ဝန်အလေးချိန်ထမ်းခြင်း မဟုတ်ဘဲ အလှဆင်သည့်နေရာများတွင် အသုံးပြုကြပါကြောင်း၊ တံတားတည်ဆောက်မှုနေရာမျိုးတွင် မသုံးသင့်ပါကြောင်း။

တိုးတက်လာသော အခြေအနေအရ တံတားများတည်ဆောက်ရာတွင် ရေရှည်အသုံးပြုနိုင်သော သံကူကွန်ကရစ်၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားများ တည်ဆောက်လျက်ရှိပါကြောင်း၊ သစ်သားကြမ်းခင်းတံတားနှင့် ဘေလီသံပေါင်(သစ်သားကြမ်းခင်း)ကဲ့သို့သော ယာယီတံတားငယ်များတွင် ကြမ်းခင်း၊ လက်ရန်းများ၌ Hollow လေးထောင့်သံပိုက်များအား တံတားအရွယ်အစား၊ ယာဉ်သွားလာမှု အခြေအနေအပေါ် မူတည်၍ စိစစ်အသုံးပြုလျက်ရှိပါကြောင်း ဖြေကြားသည်။

လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း၏ **လှိုင်သာယာမြို့နယ်အတွင်း အဓိကလမ်းမကြီးများသည် ပျက်စီးနေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန်-ပုသိမ်လမ်း(ဘုရင့်နောင်တံတားချဉ်းကပ်လမ်း) ၅ မိုင် ၄ ဖာလုံ၊ ရန်ကုန်-ညောင်တုန်းလမ်း(အောင်ဇေယျတံတားချဉ်းကပ်လမ်း) ၃ မိုင် ၂ ဖာလုံ၊ အနော်ရထာလမ်းမကြီး(ရွှေပြည်သာတံတားချဉ်းကပ်လမ်း) ၄ မိုင် ၆ ဖာလုံတို့သည် Oriental Highway Co.,Ltd. မှ B.O.T စနစ်ဖြင့် ဆောင်ရွက်ခဲ့သော လမ်းများဖြစ်ပါကြောင်း၊ အဆိုပါ တံတားချဉ်းကပ်လမ်း ၃ လမ်းပျက်စီးမှုနှင့်ပတ်သက်၍ Oriental Highway Co.,Ltd. မှ B.O.T စာချုပ်ပါစည်းကမ်းချက်များအတိုင်း ကောင်းမွန်ပြီးစီးအောင်ဆောင်ရွက်ခဲ့ပြီး လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အဆိုပါလမ်းများ ပြုပြင်ထိန်းသိမ်းရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တာဝန်ပေးအပ်ပြီး အလျင်အမြန် ဆက်လက်ဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။



ဆောက်လုပ်ရေး ဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးကျော်လင်း



ပေါက်တောမဲဆန္ဒနယ်မှ
ဦးအောင်ကျော်ဇံ

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး၏ **ပင်းတလဲ-မိတ္ထီလာ ကားလမ်းပေါ်ရှိ ပျက်စီးနေသော သင်ပုန်းချောင်းရေကျော်ကို ပြန်လည်ပြုပြင်ပေးရန်နှင့် ရေကျော်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ခဲ့သော တာဝန်ရှိသူများအား မည်သို့ စီမံဆောင်ရွက်ပေးမည်ကိုသိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သင်ပုန်းချောင်းရေကျော်ပျက်စီးခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေဖြင့်  လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် လည်းကောင်း ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော်လည်း ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် ကမ်းပါးများပြိုကျကာ ပြန်လည်ပျက်စီးခဲ့ပါကြောင်း၊ ထို့ကြောင့် သင်ပုန်းချောင်းရေကျော်အား ရေရှည်တွင် အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မြေသားစမ်းသပ်ခြင်းနှင့် ရေစီးကြောင်းပြောင်းလဲခြင်းဆိုင်ရာ အချက်အလက်များပြုစုခြင်းတို့အား ကွင်းဆင်းစစ်ဆေး၍ ကောင်းမွန်သော ပုံစံထုတ်ယူတွက်ချက်စေပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မတိုင်မီ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ **ပေါက်တောမြို့နယ် မြေငူကျွန်း ပင်လယ်ဘက်ခြမ်းရှိ သဲခုံ-ဆံတော်ရှင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွင် မပြီးမပြတ်ကျန်ရှိနေခဲ့သော အပိုင်းနှင့်စပ်လျဉ်း၍ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွင် တာဝန်ရှိကြောင်း စိစစ်ဖော်ထုတ်ပေးပါရန်နှင့် ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပေါက်တောမြို့နယ် မြေငူကျွန်း ပင်လယ်ဘက်ခြမ်းရှိ သဲခုံ-ဆံတော်ရှင် မြေသားလမ်းအရှည် ၂၂ မိုင် ၇ ဖာလုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(မွမ်းမံ)ရန်ပုံငွေနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေနှစ်ရပ်ပေါင်းပြီး သန်းနိုင်မိသားစုကုမ္ပဏီနှင့် ရိုးမမြေကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း။

ရိုးမမြေကုမ္ပဏီသည် လုပ်ငန်းများပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ တင်ဒါစာချုပ်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ထားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကုမ္ပဏီအား ထိရောက်စွာအရေးယူသင့်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ယခင်တာဝန်ယူဆောင်ရွက်ခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့သို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ သဲခုံ-ဆံတော်ရှင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ပြန်လည်ပြင်ဆင်တည်ဆောက်ပေးနိုင်ရေးအတွက် မြေပြင်တွင် စစ်ဆေးလေ့လာ၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင်ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **ယင်းမာပင်မြို့နယ် ဆင်စွယ်ကျေးရွာ၊ တောင်မ-ရိုးချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာမှ ဘောနီကျေးရွာသို့သွားသော ကျေးရွာချင်းဆက်လမ်းအရှည်(၈)မိုင်မှ ကျန်ရှိနေသော(၆)မိုင်အား ကျောက်ချောလမ်းအဖြစ်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင်  အစည်းအဝေးတွင်  သယံဇာတနှင့်  သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသော **“ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့်  လွှတ်တော်၏အဆုံးအဖြတ်ရယူ  အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ယခုအထိ လူသုံးကုန်အသေးအမွှားကလေးကအစ ဘေးပတ်ဝန်းကျင်နိုင်ငံများဆီမှ တင်သွင်းနေသရွေ့၊ ဝယ်စားနေကြသရွေ့ ကုန်ဈေးနှုန်းသည် ကျမည်မဟုတ် ဒေသအချို့တွင် လုပ်နိုင်သလောက် အကောင်အထည်ဖော်မည်ဆိုလျှင် နိုင်ငံအတွက်၊ ဒေသအတွက် ကောင်းမွန်သည့်အလားအလာများ ဖန်တီးပေးရာရောက်မည်ဖြစ်

**နေပြည်တော်  ဖေဖော်ဝါရီ  ၁၉**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းအဆို တစ်ခု တင်သွင်းခြင်းနှင့် အဆို တစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ၃ ခုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်၏ **ကယားပြည်နယ် လွိုင်ကော်မြို့ နည်းပညာတက္ကသိုလ်တွင် လိုအပ်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများအတွက် စီမံဝန်ထမ်းနေအိမ်၊ ပါမောက္ခနေအိမ်တစ်လုံး အပါအဝင် နယ်ဝေးပညာသင် ကျောင်းသား ကျောင်းသူများအတွက် အဆောင်ဆောက်လုပ်ပေးရန်နှင့် အရေးပေါ်လိုအပ်သော ကွန်ကရစ်လမ်း ပေ ၁၆၆၀ ကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နည်းပညာတက္ကသိုလ်(လွိုင်ကော်)တွင် ပင်မဆောင် သုံးဆောင် အပါအဝင် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ သုံးလုံး၊ အလုပ်ရုံနှစ်လုံး ဆောက်လုပ်ပြီးစီး အသုံးပြုလျက်ရှိပါကြောင်း၊ နယ်ဝေးပညာသင် ကျောင်းသား ကျောင်းသူများအတွက် အဆောင်အသစ် တစ်လုံးအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေတွင် ငွေကျပ် သိန်းပေါင်း ၅၇၂၄ ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်နေပါကြောင်း၊ နည်းပညာတက္ကသိုလ်(လွိုင်ကော်) အရာထမ်း၊ အမှုထမ်းများအတွက် စီမံဝန်ထမ်းနေအိမ်၊ ကွန်ကရစ်လမ်း ပေ ၁၆၆၀ လမ်းခင်းခြင်းတို့အတွက် လိုအပ်သော ရန်ပုံငွေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေရရှိသည်နှင့် ဆောင်ရွက်အကောင်အထည်ဖော်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပစဉ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့ ရိက္ခာရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၂၀ × ၃၀) RC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်း(တည်ဆောက်ရေး) လျာထားချက်များ ဆောင်ရွက်ရာတွင် အသစ်တည်ဆောက်ရန် လိုအပ်သော အခြေခံပညာကျောင်းများကို အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန်လိုအပ်သော ကျောင်းများ၊ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ဆောက်လုပ်ရန်ကျောင်းများ စသည်ဖြင့် လုပ်ငန်းများဦးစားပေးခွဲခြား၍ မြို့နယ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်ပြီး စနစ်တကျပြုစုဆောင်ရွက်ခဲ့ရာ ချင်းပြည်နယ်  ပလက်ဝမြို့နယ်အတွက်  အခြေခံကျောင်းပေါင်း  ၂၆  ကျောင်းကို ဆောင်ရွက်ပေးရန် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း။

ချင်းပြည်နယ်  ပလက်ဝမြို့နယ်  ရိက္ခာရပ်ကွက် အမှတ်(၂)  အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၀၀ × ၂၆) သွပ်မိုး၊ ပျဉ်ကာ၊ အုတ်ညှပ် နှစ်ထပ်ဆောင် တစ်ဆောင်၊ ပေ(၁၂၀ × ၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင်၊ ပေ(၉၀ × ၃၀)သွပ်မိုး အုတ်ညှပ် တစ်ထပ်ဆောင်၊ ပေ(၅၀ × ၂၀)သွပ်မိုး ယာယီဆောင် တစ်ဆောင်  စုစုပေါင်း  စာသင်ဆောင်  လေးဆောင် ရှိပါကြောင်း၊ စာသင်ခန်း ဧရိယာစုစုပေါင်း ၁၀၂၄၀ စတုရန်းပေ ဖြစ်ပါကြောင်း၊ လက်ရှိစာသင်ကြားနေသော ကျောင်းသား ကျောင်းသူဦးရေအနေဖြင့် မူလတန်းအဆင့်တွင် ၁၈၄ ဦး၊ အလယ်တန်းအဆင့်တွင် ၂၆၇ ဦး၊ အထက်တန်းအဆင့်တွင် ၃၆၂ ဦး စုစုပေါင်း ၈၁၃ ဦး ရှိပါကြောင်း၊ ထို့ကြောင့် စာသင်ခန်း ဧရိယာအားဖြင့် အနည်းငယ် လိုအပ်မှုရှိနေသည်ကို စိစစ်တွေ့ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်တွင် အခြေခံပညာကျောင်းပေါင်း ၂၆  ကျောင်းကို  လျာထားဆောင်ရွက်ခဲ့ရာတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် ရိက္ခာရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် ကျောင်းဆောင်သစ်မပါဝင်သည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆက်လက်  လျာထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၁၂၀ × ၂၀× ၁၂)ပေ အုတ်ညှပ် နှစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းလျာထားရာ ချင်းပြည်နယ် ထန်တလန်မြို့တွင်  အခြေခံပညာ  ကျောင်းပေါင်း ခြောက်ကျောင်းကို ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်  ထန်တလန်မြို့  အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပေ(၁၂၀ × ၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင်၊ ပေ (၆၀ × ၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း  စာသင်ဆောင် နှစ်ဆောင်တွင်  စာသင်ခန်း ဧရိယာ ၄၃၂၀ စတုရန်းပေရှိပါကြောင်း၊  ကျောင်းသား ကျောင်းသူ ဦးရေအနေဖြင့် မူလတန်းအဆင့် တွင် ၂၅၃ ဦး၊ အလယ်တန်း အဆင့်တွင် ၄၀  စုစုပေါင်း ၂၉၃ ဦးရှိသည့်အတွက် စာသင်ခန်းအနေဖြင့် ဧရိယာမျှတပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထန်တလန်မြို့နယ်အတွက် အခြေခံပညာကျောင်းပေါင်း ခြောက်ကျောင်းကို  လျာထားပြီးဖြစ်သည့်အတွက်  ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ်ကို ၂၀၁၉-၂၀၂၀ တွင် လျာထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက်  အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က  လက်ခံဆွေးနွေးရန်  အဆို တင်သွင်းသည်။

**စာမျက်နှာ ၈ သို့ »»**

# e-Government နှင့် ဆိုက်ဘာလုံခြုံရေး

တည်ကြည်မောင်

**e-Government ဆိုသည်မှာ**

e-Government (သို့မဟုတ်) Electronic Government ဆိုသည်မှာ အီလက်ထရွန်နစ် နည်းပညာသုံး ခေတ်မီဆက်သွယ်ရေးစက်ပစ္စည်းများ၊ ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများ၊ ကွန်ပျူတာကွန်ရက်ဆိုင်ရာ စက်ပစ္စည်းများ၊ အိုင်စီတီနည်းပညာနှင့် အင်တာနက်နည်းပညာများ အစရှိသည်တို့ကိုအသုံးပြုကာ အစိုးရ၏ဝန်ဆောင်မှုများအား ပြည်သူများထံသို့ လျင်မြန်ကောင်းမွန်စွာပံ့ပိုးပေးသော စနစ်တစ်ရပ်ဖြစ်သည်။ အီလက်ထရွန်နစ် နည်းပညာထဲတွင်မှ အဓိကအားဖြင့် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုခြင်းဖြစ်သည့်အတွက် အချို့က Digital Government ဟူ၍လည်း ခေါ်ဆိုကြသည်။ ၂၀၀၆ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်သော အဓိပ္ပာယ်ဖွင့်ဆိုချက်အရ e-Government ဆိုသည်မှာ "အစိုးရ၏ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများအား ပြည်သူများထံသို့ပေးပို့ရာတွင် အင်တာနက်နှင့် World Wide Web (WWW) နည်းပညာကို အသုံးပြု ဆောင်ရွက်ခြင်း"ဟု အဓိပ္ပာယ်ရသည်။

သို့သော် ယနေ့ကမ္ဘာတွင် အိုင်စီတီနှင့် ကွန်ပျူတာနည်းပညာများ နေ့စဉ်နှင့်အမျှ တိုးတက်ဖွံ့ဖြိုးနေသည်ဖြစ်ရာ လက်တွေ့နယ်ပယ်တွင် e-Government လုပ်ငန်းများသည် အထက်ဖော်ပြပါအဓိပ္ပာယ်ဖွင့်ဆိုချက်ထက် ကျယ်ဝန်းသည့်သဘောကို ဆောင်နေပြီဖြစ်သည်။ e-Government လုပ်ငန်းများသည် အစိုးရနှင့် ပြည်သူများအကြား (G2C – Government to Citizen) ထက်ကျော်လွန်ကာ အစိုးရများအကြား (G2G – Government to Government)၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းများအကြား (G2B – Government to Business)၊ အစိုးရနှင့် ဝန်ထမ်းများအကြား (G2E - Government to Employees)ဟူ၍ ပုံစံမျိုးစုံဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။

အလွယ်ပြောရမည်ဆိုပါက e-Government စနစ်သည် နည်းပညာအားသာချက်ကိုအသုံးပြုကာ အစိုးရ၏လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ e-Government စနစ်ကို အောင်မြင်အောင် တည်ဆောက်အသုံးပြုခြင်းဖြင့် အစိုးရ၏ ယန္တရားအရွယ်အစားကို လျှော့ချနိုင်ခြင်း၊ အစိုးရ၏လုပ်ငန်းများကို ကုန်ကျစရိတ် ပိုမိုသက်သာစွာဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အစိုးရ၏ တာဝန်ယူ၊ တာဝန်ခံမှု မြင့်မားအောင် ဆောင်ရွက်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်နိုင်ခြင်း၊ အဂတိလိုက်စားမှုကို လျှော့ချနိုင်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားအောင် ဆောင်ရွက်နိုင်ခြင်း၊ ပြည်သူလူထု၏ တုံ့ပြန်မှုကို အလွယ်တကူ စစ်တမ်းကောက်ယူနိုင်ခြင်း၊ အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းများတွင် ပြည်သူလူထု၏ ပါဝင်မှုရယူနိုင်ပြီး ဒီမိုကရေစီဖော်ဆောင်ရေးတွင် အထောက်အကူပြုနိုင်ခြင်း၊ အစိုးရနှင့် အနယ်နယ်အရပ်ရပ်ရှိ ပြည်သူများအကြား အလှမ်းကွာဝေးမှုကို လျှော့ချနိုင်ခြင်း၊ ကြိုးနီစနစ်ကိုလျှော့ချနိုင်ခြင်း စသည်ဖြင့် မြောက်မြားလှသောအကျိုးကျေးဇူးများ ရရှိနိုင်သည်။

e-Government စီမံကိန်း အကောင်အထည်ဖော်နိုင်ခြင်းဖြင့် e-Citizen စနစ်၊ e-Service စနစ်၊ e-Administration စနစ်၊ e-Management စနစ်၊ e-Commerce စနစ်၊ e-Democracy စနစ်၊ e-Society စနစ်စသည့် အီလက်ထရွန်နစ် ဆက်သွယ်မှုနည်းပညာအခြေခံသောစနစ်များအားလုံးကို ကွဲကူးရေပါဆိုသကဲ့သို့ တစ်ပြိုင်နက်တည်း အောင်မြင်အောင် ဆောင်ရွက်လာနိုင်ဖွယ်ရာရှိပါသည်။

**မြန်မာနိုင်ငံ၏ e-Government ဖော်ဆောင်မှုလုပ်ငန်း**

မြန်မာနိုင်ငံတွင် e-Government စီမံကိန်းအား ၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သည်။ သို့သော် ၂၀၁၈ ခုနှစ်တွင် ၁၅ နှစ်တင်းတင်းရှိလာပြီဖြစ်သည့်တိုင် လက်ရှိအချိန်အထိ ထိရောက်အောင်မြင်စွာ အသုံးပြုနိုင်ခြင်းမရှိသေးသည်ကို စိတ်မကောင်းစွာ လေ့လာတွေ့ရှိရသည်။ ယင်းကာလများအကြားတွင် ထိုက်သင့်သည့် ငွေကြေးသုံးစွဲမှုများရှိခဲ့သော်လည်း (၁) လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုအပိုင်းတွင် အားနည်းခြင်းနှင့် (၂) ပြုပြင်ပြောင်းလဲမှုကို မလိုလားသည့် အင်အားစုများရှိခြင်းကြောင့် ယနေ့တိုင်မအောင်မြင်ရခြင်းဖြစ်သည်ဟု အကြမ်းဖျင်းသုံးသပ်နိုင်ပါသည်။

အကောင်အထည်ဖော်ဆောင်မှု အားနည်းသည်ဆိုရာတွင် လုံလောက်သည့်မူဝါဒများ ချမှတ်ဆောင်ရွက်မှုမရှိခြင်း၊ အားကောင်းသည့်အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးမှုမရှိခြင်း၊ ဗဟိုမှ ဦးစီးကြပ်မတ်မှုမရှိခြင်း၊ ကောင်းနိုးရာရာများကို ဌာနအလိုက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်ကြခြင်း၊ တိကျကောင်းမွန်သည့် "စံ"စနစ်တစ်ခုအပေါ်တွင် အခြေခံတည်ဆောက်မှုမရှိခြင်း၊ Master Plan များ ရေးဆွဲနိုင်သော်လည်း ရေးဆွဲထားသည့်အတိုင်း အကောင်အထည်ဖော်ဆောင်မှုမပြုနိုင်ခြင်း၊ သက်ဆိုင်ရာဌာနအလိုက် ဝန်ထမ်းအကြီးအကဲများ၏အားပေးမှု နည်းပါးခြင်း၊ နည်းပညာကျွမ်းကျင်မှု အားနည်းခြင်းကို လုံလောက်သည့်ဖြည့်ဆည်းမှုများ မဆောင်ရွက်နိုင်ခြင်း စသည်တို့ကြောင့်ဖြစ်သည်ဟု လေ့လာမိသည်။

ထို့အတူ ဌာနအသီးသီးတွင် ပြုပြင်ပြောင်းလဲမှုကို မလိုလားသည့် အင်အားစုများ အတန်အသင့်ရှိနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထိုအင်အားစုများ၏ ပူးပေါင်းပါဝင်မှု ရရှိအောင် ဆောင်ရွက်ရန်မှာ e-Government အောင်မြင်ရေးအတွက် လွန်စွာအရေးကြီးပါသည်။ ထိုအင်အားစုများထဲတွင် အစဉ်တစိုက်အသုံးပြုလာသော ရုံးလုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများကို စွန့်လွှတ်ကာ နည်းပညာအသစ်ကို လေ့လာ၍ ပြုပြင်ပြောင်းလဲဆောင်ရွက်လိုမှုမရှိသူများ၊ ကြိုးနီစနစ်တွင် ဆောင်ရွက်ရင်းဖြင့် တစ်ဦးချင်းစီတွင် ရရှိထားသည့် လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများဆုံးရှုံးကာ တစ်ဦးချင်းစီ၏ အရေးပါမှု လျော့ပါးသွားမည့်အရေးကို မလိုလားသည့်အတွက် မပြောင်းလဲလိုသူများ၊ တစ်ဦးချင်းစီ တာဝန်ယူထားရသည့် လုပ်ငန်းများ၊ သတင်းအချက်အလက်များ၊ မှတ်တမ်းများ၏ ပေါက်ကြားမည့်အရေးကို စိုးရိမ်သူများ စသည်ဖြင့် မတူညီသည့် အုပ်စုငယ်များစွာ တွေ့ရှိရပါသည်။ ၎င်းတို့အပြင် အဂတိလိုက်စားမှုကို နည်းလမ်းမျိုးစုံဖြင့် ကျင့်သုံးနေကြသူများကလည်း ထိုအခွင့်အရေးများ ဆုံးရှုံးသွားနိုင်မည်ဖြစ်သည့်အတွက် e-Government စနစ်သို့ မပြောင်းလိုကြသူများလည်း ရှိနိုင်ပါသည်။ ထို့ကြောင့် e-Government စနစ်သည် သာမန်အားဖြင့် လွယ်ကူယောင်ထင်ရသည့်တိုင် သိမ်မွေ့ရှုပ်ထွေးသည့် အခြေအနေများနှင့် ဆက်နွှယ်နေသည့်အတွက် e-Government စနစ် တည်ဆောက်ခြင်းနှင့်အတူ အစိုးရ၏ ဗျူရိုကရေစီစနစ်ပြုပြင်ပြောင်းလဲရေး၊ ဌာနများ၏ လုပ်ငန်းတာဝန်များ ပြင်ဆင် ပိုင်းခြားသတ်မှတ်ရေးများကို အကန့်အသတ်ဖြင့်ဖြစ်စေ တစ်ပြိုင်တည်း လေ့လာဆန်းစစ်ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။

**လက်နှိပ်စက်တော်လှန်ရေး**

ဥပမာတစ်ခုအနေဖြင့် ဌာနတိုင်းကြုံတွေ့ရသည့် နည်းပညာ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တစ်ခုကို တင်ပြလိုသည်။ လက်နှိပ်စက်တော်လှန်ရေးဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် ထုတ်လုပ်ခဲ့သည့် မိုက်ခရိုဆော့ကုမ္ပဏီ၏ Windows 95 ကွန်ပျူတာများ ကမ္ဘာတစ်ဝန်း လူသုံးများလာသည့်နောက် ၁၉၉၈ ခုနှစ်ဝန်းကျင်ခန့်မှစတင်ကာ ရုံးဌာနအချို့တွင် ကွန်ပျူတာများ စတင်မိတ်ဆက်လာကြသည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ဌာနများစွာသို့ ကွန်ပျူတာများ၊ ပရင်တာများ အလုံးအရင်းဖြင့် ဝင်ရောက်လာပြီး ယခင်အသုံးပြုနေကြသည့် လက်နှိပ်စက်များကို အစားထိုးသည့်ဖြစ်စဉ်ကို ရုံးဌာနတိုင်း ကြုံတွေ့ကြရသည်။ သို့သော် ၂၀၀၈ ခုနှစ်ဝန်းကျင်ခန့်အထိ အချို့သော ရုံးဌာနများတွင် လက်နှိပ်စက်များကို သူ့နည်း သူ့ဟန်ဖြင့် အသုံးပြုနေကြဆဲဖြစ်သည်ကို တွေ့ရှိရသည်။

အမှန်တကယ်တွင် လက်နှိပ်စက်များနေရာ၌ ကွန်ပျူတာများ အစားထိုးလာခြင်းသည် ယခင်ဆောင်ရွက်နေကြသည့် ရုံးလုပ်ငန်းပုံစံများကို များစွာသက်သာလွယ်ကူစေသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ရုံးများတွင် ကွန်ပျူတာများ၊ ပရင်တာများ ရှိနေသည့်တိုင် လက်နှိပ်စက်များကို မစွန့်လွှတ်နိုင်သေးဘဲ အသုံးပြုနေကြသည်မှာ အလေ့အထဟောင်းကို မစွန့်လွှတ်လိုမှု၊ လျှပ်စစ်မီးအကန့်အသတ်ဖြင့် ရရှိမှု၊ ကွန်ပျူတာအရေအတွက် အကန့်အသတ်ရှိမှု စသည်တို့ကြောင့်ဟု အကြမ်းဖျင်းသုံးသပ်ရသည်။ လက်နှိပ်စက်တော်လှန်ပြောင်းလဲရေးဖြစ်စဉ်သည် ရုံးဌာနများတွင် အောက်ခြေအဆင့်ရှိ စာရေးစာချီများကိုသာ အဓိကရိုက်ခတ်သည့် တော်လှန်ပြောင်းလဲမှုဖြစ်စဉ်တစ်ခုဖြစ်ရာ တုံ့ပြန်အင်အားစုများစွာကို မကြုံတွေ့ရဘဲ လွယ်ကူစွာ အသွင်ကူးပြောင်းနိုင်ခဲ့သည့်တိုင် အချိန်ကာလအားဖြင့် ၁၀ နှစ်ဝန်းကျင်ခန့် အချိန်ယူရသည်ဟု ဆိုရမည်ဖြစ်သည်။ e-Government ပြုပြင်ပြောင်းလဲရေးတွင်မူ နိုင်ငံရေးရာထူး ရယူထားသူများအပါအဝင် ဝန်ထမ်းအဆင့်အားလုံးအပေါ်တွင် ရိုက်ခတ်သည့် ပြုပြင်ပြောင်းလဲမှုဖြစ်သည့်အတွက် များစွာသော အကျိုးအမြတ်များ၊ လုပ်ပိုင်ခွင့်များ၊ အခွင့်အာဏာများနှင့် ဆက်စပ်နေသည့်အတွက် အထက်တွင် ဖော်ပြသည့်အတိုင်း သိပ်မွေ့သည်ဟု ဆိုရခြင်းဖြစ်သည်။ ထို့ကြောင့် လုံလောက်သော အင်အားဖြင့် စနစ်တကျ အကောင်အထည်ဖော်နိုင်မှသာ အချိန်တိုအတွင်း အောင်မြင်၍ e-Government စနစ်၏ အကျိုးကျေးဇူးများကို အမှန်တကယ် ရရှိခံစားနိုင်မည် ဖြစ်သည်။ သို့မဟုတ်ပါက ပြီးခဲ့သည့် ၁၅ နှစ် ကာလကဲ့သို့ပင် ငွေကုန်လူပန်း အကျိုးမရှိ ဖြစ်သွားနိုင်သည်။

**ကမ္ဘာ့အဆင့်သတ်မှတ်ချက်နှင့် မြန်မာ့နေရာ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ၂၀၁၆ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံ ၁၉၃ ၏ e-Government အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို စစ်တမ်းကောက်ယူအမှတ်ပေးရာ မြန်မာနိုင်ငံသည် ၁၆၉ အဆင့်တွင်သာရှိပြီး အရည်အသွေးနိမ့် နိုင်ငံစာရင်းတွင်သာ ရှိနေသေးသည်။ ကမ္ဘာ့အဆင့် နံပါတ် ၁ သည် ဗြိတိန်နိုင်ငံဖြစ်ပြီး ဩစတြေးလျ အဆင့် ၂ နှင့် တောင်ကိုရီးယား အဆင့် ၃ ဖြစ်သည်ကို တွေ့ရှိရသည်။ အမေရိကန်နိုင်ငံသည်ပင် အဆင့် ၁၂ တွင်ရှိနေသည်။ သို့သော် အဆင့် ၁ မှ ၂၉ အထိ နိုင်ငံများကိုမူ e-Government ဖော်ဆောင်မှု လွန်စွာအဆင့်မြင့်မားသောနိုင်ငံများအဖြစ် သတ်မှတ်ထားသည်။ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် စင်ကာပူ အဆင့် ၄၊ တရုတ် အဆင့် ၆၃၊ ဗီယက်နမ် အဆင့် ၈၉၊ အိန္ဒိယ အဆင့် ၁၀၇၊ မလေးရှား အဆင့် ၆၀၊ ထိုင်း အဆင့် ၇၇၊ အင်ဒိုနီးရှား အဆင့် ၁၁၆ စသည်ဖြင့် တွေ့ရှိရသည်။ သို့ဖြစ် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင့်ထက် ဒေသတွင်းအဆင့်မှာပင် များစွာနောက်ကျနေသည်ကို တွေ့မြင်နိုင်သည်။

သို့သော် အားသာချက်တစ်ခုမှာ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းဆက်သွယ်မှုများ လွန်စွာဈေးသက်သာသွားသည့်အတွက် အနယ်နယ်အရပ်ရပ်ရှိ ပြည်သူများ အင်တာနက်သုံးနိုင်လာပြီဖြစ်ကာ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုနိုင်မှုကွာဟချက်ကို လျှော့ချလိုက်နိုင်ပြီဖြစ်သည်။ ယင်းကို e-Government အောင်မြင်ရေးအတွက် အခြေအနေကောင်းတစ်ခုအဖြစ် မှတ်ယူနိုင်သည်။ မြန်မာလူငယ်များသည် အိုင်စီတီလုပ်ငန်းများကို လွန်စွာစိတ်ဝင်စားကြသည်မှာလည်း နိုင်ငံအတွက် အားသာချက်တစ်ခု မှတ်ယူနိုင်မည်ဖြစ်သည်။ အဆိုပါလူငယ်ထုအတွင်းမှ တိမ်မြုပ်နေသည့် ရွက်ပုန်းသီးထူးချွန်လူငယ်များကို ဖော်ထုတ်ကာ ၎င်းတို့၏အားကိုရယူ၍ နိုင်ငံတည်ဆောက်ရေးတွင် အသုံးပြုနိုင်ရန် ကြိုးပမ်းသင့်သည်။ အိန္ဒိယနိုင်ငံတွင် ဆောင်ရွက်နေသည့် ပြင်ပထွက်အရင်းအမြစ်ရှာသည့် လုပ်ငန်းများနည်းတူ မြန်မာလူငယ်များအတွက်လည်း အလားတူ အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပေးသင့်သည်။ ထို့အတူ ရုံးဌာနများတွင် ဝယ်ယူတပ်ဆင်ထားသည့် စက်ပစ္စည်းများကို ပြန်လည်ဖော်ထုတ်စိစစ်ကာ စနစ်တကျနှင့် နေရာတကျ ပြန်လည်အသုံးပြုကာ e-Government တည်ဆောက်မှုတွင် ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်သင့်သည်။

e-Government လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရတစ်ခုတည်းမရဘဲ ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုကိုလည်း ရယူဆောင်ရွက်နိုင်မှသာ နောက်ကျနေသည့် မြန်မာ့ e-Government ကဏ္ဍနှင့် အိုင်စီတီကဏ္ဍတစ်ရပ်လုံးသည် ဖားခုန်စနစ်ဖြင့် ရှေ့သို့ ခုန်ပျံကျော်လွှား တိုးတက်ကာ အခြားသော ကမ္ဘာ့ထိပ်တန်းနိုင်ငံများနှင့် ယှဉ်နိုင်သည့် အခြေအနေသို့ရောက်ရှိနိုင်မည် ဖြစ်သည်။ မိမိတို့တွင် ရှိသည့် အားသာချက်များကို အမိအရဆုပ်ကိုင်ကာ အားနည်းချက်များကို ဖြည့်ဆည်း၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်နိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ e-Government စနစ်သည် ဒေသတွင်းနိုင်ငံများနှင့် ယှဉ်နိုင်သည့်အဆင့်တစ်ခုကို အချိန်တိုအတွင်း ရောက်နိုင်ပေသည်။

**ဆိုက်ဘာလုံခြုံရေးဆိုသည်မှာ**

e-Government ဖော်ဆောင်သည်နှင့် မဖြစ်မနေ လိုက်ပါဆောင်ရွက်ရမည့် ကြီးမားသောကဏ္ဍတစ်ခုမှာ ဆိုက်ဘာလုံခြုံရေး ဖြစ်သည်။ ဆိုက်ဘာလုံခြုံရေးကို အင်တာနက်အပါအဝင် ကွန်ပျူတာကွန်ရက်များ၏ လုံခြုံရေးဟု အကြမ်းဖျင်းနားလည်နိုင်ပါသည်။ ကမ္ဘာတွင် ဆိုက်ဘာလုံခြုံရေးကဏ္ဍကို အမျိုးသားလုံခြုံရေး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် သတ်မှတ်၍ အလေးထား ဆောင်ရွက်လာကြပြီ ဖြစ်သည်။ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင် ကဏ္ဍနှစ်ရပ်လုံးရှိ စီးပွားရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ အစရှိသည်တို့သည် ဆိုက်ဘာ ကမ္ဘာပေါ်တွင် တစ်နေ့တခြား တိုးမြှင့်အခြေပြုတည်ဆောက်နေကြပြီ ဖြစ်သည်။ သို့ဖြစ်၍ ဆိုက်ဘာလုံခြုံရေးသည် သာမန်ကဏ္ဍတစ်ခု မဟုတ်တော့ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် တိုက်ရိုက်ဆက်စပ်နေသည့် အမျိုးသားလုံခြုံရေးကဏ္ဍတစ်ရပ်ဖြစ်လာပြီ ဖြစ်သည်။

နည်းပညာဖွံ့ဖြိုးမှုနှင့်အတူ နိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားသည် ပြင်ပကမ္ဘာထက် Virtual World ဖြစ်သော ဆိုက်ဘာကမ္ဘာပေါ်သို့ ပြောင်းရွှေ့တည်ရှိလာနေပြီဖြစ်ရာ ပြိုင်ဘက်နိုင်ငံများ၊ အဖွဲ့အစည်းများ၏ ဦးတည်တိုက်ခိုက်လာမည့်အန္တရာယ်မှ ကောင်းစွာကာကွယ်နိုင်ရန် ပြင်ဆင်ဖို့လိုအပ်လာပါသည်။ အနာဂတ်တွင် နိုင်ငံများအကြား စစ်ဆင်မှုများသည် သမားရိုးကျရုပ်ကမ္ဘာတွင် စစ်ဆင်မှုများနှင့်အတူ ဆိုက်ဘာကမ္ဘာမှပါ စစ်ဆင်မှုများကို ပေါင်းစပ်ကျင့်သုံး တိုက်ခိုက်လာနိုင်ဖွယ်ရှိကြောင်း ပညာရှင်များက သုံးသပ်ထားကြသည်။ သို့ဖြစ်၍ အချို့သော နိုင်ငံများတွင် တပ်မတော်၏ ဖွဲ့စည်းပုံအတိုင်း ဆိုက်ဘာတပ်ဖွဲ့များကို ဖွဲ့စည်းကာ ခုခံကာကွယ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိနေကြသည်ကို တွေ့ရှိရသည်။

စာမျက်နှာ ၇ သို့ ❖

> နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံစီးပွားကောင်းမွန်ရေး၊ ဒီမိုကရေစီနိုင်မာအားကောင်းရေး၊ ထိရောက်သည့် အစိုးရယန္တရားစနစ်တစ်ရပ် ပေါ်ပေါက်လာရေး၊ ပွင့်လင်းမြင်သာမှုရှိပြီး အဂတိကင်းစင်သော အစိုးရစနစ်ဖြစ်ထွန်းရေး စသည်တို့အတွက် e-Government စနစ်ကို မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်းနှင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်း လွန်စွာသတိထား၍ အင်တိုက်အားတိုက်ဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ပါကြောင်း...

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

( ၂၀၁၈ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ် ၊ လ ရက်

( ၂၀၁၈ ခုနှစ် ၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် **နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင်** မိမိ သဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ အောက်ပါအချက်များပါရှိသော အသိပေးတင်ပြချက်ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ ဆောင်ရွက်မည့်နေ့မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ စာဖြင့် ပေးပို့တင်ပြရမည်။ စီတန်းလှည့်လည်ရာတွင် ဖြတ်သန်းလိုသည့် မြို့နယ်များရှိပါက သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ၄၈ နာရီ ကြိုတင်၍ အသိပေးတင်ပြချက်မိတ္တူကို ပေးပို့ရမည်-"

၃။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်မည့် အစီအစဉ်၊ ခန့်မှန်းလူဦးရေ၊ **ခန့်မှန်းကုန်ကျစရိတ်နှင့် ကုန်ကျခံမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၊**"

၄။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအခန်း(၇) ပြစ်မှုနှင့် ပြစ်ဒဏ်များ ခေါင်းစဉ်၏အောက်တွင် ပုဒ်မ ၁၈ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"၁၈။ မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးတို့ကို ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေ၊ ထိုသို့ ပျက်ပြားတန်ရာသော အခြေအနေဖြစ်နိုင်ကြောင်း သိလျက်နှင့်ဖြစ်စေ ငွေ သို့မဟုတ် ပစ္စည်းကို သော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုကိုသော် လည်းကောင်း သုံးစွဲ၍ သူတစ်ဦးဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း သို့မဟုတ် တိုက်တွန်းခြင်းကို ပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"**

၅။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုင်ရာဥပဒေ ပုဒ်မ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇နှင့် ၂၈ တို့ကို ပုဒ်မ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ နှင့် ၂၉ တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၆။ ပြန်လည်အမှတ်စဉ်ထားသည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေတွင် -

(က) ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ပုဒ်မ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၂ တို့ကို ရဲအရေးယူပိုင်ခွင့် ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။"

(ခ) ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ မည်သူမဆို ပုဒ်မ ၁၈ မှအပ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ပြစ်မှုကျူးလွန်သည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့ရမည်။"

(ဂ) ပုဒ်မ ၂၅ ပါ **"ပုဒ်မ ၁၈ နှင့် ၁၉"** ဆိုသည့်စကားရပ်ကို **"ပုဒ်မ ၁၉ နှင့် ၂၀"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သက်ငယ်မုဒိမ်းကျူးလွန်သူများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သက်ငယ်မုဒိမ်းကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ် အရေးယူနိုင်ရေးနှင့် ထိရောက်သောပြစ်ဒဏ်များ ချမှတ်နိုင်ရေး သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**သက်ငယ်မုဒိမ်းကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်အရေးယူနိုင်ရေးနှင့် ထိရောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေးသတင်းထုတ်ပြန်ချက်**

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**သတင်းထုတ်ပြန်ချက် (၃/၂၀၁၈)**

၁။ လူမှုကွန်ရက်မီဒီယာများနှင့် သတင်းဂျာနယ်များတွင် သက်ငယ်မုဒိမ်းမှုများဖြစ်ပွားနေသည့် သတင်းများကို မကြာခဏ တွေ့ရှိနေရပါသည်။ သက်ငယ်မုဒိမ်းမှုများကို ၂၀၁၆ ခုနှစ်က ၆၇၁ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၈၉၇ မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ၂၂၆ မှု ပိုမိုလာပါသည်။ အသက် ၁၆ နှစ်အထက် မုဒိမ်းမှုမှာ ၂၀၁၆ ခုနှစ်တွင် ၄၂၉ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၅၀၈ မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ၇၉မှု ပိုမိုလာပါသည်။ မုဒိမ်းမှုစုစုပေါင်းမှာ ၂၀၁၆ ခုနှစ်က ၁၁၀၀ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၁၄၀၅ မှုဖြစ်ပွားခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် ၃၀၅မှု ပိုမိုလာသည်ကို တွေ့ရှိရပါသည်။

၂။ ထိုကဲ့သို့ သက်ငယ်မုဒိမ်းမှုများနှင့် ၁၆ နှစ်အထက် မိန်းကလေးများ မုဒိမ်းကျင့်ခံရခြင်းသည် ကလေးသူငယ်များအပါအဝင် အမျိုးသမီးအခွင့်အရေးများ ထိခိုက်မှုပင်ဖြစ်ပါသည်။ အချို့အမှုများတွင် မုဒိမ်းမှုကျူးလွန်သည့်အပြင် ပစ္စည်းလုယက်ခြင်း၊ လူသတ်၍ အလောင်းဖျောက်ခြင်း စသည့် ရက်စက်သော ရာဇဝတ်မှုများကိုပါ ကျူးလွန်လာသည်ကိုလည်း တွေ့ရှိရပါသည်။ ယင်းဖြစ်ရပ်များသည် ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသည့်အပြင် မိဘများအတွက် စိုးရိမ်သောက ရောက်နေရသည့် အခြေအနေများ ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ အဆိုပါ မုဒိမ်းမှုကျူးလွန်မှုများ၊ အထူးသဖြင့် သက်ငယ်မုဒိမ်းမှုကျူးလွန်မှုများကို မဖြစ်ပွားစေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုတင်ကာကွယ်မှုများပြုလုပ်ကြပြီး ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးနိုင်ရေး ပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် ပြစ်မှုကျူးလွန်သူများကို ထိရောက်ပြင်းထန်စွာ ပြစ်ဒဏ်ပေးနိုင်ရေး ဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာ တာဝန်ရှိသူများသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တာအပ်ချုပ်စက်အဆင့်မြင့်သင်တန်းဖွင့်

**သထုံ ဖေဖော်ဝါရီ ၁၉**

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာအပ်ချုပ်စက်(အဆင့်မြင့်) သင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ သထုံခရိုင် မြို့နယ်လေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



**ဖေဖော်ဝါရီ ၁၈ ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် (၁၂) ရပ်ကွက် ကာယသုခလမ်း ဓမ္မသုခဓမ္မာရုံ၌ ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းထွန်းအောင်က သက်ငယ်မုဒိမ်းမှုကျဆင်းရေးနှင့် မှုခင်းကျဆင်းရေး ဟောပြောစဉ်။**

ကြေးမုံ

❖ စာမျက်နှာ ၆ မှ

## ကမ္ဘာတွင် မြန်မာ၏ဆိုက်ဘာလုံခြုံရေးအဆင့်

ဖွံ့ဖြိုးပြီး ကမ္ဘာ့ထိပ်တန်းနိုင်ငံများကို အသာထားဦး အိမ်နီးချင်း အာဆီယံနိုင်ငံများကို လေ့လာကြည့်မည် ဆိုလျှင်ပင် မြန်မာနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးကဏ္ဍသည် များစွာနောက်ကျနေပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားသွန်ဆောင်ရွက်ဖို့ လိုအပ်နေပါသေးသည်။ ကုလသမဂ္ဂ အောက်ရှိ အဖွဲ့အစည်းတစ်ခုဖြစ်သော နိုင်ငံတကာသတင်းနှင့် ဆက်သွယ်ရေးသမဂ္ဂ (International Telecommunication Union - ITU) က အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၅ နိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို အကဲဖြတ်အမှတ်ပေးကာ "၂၀၁၇ ခုနှစ် ဆိုက်ဘာလုံခြုံရေးညွှန်းကိန်း"ကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံများ၏ ဆိုက်ဘာလုံခြုံရေးညွှန်းကိန်းကို တိုင်းတာရာတွင် မဏ္ဍိုင်ကြီး ငါးရပ်အပေါ် အခြေခံတိုင်းတာသည်ဟုလည်း ဆိုသည်။ ယင်းမဏ္ဍိုင်ကြီး ငါးရပ်မှာ-

(က) ဥပဒေဆိုင်ရာ (Legal)၊
(ခ) နည်းပညာဆိုင်ရာ (Technical)၊
(ဂ) အဖွဲ့အစည်းဆိုင်ရာ (Organizational)၊
(ဃ) လူသားစွမ်းအင်မြှင့်တင်မှုဆိုင်ရာ (Capacity Building)နှင့်
(င) ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ (Cooperation)

တို့ဖြစ်သည်။

ဥပဒေဆိုင်ရာတိုင်းတာမှုတွင် ဆိုက်ဘာရာဇဝတ်မှုဆိုင်ရာဥပဒေများ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ဆိုက်ဘာလုံခြုံရေးလေ့ကျင့်သင်ကြားမှုများနှင့် သက်ဆိုင်သည့်ဥပဒေများ ရေးဆွဲထားခြင်းရှိ မရှိ၊ ခိုင်မာအားကောင်းမှုရှိ မရှိတို့ကို အကဲဖြတ်ခြင်းဖြစ်သည်။ နည်းပညာပိုင်းဆိုင်ရာ အကဲဖြတ်ရာတွင် CIRT (Computer Incidents Response Team) အဖွဲ့များနှင့် CERT (Computer Emergency Response Team) များကို နိုင်ငံတော်အဆင့်၊ ဒေသန္တရအဆင့်၊ ဌာနအဖွဲ့အစည်းအဆင့် စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများ၊ ဆိုက်ဘာအဖွဲ့အစည်းများ ဖွဲ့စည်းရန် စံသတ်မှတ်ချက်များ၊ ဆိုက်ဘာကျွမ်းကျင်ပညာရှင်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ၊ ကလေးသူငယ်များကို ဆိုက်ဘာလုံခြုံမှုရှိရန် ကာကွယ်ဆောင်ရွက်ထားမှုများ စသည်တို့ကို တိုင်းတာအကဲဖြတ်သည်။ အဖွဲ့အစည်းဆိုင်ရာတိုင်းတာရာတွင် ဖွဲ့စည်းထားရှိသည့် အဖွဲ့များ၏ မဟာဗျူဟာချမှတ်ဆောင်ရွက်နေမှု၊ ဆိုက်ဘာလုပ်ငန်းအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိမှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာရှုထောင့်များဖြင့် တိုင်းတာအမှတ်ပေးသည်။

လူသားများ၏ စွမ်းအင်မြှင့်တင်မှုဆိုင်ရာကဏ္ဍတွင် စံသတ်မှတ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ကောင်းမွန်သည့် အလေ့အထများ ကျင့်သုံးမှု၊ သုတေသန ဆောင်ရွက်နေမှုအခြေအနေများ၊ အများပြည်သူသို့ ပညာပေးဆောင်ရွက်မှု၊ ဆိုက်ဘာကျွမ်းကျင်ပညာရှင်များ လေ့ကျင့်ပျိုးထောင်နေမှု၊ အမျိုးသားပညာရေးတွင် ထည့်သွင်းပါဝင်မှုနှင့် ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားပေးမှုအခြေအနေများ၊ မက်လုံးပေး၊ အားပေးဆောင်ရွက်နေမှုအခြေအနေများနှင့် အခြားနိုင်ငံများမှ ကူးယူခြင်းမပြုဘဲ မိမိနိုင်ငံမှာပင် တီထွင်ဖော်ထုတ်နိုင်မှုအခြေအနေများ စသည်တို့အပေါ် မူတည်ကာ တိုင်းတာအမှတ်ပေးသည်။ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍအား အမှတ်ပေးရာတွင် နိုင်ငံများအကြားတွင် သဘောတူစာချုပ်များ ချုပ်ဆိုဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတကာတွင် ပူးပေါင်းပါဝင်နေသည့် အခြေအနေများ၊ အစိုးရအနေဖြင့် ဆိုက်ဘာလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ နိုင်ငံရှိ ဆိုက်ဘာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ စသည်တို့ကို အကဲဖြတ်တိုင်းတာအမှတ်ပေးခြင်း ဖြစ်သည်။

အဆိုပါတိုင်းတာချက်တွင် စင်ကာပူနိုင်ငံသည် ကမ္ဘာ့အဆင့် နံပါတ် ၁ တွင် ရှိနေသည်။ အမေရိကန်နိုင်ငံသည်ပင် စင်ကာပူ၏နောက် ဒုတိယနေရာတွင်သာ ရှိသည်ကို တွေ့ရှိရသည်။ ယင်းတို့နောက်တွင် အာဆီယံနိုင်ငံတစ်ခုဖြစ်သည့် မလေးရှားက တတိယလိုက်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများကို လေ့လာကြည့်ရာတွင် ထိုင်းနိုင်ငံ အဆင့်၂၀၊ အိန္ဒိယ အဆင့် ၂၁၊ တရုတ် အဆင့် ၃၂၊ ဖိလစ်ပိုင် အဆင့် ၃၇၊ ဘရူနိုင်း အဆင့် ၅၃၊ ဘင်္ဂလားဒေ့ရှ် အဆင့် ၅၃၊ အင်ဒိုနီးရှား အဆင့် ၇၀၊ သီရိလင်္ကာ အဆင့် ၇၂၊ လာအို အဆင့် ၇၇၊ ကမ္ဘောဒီးယား အဆင့် ၉၂၊ ဗီယက်နမ် အဆင့် ၁၀၁ နှင့် အရှေ့တီမော အဆင့် ၁၆၂ အသီးသီးရှိကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံသည် အဆင့် ၁၀၀ တွင်ရှိနေရာ အာဆီယံနှင့် ဒေသတွင်းတွင် မြန်မာ၏နောက်၌ ဗီယက်နမ်နှင့် အရှေ့တီမောတို့သာရှိကြောင်း လေ့လာတွေ့ရှိရသည်။

သို့သော် မကြာသေးမီရက်ပိုင်းအတွင်းက ဗီယက်နမ်နိုင်ငံသည် ဆိုက်ဘာလုံခြုံရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ဆိုက်ဘာတပ်ဖွဲ့တစ်ခု ဖွဲ့စည်းဆောင်ရွက်ကာ တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့်အထိ ခန့်အပ်တာဝန်ပေးထားသည်ကို တွေ့ရှိရသည်ဖြစ်ရာ ဗီယက်နမ်နိုင်ငံ၏ ဆိုက်ဘာလုံခြုံရေး ကြိုးပမ်းမှုများသည် လက်တွေ့တွင် မြန်မာနိုင်ငံထက် သာကောင်းသာနေနိုင်ပြီ ဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံစီးပွားကောင်းမွန်ရေး၊ ဒီမိုကရေစီခိုင်မာအားကောင်းရေး၊ ထိရောက်သည့် အစိုးရယန္တရားစနစ်တစ်ရပ် ပေါ်ပေါက်လာရေး၊ ပွင့်လင်းမြင်သာမှုရှိပြီး အဂတိကင်းစင်သော အစိုးရစနစ်ဖြစ်ထွန်းရေး စသည်တို့အတွက် e-Government စနစ်ကို မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်းနှင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်း လွန်စွာသတိထား၍ အင်တိုက်အားတိုက်ဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

### ☆ ချင်းအမျိုးသားနေ့မှ

ချင်းအမျိုးသားနေ့ သတ်မှတ်ရေးအဆိုတွေ တင်သွင်းမှုအပေါ် တက်ရောက်လာကြတဲ့ အမတ်အားလုံးရဲ့ ဆန္ဒကို ရယူပြီး ဖလမ်းမြို့မှာ လူထုညီလာခံတစ်ရပ် ကျင်းပခဲ့ပါတယ်။ အဲဒီလူထုညီလာခံကျင်းပခဲ့တဲ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို “ချင်းအမျိုးသားနေ့” အဖြစ် ရွေးချယ်သတ်မှတ် အတည်ပြုခဲ့ကြပါတယ်။ ၁၉၄၈ခုနှစ်ကို အစပြုပြီး သတ်မှတ်ခဲ့တဲ့ ချင်းအမျိုးသားနေ့ဟာ ယခုနှစ်ဆိုရင်နှစ် (၇၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ချင်းအမျိုးသားနေ့ဟာ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနဲ့ ရိုးရာဓလေ့ထုံးတမ်းအရ တူညီတဲ့မျိုးနွယ်စုအားလုံး ပါဝင်တဲ့ ချင်းလူမျိုးတို့ရဲ့ နေ့ထူးနေ့မြတ်လည်း ဖြစ်ပါတယ်။

နယ်ချဲ့တော်လှန်ရေးတိုက်ပွဲတွေမှာ ပြည်ထောင်စုသား တိုင်းရင်းသားများနဲ့အတူ လက်တွဲပူးပေါင်းပါဝင်ခဲ့ကြတဲ့ ချင်းတိုင်းရင်းသားတွေကို ခေါင်းဆောင်ခဲ့တဲ့ ချင်းအမျိုးသားခေါင်းဆောင်တွေဖြစ်တဲ့ ဗိုလ်ကြွန်ဘိတ်ခ် နဲ့ ဗိုလ်ခိုင်ကမ်းတို့ဟာ ချင်းတိုင်းရင်းသားတို့အတွက် ဂုဏ်ယူဖွယ်ရာအတိ ဖြစ်ပါတယ်။ ဒ့ါအပြင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ချုပ်ဆိုခဲ့တဲ့ ပင်လုံစာချုပ်မှာလည်း ပြည်မတောင်တန်း အတူတကွ လွတ်လပ်ရေး ရယူဖို့ကို ချင်းအမျိုးသား ကိုယ်စားလှယ်တွေဖြစ်တဲ့ ဦးလှုရ်မှုန်၊ ဦးထောင်ဇာခုပ်နဲ့ ဦးကီယိုမန်းတို့ဟာ အနာဂတ် ပြည်ထောင်စုအတွက် ရဲရဲဝံ့ဝံ့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြတာဟာလည်း ချင်းအမျိုးသားများရဲ့ ကြိုတင်မြော်တွေးနိုင်မှု တစ်ခုအဖြစ် မှတ်ကျောက်တင်ရမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်ဟာ သဘာဝပထဝီအနေအထားအရ မြောက်မှတောင်သို့ သွယ်တန်းနေတဲ့ အနောက်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်ကိုစီးဝင်နေတဲ့ ကုလားတန်မြစ်၊ ရှားပါးအပင်များ ပေါက်ရောက်ရာနဲ့ ရှားပါးသတ္တဝါများ ခိုအောင်းရာ ခေါ်နူးစုမ်တောင်၊ ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားတဲ့ စစ်မြေပြင် ကနေဒီတောင်ထိပ်၊ လှပတဲ့ ရိဒ်ရေကန်၊ တသွင်သွင်စီးဆင်းနေတဲ့ မဏိပူရမြစ်၊ ဘွေနုမြစ်၊ ဘုံတလာရေတံခွန် စတဲ့ သဘာဝအရင်းအမြစ်များ နဲ့ မြေပေါ်မြေအောက် သယံဇာတများ တည်ရှိရာနေရာတစ်ခု ဖြစ်ပါတယ်။

မိမိတို့ အစိုးရအနေနဲ့ ချင်းတိုင်းရင်းသားလူမျိုးတို့ရဲ့ မူလဌာနေဖြစ်တဲ့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူများရဲ့ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြနဲ့ ကျေးလက် ဖွံ့ဖြိုးတိုးတက်မှုနဲ့ မြို့နယ်အသီးသီးကြား ဖွံ့ဖြိုးတိုးတက်မှုတို့ တစ်ပြေးညီဖြစ်စေဖို့ အခြေခံပညာ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ဆရာ ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနဲ့ ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

ချင်းပြည်နယ်သဘာဝပထဝီအနေအထားအရ မြင့်မားတဲ့တောင်တန်း၊ တောင်စွယ်များရှိနေတဲ့အတွက် တစ်နေရာမှ တစ်နေရာသို့ သွားလာရေးခက်ခဲလှတဲ့ အခြေအနေရှိနေပေမယ့်လည်း ချင်းပြည်နယ်အနှံ့အပြားသို့ မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ဖို့ စီမံဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒ့ါအပြင် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်စေဖို့ ပြည်မနဲ့ လွယ်ကူစွာဆက်သွယ်သွားလာနိုင်တဲ့ အဝေးပြေးလမ်းများ၊ ပြည်နယ်အတွင်း လမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်ကနေ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးနဲ့ ဆက်သွယ်သွားလာနိုင်မယ့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနဲ့ ပလက်ဝမြို့ ဆိပ်ကမ်းတည်ဆောက်ခြင်း၊ ဖလမ်းမြို့မှာ ချင်းပြည်နယ်ရဲ့ ပထမဆုံး လေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ဟားခါး၊ ဖလမ်းနဲ့ ပလက်ဝ မြို့ပြစီမံကိန်း အကောင် အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုအခါ ကဏ္ဍအလိုက် သိသာထင်ရှားတဲ့ ဖွံ့ဖြိုးတိုးတက် မှုများလည်း ရရှိနေပြီဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်အတွင်းမှာ မတူပီမြို့ကို ခရိုင်အဆင့်အဖြစ်နဲ့ မကွီအိမ်နူးကျေးရွာနဲ့ နှာဟရိန်ကျေးရွာတို့ကို မြို့အဆင့်အဖြစ် တိုးမြှင့်ဖွဲ့စည်းခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက် ရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နဲ့အတူ တိုင်းရင်းသားပြည်သူများကလည်း လက်တွဲကြိုးပမ်းဆောင် ရွက်သွားကြဖို့ လိုအပ်ပါတယ်။

ချင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုကလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးထားပြီး နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်း သားများနှင့်အတူ လက်တွဲပြီး တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာတဲ့ လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေကြပြီ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တနေတဲ့၊ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကိုအာမခံချက်ပေးနိုင်မယ့်၊ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ခိုင်မာစွာ တည်ဆောက်နိုင်မယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်နိုင်ရေးကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နိုင်ငံရေးဆွေးနွေးပွဲများနှင့်ပတ်သက်ပြီး ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ချင်းတိုင်းရင်းသားများကလည်း လက်တွဲမဖြုတ်စတမ်း ခိုင်မာတဲ့ ပြည်ထောင်စု စိတ်ဓာတ်နဲ့ ဆက်လက်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြဖို့ လေးနက်စွာတိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာ ပေးပို့အပ်ပါတယ်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

»» စာမျက်နှာ ၅ မှ

ယင်းအဆိုနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က ထောက်ခံသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းအား လက်ခံ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူ ရာ လွှတ်တော်ကသဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ် ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT(OVOP) ကျေးလက် ဒေသ ဖွံ့ဖြိုးရေးမဟာဗျူဟာ (RURAL DEVEL OPMENT STRATEGY)အစီအစဉ်အား ဆင်းရဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်က One Village One Product စနစ်သည် သုတေသနပြုမှတ်တမ်းများအရ ၁၉၇၉ ခုနှစ် ဂျပန်နိုင်ငံ (အိုအိတ) ခရိုင်မှ စတင်ခဲ့သည်ဟု ဆိုပါကြောင်း၊ ဂျပန် နိုင်ငံသည် ကျွန်းများနှင့် စုဖွဲ့ထားသည့် တိုင်းပြည်ဖြစ်သကဲ့ သို့ သဘာဝရေခံမြေခံသည်လည်း အထူးကောင်းမွန်သည် ဟု ဆိုကြပါကြောင်း၊ စီမံကိန်းစတင်သည့်နှစ်တွင် အခက် အခဲ စိန်ခေါ်မှုများဖြစ်ခဲ့သော်လည်း ဒုတိယ၊ တတိယ နှစ်တွင် အခက်အခဲအားလုံးကို ကျော်လွှားနိုင်သည့်အပြင် မထင်မှတ်သည့် အကျိုးအမြတ်ရသွားပါကြောင်း၊ စီမံကိန်း ကို အောက်ခြေအဆင့်မြေပေါ်တွင် ဆောင်ရွက်ကြသည့် ရွာသူရွာသားများအားလုံး တစ်စိတ်တစ်ဝမ်းတည်း ဖြစ်သွား ခြင်းသည် ထူးခြားသည့် အမျိုးသားရေးစိတ်ဓာတ်ဖြစ်ပါ ကြောင်း၊ ပြည်ပသို့တင်ပို့သည့် အိတ်စ်ပို့ ဖရဲသီးကို ကွန်တိန်နာထဲဆန့်အောင် လေးထောင့်ပုံဖြစ်အောင် ထုတ်လုပ်ကြပါကြောင်း၊ ဂျပန်၏ နည်းပညာစနစ်ကို အခြေခံရယူပြီး ၁၉၉၃ ခုနှစ်တွင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ ၂၀၀၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံ၊ ၂၀၀၆ ခုနှစ် တွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်၊ ၂၀၀၇ ခုနှစ်တွင် မလေးရှားနှင့် ကမ္ဘောဒီးယား၊ ၂၀၁၂ ခုနှစ်တွင် လာအိုနှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ စသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ OVOP အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါကြောင်း။

မိမိတို့နိုင်ငံတွင် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ သမဝါယမဌာနတို့မှတစ်ဆင့် မတည်ရင်းနှီးငွေချေးပေး သည့် အတိုးစနစ်အစား၊ အလွန်သက်သာပြီး တွက်ခြေ ကိုက်မည့် အတိုးငွေနှင့် OVOP စနစ်ကို ကျကျနန အကောင်အထည်ဖော်စေလိုပါကြောင်း၊ ဆန်စပါး မျိုးကောင်းနှင့် တင်ပို့မှုတွင် အရည်အသွေးကောင်းသည့် ဆန်ကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် အဓိကထုတ်လုပ်ပါကြောင်း၊ သစ်သီးဝလံစားသောက်ကုန်များကို တခြားပြည်နယ်များက ထုတ်လုပ်ပြီး ရေသယံဇာတကို တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများက ထုတ်လုပ်ပါကြောင်း၊ သဘာဝတွင်းထွက်ရတနာများကို သက်ဆိုင်ရာပြည်နယ် များတွင် ကုန်ကြမ်းအဆင့်သာမက အဖိုးတန် ကုန်ချော ဈေးကွက်ဝင်အောင် နည်းပညာမြှင့်တင်ပြီး ထုတ်လုပ်ပါ ကြောင်း၊ တနင်္သာရီကမ်းရိုးတန်းကထွက်သည့် ပင်လယ် ငါးခူ၊ ငါးကွမ်းရှပ်၊ ငှက်သိုက်၊ ကဏန်းပျော့များသည် တန်ဖိုးမြင့် ထုတ်ကုန်များဖြစ်ပါကြောင်း၊ ဒေသအလိုက် တစုတဝေးတည်း စုစည်းပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်ရန် ရင်းနှီးမတည်ငွေ အဓိကလိုအပ်ပါကြောင်း၊ ထို့ကြောင့် အစိုးရလခစားအလုပ်မျိုးမဟုတ်ဘဲ၊ မိမိရိုးရာ ကျွမ်းကျင်ရာ အသက်မွေးဝမ်းကျောင်းအနေဖြင့် အကျိုး ရှိရှိ ထုတ်လုပ်မည်ဆိုလျှင် Mass Production နှင့် High Profit လက်ဝယ်ပိုင်ဆိုင်ရန် ငွေအား၊ ကာယအား ဉာဏအားများနှင့် အစ္စရေး၊ ဂျပန်၊ ထိုင်း ပုံစံများအတိုင်း ပေါင်းစပ်ဆောင်ရွက်တတ်ရန်လိုပါကြောင်း၊ ပြည်ထောင်စု အစိုးရဘတ်ဂျက်တစ်ခုတည်းနှင့် ဌာနဆိုင်ရာမှ ငွေချေး ပေးသည့်စနစ်အစား ကိုယ်ထူကိုယ်ထ Public Service and Management နှင့် ဆောင်ရွက်ပါရန်နှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာခွန်ဝင်းသောင်းက ဒေသတွင်း အလွယ်တကူ ရနိုင်သည့် သဘာဝသယံဇာတပစ္စည်းများကို ကုန်ကြမ်း အဖြစ် အသုံးပြုပြီး စားသုံးကုန်မှအစ လူသုံးကုန် အလှဆင်ပစ္စည်းများအထိ ဒေသ၏သယံဇာတအမျိုးမျိုးကို ကုန်ချောအဖြစ် ဖန်တီးမှုကို တွန်းအားပေးပြီး နိုင်ငံတကာ ထိ ထိုးဖောက်နိုင်ရန် ဈေးကွက်ယှဉ်ပြိုင်စေသည့် စီမံကိန်း ဖြစ်ပါကြောင်း၊ ရွာအလိုက်၊ မြို့အလိုက်၊ ခရိုင်အလိုက် အကောင်အထည်ဖော်ကြပါကြောင်း၊ One tamboon one product သည် ထိုင်းဘာသာဖြင့် tamboon ဆိုသည် မှာ ရွာဟုအဓိပ္ပာယ်ရသည့်အတွက် တစ်ရွာကုန်ပစ္စည်း တစ်ခုအဖြစ် ထိုင်းဘုရင်ကြီးက ကိုယ်တိုင်အားပေးချီး မြှောက်ခဲ့သည့် ကျေးရွာအခြေခံစီးပွားရေးစီမံကိန်းမျိုး ဖြစ်ပါကြောင်း၊ ဂျပန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်၊ ကင်ညာနိုင်ငံများအပြင် အုပ်စုအလိုက် အသိုက်အဝန်း အနေဖြင့် ကမ္ဘာ့နိုင်ငံများအကြားတွင် စီးပွားရေးအရ ယှဉ်ပြိုင်မှုများကို ရင်ပေါင်တန်းပြီး နိုင်ငံတကာဈေးကွက် ဝင်ရောင်းကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ယင်းစီမံကိန်း သည် အလွန်အရေးပါကြောင်း၊ ဂျပန်နိုင်ငံသည် ယင်းစီမံကိန်းကို ဒေသခံဖွံ့ဖြိုးရေးစီမံကိန်း တစ်ခုအနေဖြင့် ၁၉၇၉-၁၉၈၀ ဝန်းကျင်တွင်စတင်ပြီး One Village One Product(OVOP) ဆိုသည့်အမည်ဖြင့် အကောင်အထည် ဖော်ခဲ့ရာ အောင်မြင်သည့်အပြင် ဖွံ့ဖြိုးတိုးတက်ခဲ့သည်မှာ အားလုံးအသိဖြစ်ပါကြောင်း။

မိမိတို့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ကဲ့သို့ စစ်ရှောင် များ၊ ဒုက္ခသည်များ ပေါများရာအရပ်များတွင် သဘာဝ သယံဇာတများကို အခြေခံပြီး One Village One Product မဟုတ်လျှင် One Town One Product အဖြစ် သော်လည်းကောင်း၊ One District One Product အဖြစ် သော်လည်းကောင်း လမ်းဖွင့်ပေးမည်ဆိုလျှင် သင့်မြတ်ပါ ကြောင်း၊ မိမိတို့သည် အစစအရာရာ ဝယ်စားမြဲဝယ်စား ခဲ့ကြသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ မှ ၆၀ ယခုအထိ လူသုံးကုန်အသေးအမွှားကအစ ဘေးပတ်ဝန်းကျင် နိုင်ငံများဆီမှ တင်သွင်းနေသရွေ့၊ ဝယ်စားနေကြသရွေ့ ကုန်ဈေးနှုန်းသည် ကျမည်မဟုတ်သောကြောင့် ကိုယ်စွမ်း ကိုယ်စ တီထွင်ကြ၊ လူသားအရင်းအမြစ်ပေါင်းစုမြှင့်၊ ဒေသထုတ်ကုန် ကမ္ဘာအနှံ့စုန် ဆိုသည့် ဆောင်ပုဒ်ကို မှီငြမ်းလိုက်နာပြီး ဒေသအချို့တွင် လုပ်နိုင်သလောက် အကော်အထည်ဖော်မည်ဆိုလျှင် နိုင်ငံအတွက်၊ ဒေသ အတွက် ကောင်းမွန်သည့် အလားအလာများ ဖန်တီး ပေးရာရောက်မည်ဖြစ်သောကြောင့် အဆိုအား ထောက်ခံ ပါကြောင်း ဆွေးနွေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅) မှ ဒေါက်တာတင်တင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာ ကျော်ငွေတို့က ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် ဒုတိယအကြိမ် သတ္တမပုံမှန် အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

**အေးအေးသန့်(သတင်းစဉ်)**

# မြန်မာဓာတ်ပုံဆရာများအမည်ရှိ ဓာတ်ပုံစာအုပ် ဩစတြီးယားနိုင်ငံသားတစ်ဦး ထုတ်ဝေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ခေတ်အဆက်ဆက် မြန်မာဓာတ်ပုံဆရာများရိုက်ကူးခဲ့သော ဓာတ်ပုံများကို စုစည်း၍ “မြန်မာဓာတ်ပုံဆရာများ”အမည်ရှိ ဓာတ်ပုံစာအုပ်ကို မြန်မာနိုင်ငံ ရောက် ဩစတြီးယားနိုင်ငံသားတစ်ဦးက ထုတ်ဝေထားကြောင်းသိရသည်။

အဆိုပါ စာအုပ်ကို ဂျာမန်ယဉ်ကျေးမှုဌာန (GOETHE INSTITUT) ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံရောက် အသက် (၃၅)နှစ်အရွယ်ရှိ ဩစတြီးယား နိုင်ငံသား ဓာတ်ပုံဆရာ( အနုပညာရှင်) Lukas Birk က စုစည်းထုတ်ဝေခဲ့ ခြင်းဖြစ်သည်။

ထိုသို့ထုတ်ဝေမှုနှင့် ပတ်သက်၍ Lukas Birk က “မြန်မာနိုင်ငံက ဓာတ်ပုံဆရာတွေနဲ့ပတ်သက်ပြီး သီးသန့် ထုတ်ဝေထားတဲ့ စာအုပ်မှတ်တမ်းမျိုး မတွေ့ခဲ့ရပါဘူး၊ ဒါကြောင့် အခုလိုစာအုပ်ထုတ်ဝေဖို့ စိတ်ကူးရခဲ့တာပါ၊ မြန်မာနိုင်ငံက ဓာတ်ပုံဆရာတွေရိုက်ခဲ့တဲ့ ဓာတ်ပုံတွေကို ထိန်းသိမ်းချင်တာမျိုး အပြင် သမိုင်းကိုထိန်းသိမ်းဖို့ လိုအပ်တယ်ဆိုတာကို မြန်မာပြည်သူတွေကို သိစေချင်တဲ့အတွက် အခုလို ထုတ်ဝေရခြင်းဖြစ်ပါတယ်၊ ဓာတ်ပုံတွေကိုတော့ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကစပြီး စုဆောင်းခဲ့တာပါ”ဟု ပြောသည်။

ဆက်လက်၍ ၎င်းက “ဓာတ်ပုံတွေကို စတင်စုဆောင်းတဲ့အခါမှာတော့ အခုလိုမျိုး ဓာတ်ပုံတွေကို သီးသန့်စုဆောင်းတဲ့သူတွေ အများကြီးမရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ အခက်အခဲ ကြီးကြီးမားမားမရှိခဲ့ပါဘူး၊ လွယ်လွယ်ကူကူပဲ စုဆောင်းရရှိခဲ့ပါတယ်၊ စတင်စုဆောင်းပြီး တစ်နှစ်၊ နှစ်နှစ်လောက်အကြာမှာပဲ အဆက်အသွယ်တွေ အများကြီးရရှိခဲ့ပါတယ်၊ အဲဒီကနေ ဓာတ်ပုံတွေရဲ့ သမိုင်း ကြောင်း အချက်အလက်တွေကို အများကြီးသိရှိလာပါတယ်”ဟု ပြောသည်။

၎င်းအနေဖြင့် ထိုသို့ထုတ်ဝေနိုင်ရန်အတွက် ဓာတ်ပုံများကို ငါးနှစ်ခန့် ရှာဖွေစုဆောင်းခဲ့ရာတွင် ဓာတ်ပုံပေါင်း ၁၀၀၀၀ ကျော်အထိရရှိခဲ့ပြီး ယင်းတို့ အနက်မှ ဓာတ်ပုံပေါင်း ၃၀၀ ကျော်ကို အဆိုပါစာအုပ်တွင် ဖော်ပြထားသည်။

ယင်းစာအုပ်တွင် Nathalie Johnston နှင့် Christophe Loviny တို့၏ အက်ဆေးများနှင့် ဓာတ်ပုံဆရာများဖြစ်ကြသော ဟာစီရုံး၊ ဦးကြွက်၊ တေဇာအောင်၊ ဦးစန်းအောင်နှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဓာတ်ပုံဆရာတို့ ရိုက်ကူးခဲ့သော (၁၉၁၀ ပြည့်နှစ် ဝန်းကျင်ခန့်မှစတင်၍ ယနေ့ အချိန်အထိ) မြန်မာ့နိုင်ငံရေးပြောင်းလဲမှုအဆင့်ဆင့် သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ လွတ်လပ် ရေးကြိုးပမ်းမှု သမိုင်းဝင်ဓာတ်ပုံများ၊ ခေတ်အဆက်ဆက် အနုပညာရှင်များ၏ အလှဓာတ်ပုံများ၊ မြန်မာ့လူနေမှု ဘဝပုံစံများ၊ ရိုးရာယဉ်ကျေးမှု ထုံးတမ်း အစဉ်အလာ မှတ်တမ်းဓာတ်ပုံများအပြင် မြန်မာ့ဓာတ်ပုံရိုက်ကူးမှုပညာ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာသည့် ပုံရိပ်များပါဝင်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံသားများဖတ်ရှုနိုင်ရန်အတွက် မြန်မာဘာသာဖြင့် ဦးစားပေးထုတ်ဝေထားခြင်းဖြစ်ပြီး ဆက်လက်၍လည်း အင်္ဂလိပ်၊ ဂျာမန် စသည့် ဘာသာတို့ဖြင့်လည်း ထုတ်ဝေသွားရန် စိတ်ကူးထားကြောင်း၊ ဓာတ်ပုံ ဝါသနာရှင်များအနေဖြင့် ၎င်းစုဆောင်းထားသည့် ဓာတ်ပုံများကို ပိုမိုသိရှိလို ပါက www.myanmarphotoarchive.com တွင် ဝင်ရောက်ရှာဖွေကြည့်ရှု နိုင်ကြောင်း Lukas Birk က ပြောသည်။

ထို့အပြင် ၎င်းအနေဖြင့် စုဆောင်းထားသည့် ဓာတ်ပုံများအနက်မှ ဓာတ်ပုံပေါင်း ၄၀၀ ကျော်ကို “မြန်မာဓာတ်ပုံဆရာများ”အမည်ဖြင့် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းမှစတင်၍ မတ် ၁၁ ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင် မြို့နယ်ရှိ အတွင်းဝန်များရုံး၌ ဓာတ်ပုံပြပွဲကျင်းပလျက်ရှိပြီး ယင်းပြပွဲတွင် အမှတ်တရအနေဖြင့် “မြန်မာဓာတ်ပုံဆရာများ”အမည်ရှိ အဆိုပါဓာတ်ပုံ စာအုပ်ကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယင်းစာအုပ်တွင် မြန်မာ့နိုင်ငံရေး အပြောင်းအလဲ ဖြစ်စဉ်များနှင့် ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများပါရှိသော်လည်း ထုတ်ဝေသူအနေဖြင့် နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး မခွဲခြားဘဲ ခေတ်အဆက်ဆက် မြန်မာဓာတ်ပုံဆရာများ ရိုက်ကူးထားသည့် ဓာတ်ပုံများကို သမိုင်းတစ်ခုအနေဖြင့် သာ ထိန်းသိမ်းစုစည်းတင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။ **ဇော်ကြီး(ပဏ္ဍိတ)**

# နိုင်ငံတစ်ဝန်း ပျံ့နှံ့လျက်ရှိသည့် ၉၉ ရာခိုင်နှုန်းသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အခြေပြုပြီး အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အထူးကြိုးပမ်းဆောင်ရွက်သွားရမည်

*** ရွှေဖုံးမှ**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွဲ့သုံးဖွဲ့**

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ်ကျင်းပသည့် (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေး ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်က ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် ရှစ်ရပ် ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါ အစည်းအဝေး ဆုံးဖြတ်ချက်များအရ အမြန်အကောင်အထည်ဖော်ဖွဲ့စည်းလျှင် အမြန်အကျိုးရှိနိုင်သည့် အဖွဲ့သုံးဖွဲ့ဖြစ်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ကို ဖွဲ့စည်းခွင့်ရရှိရေးအတွက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတနှင့် တွဲဖက်ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ တင်ပြခွင့်ပြုချက်ရယူ၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် လုပ်ငန်းကော်မတီမှ ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**၉၉ ရာခိုင်နှုန်း**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအနေဖြင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတစ်ဝန်း ပျံ့နှံ့လျက်ရှိသည့် ၉၉ ရာခိုင်နှုန်းသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အခြေပြုပြီး အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အထူးကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် စိန်ခေါ်မှုများ၊ အခက်အခဲများစွာ ရှိသော်လည်း ရင်ဆိုင်ကျော်လွှားဖြေရှင်းနိုင်ရန် အတွက် အဘက်ဘက်မှ လေ့လာသုံးသပ်ပြင်ဆင်ရန် လိုအပ်သကဲ့သို့ ဘက်စုံထောင့်စုံမှ ဖြည့်ဆည်းအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများ၌ ဒေသဆိုင်ရာ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့ကို အဖွဲ့ဝင် ခုနစ်ဦးမှ ၁၁ ဦးထိ ပါဝင်ဖွဲ့စည်းရေးနှင့် ဖွဲ့စည်းပြီးစီးမှုအခြေအနေကို ပြန်လည်တင်ပြပေးနိုင်ရေး အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း။

**အမျိုးသားအဆင့်ဆောင်ရွက်**

နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများချမှတ်ရန် အကောင်အထည်ဖော်မှု အစီအစဉ်များ၊ နည်းပညာလွှဲပြောင်းခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်း၍ အမျိုးသားအဆင့် ဆောင်ရွက်သွားရန် ရှိပါကြောင်း၊ ထို့ပြင် ဒေသတွင်းမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ရေရှည်ယှဉ်ပြိုင်ရပ်တည်နိုင်သည်အထိ အားပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းများထဲတွင် ပထမဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှ ဒေသထွက်ထုတ်ကုန်ပစ္စည်းများ (Micro, Small and Medium Enterprises (MSMEs) Products)ပြပွဲနှင့် Regional Award ပြိုင်ပွဲများ အလှည့်ကျကျင်းပပြီး ဆုပေးပွဲများ ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုးခုတို့တွင် အလှည့်ကျကျင်းပပြီးပါက နောက်ဆုံးအဆင့်အနေဖြင့် နေပြည်တော်တွင် နိုင်ငံတော်အဆင့် MSMEs Products ဒေသတွင်းပြပွဲနှင့် National Award ပြိုင်ပွဲများကို ကျင်းပသွားရန် စီစဉ်ထားသည်ဟု သိရှိရပါကြောင်း။

ယခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ မန္တလေးတိုင်းဒေသကြီးတွင် MSMEs ၏ ပထမအကြိမ် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

ယခုကဲ့သို့ ကျင်းပပေးခြင်းအားဖြင့် ပြည်တွင်းစားသုံးသူများအနေဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်အရည်အသွေးများကို အကဲဖြတ်လေ့လာနိုင်ခြင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုများကို အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအချင်းချင်း သိရှိစေခြင်း၊ ကောင်းမွန်သည့် အချက်အလက်နှင့် ဆန်းသစ်တီထွင် စိတ်ကူးကောင်းများ ဖော်ထုတ်လေ့လာနိုင်ခြင်း၊ မိမိထုတ်လုပ်မှုလုပ်ငန်းစဉ် Supply Chain တစ်လျှောက် ဆက်စပ်ပတ်သက်နေသည့် အခြားအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖြင့် ပေါင်းစပ်လုပ်ကိုင်လာနိုင်ခြင်း၊ ဒေသအချင်းချင်း ပေါင်းစည်းလုပ်ကိုင်လာနိုင်ခြင်းနှင့် ပေါင်းစည်းဆောင်ရွက်မှုများမှ နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း။

**ခင်းကျင်းပြသ**

ထို့ကြောင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့် MSMEs Products ပြပွဲနှင့် Regional Award ပြိုင်ပွဲများ၌ မိမိဒေသအတွင်း အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများမှ ထုတ်ကုန်များကို ဈေးနှုန်းချိုသာစွာ ခင်းကျင်းပြသနိုင်အောင် ကျယ်ဝန်းသည့်နေရာများ စီစဉ်ပေးခြင်း၊ လိုအပ်သည်များ ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဒေသအလိုက် ပြိုင်ပွဲများတွင် ဆုများကို အငယ်စား (Micro)၊ အသေးစား (Small)နှင့် အလတ်စား (Medium) ဟူ၍ အရွယ်အစားအလိုက် ပထမ၊ ဒုတိယ၊ တတိယ အဆင့်သတ်မှတ်ပြီး ဆုများ ချီးမြှင့်ပေးသွားစေလိုပါကြောင်း။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ပေါင်းစည်းဖွံ့ဖြိုးစေရန်နှင့် ကဏ္ဍအလိုက် နယ်ပယ်တော်တော်များများတွင် ဟန်ချက်ညီမျှသည့် ဖွံ့ဖြိုးတိုးတက်မှု Balanced Growth ရရှိစေရန်တို့အတွက် ဒေသတွင်းအဆင့် (Regional Level)၊ အမျိုးသားအဆင့် (National Level) နှင့် အထူးသဖြင့် အာဆီယံဒေသတွင်းအဆင့်များ၌ ပိုမိုပူးပေါင်း အကောင်အထည်ဖော်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းထားပြီးဖြစ်သည့် အမျိုးသားအဆင့်၊ ဒေသတွင်းအဆင့် အဖွဲ့အစည်းများအနေဖြင့် Target Line များ၊ Action Line များ၊ Timeline များအပါအဝင် Detail Schedule များ ချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားကြစေလိုပါကြောင်း။

အာဆီယံဒေသတွင်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ မဟာဗျူဟာမြောက်လုပ်ငန်းစီမံကိန်း (ASEAN Strategic Action Plan for SME Development ASEAN SAP SMED) 2016-2025 အရ အာဆီယံဒေသတွင်း၌ မြန်မာ့အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ၏ ရှင်သန်ရပ်တည်နိုင်ရေးနှင့် အရည်အသွေးများကို ယှဉ်ပြိုင် နိုင်စွမ်းရှိစေရေးတို့အတွက် ရေးဆွဲထားသည့် ASEAN Strategic Action Plan ကို အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ညှိနှိုင်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

**ပျမ်းမျှမူဝါဒညွှန်းကိန်းမျဉ်း**

ပြီးခဲ့သည့် ပထမအကြိမ်အစည်းအဝေးတွင် ပြောကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ မူဝါဒညွှန်းကိန်း မြင့်မားရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ၏ ပျမ်းမျှမူဝါဒညွှန်းကိန်းမျဉ်း (Policy Index Line) ၏ အပေါ်ကို ရောက်ရှိအောင် ရည်မှန်းချက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အာဆီယံဒေသတွင်း နိုင်ငံအလိုက် အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုအပေါ် သုံးသပ်ခြင်း-ASEAN SME Policy Index (2018) ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်း (Organization for Economic Co-operation and Development-OECD)နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်းဆောင်ရွက်နေသည်ကို သိရပါကြောင်း။

**အလုပ်ရုံဆွေးနွေးပွဲ**

မြန်မာနိုင်ငံတွင်လည်း ယခုလာမည့် ၂၀၁၈ နှစ်ကုန်ပိုင်း၌ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် ပူးပေါင်းပါဝင်မှု အလုပ်ရုံဆွေးနွေးပွဲ National Socialization Seminar သို့မဟုတ် Workshop ကို OECD နှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ ပူးပေါင်းကျင်းပသွားရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ဆဋ္ဌမအကြိမ်မြောက် အာဆီယံ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားရန် စီစဉ်လျက်ရှိပါကြောင်း။

၂၀၁၃-၂၀၁၄ ခုနှစ် (၃၂)ကြိမ်မြောက် ASEAN SME Working Group အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအနေဖြင့် လက်ခံကျင်းပခဲ့ပါကြောင်း၊ (၃၂)ကြိမ်မြောက်နှင့် (၃၃) ကြိမ်မြောက် အစည်းအဝေးများတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကိုလည်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့်မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရှိရမည့် ဒေသန္တရစီမံကိန်းများ၊ အစီအမံများဖြစ်စေရေး အလေးထားဆောင်ရွက်ရမည့်အပြင် အာဆီယံဒေသတွင်း ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချမှတ်ထားသည့် မူဝါဒများ၊ မဟာဗျူဟာများနှင့်လည်းကိုက်ညီသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ယခင်အစည်းအဝေး အဆုံးအဖြတ်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လုပ်ငန်းတာဝန်များ**

ယင်းနောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက အေဂျင်စီအဖွဲ့၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ နှစ်ရပ်နှင့် အဖွဲ့သုံးဖွဲ့တို့မှ နိုင်ငံ့ဝန်ထမ်း မဟုတ်သည့်အဖွဲ့ဝင်များအတွက် အသုံးစရိတ်၊ ချီးမြှင့်ငွေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဒေသတွင်းပြပွဲ၊ ပြိုင်ပွဲ**

ယင်းနောက် လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပမည့် အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်များ (MSMEs Products)ဒေသတွင်းပြပွဲ၊ ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မွန်ပြည်နယ် စွမ်းအင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးမင်းထင်အောင်ဟန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်တို့က တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု၊ ဒေသအလိုက် လျှပ်စစ်ဓာတ်အားနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ အားနည်းချက်၊ အားသာချက်များနှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် အသိပညာရှင် အတတ်ပညာရှင်များနှင့် စီးပွားရေးပညာရှင်များက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ထို့နောက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သန္တနဓမ္မပါလကဟိန္ဒူအဖွဲ့ချုပ်နှင့် ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်တို့အား အလှူငွေများ ပေးအပ်



**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သန္တနဓမ္မပါလကဟိန္ဒူအဖွဲ့ချုပ်နှင့် ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်တို့အား သာသနာရေးကိစ္စများတွင် အသုံးပြုရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူငွေကျပ်သိန်း ၅၀ စီကို ပေးအပ်လှူဒါန်းရာ သန္တနဓမ္မပါလကဟိန္ဒူအဖွဲ့ချုပ် အတွင်းရေးမှူးချုပ် ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Dr. Morris Remlal Liana နှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **သတင်းစဉ်**

# ပြည်သူ့ရေးရာစီမံခန့်ခွဲမှုရေးရာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Panna Institute၊ Konrad Adenauer Stiftung တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုရေးရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုသင်တန်းသည် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်ရန် ပို့ချခြင်းဖြစ်ခြင်းကြောင့် မိမိတို့နိုင်ငံအတွက် များစွာအရေးကြီးသည့် သင်တန်းဖြစ်ပါကြောင်း၊ ဤသင်တန်းမျိုးကို ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ၃၁ ကြိမ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်ကို သိရှိရပါကြောင်း၊ ရန်ကုန်မြို့တွင် ငါးကြိမ်၊ နေပြည်တော်တွင် ၁၀ ကြိမ်နှင့် မန္တလေး၊ တောင်ကြီး၊ ပုဂံ၊ မုံရွာ၊ မကွေး၊ ပဲခူး၊ ဘားအံ၊ လွိုင်ကော်၊ မြစ်ကြီးနား၊ ထားဝယ်၊ ဖားကန့်၊ စစ်တွေမြို့တို့တွင် ၁၆ ကြိမ်ဖြစ်ကြောင်း။

ယခုနှစ်တွင် မိမိတို့ပူးပေါင်း၍ သင်တန်းများကို နေပြည်တော်မှ စတင်ဖွင့်လှစ်ပြီ ဖြစ်ပါကြောင်း၊ တောင်ငူ၊ မိတ္ထီလာ၊ ကျိုင်းတုံ၊ ရွှေဘိုမြို့တို့တွင် ဆက်လက်ဖွင့်လှစ်ရန် ရှိပါကြောင်း၊ သင်တန်းတွင်လည်း တက်တက်ကြွကြွ ပါဝင်ဆွေးနွေးရန် အရေးကြီးပါကြောင်း၊ သင်တန်းပို့ချသည့် ဆရာ ဆရာမများကိုလည်း ရင်းနှီးပွင့်လင်းစွာ တင်ပြပြီး တိုင်းပြည်အတွက် အကောင်းဆုံး အသုံးချစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဒေါက်တာတင်မောင်မောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Konrad Adenauer Stiftung မှ ကိုယ်စားလှယ် ဒေါ်ခင်သူဇာထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသားများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်သူ့ရေးရာနှင့် ပတ်သက်သည့် သဘောတရားများ၊ ကမ္ဘာ့စီးပွားရေးနှင့် မြန်မာ့စီးပွားရေး အခြေခံအချက်အလက်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ပရောဂျက်လုပ်ငန်းအကြောင်းအရာများကို ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဲကမ္ဘောဇ လေကြောင်းလိုင်းမှ မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများအပြင် ခရီးသွားများသောမြို့များကို ချိတ်ဆက်ပျံသန်းပေးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

အဲကမ္ဘောဇ(Air KBZ) လေကြောင်းလိုင်းမှ ရန်ကုန်မြို့ကို အခြေပြုလျက် မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများအပြင် ခရီးသွားများသော ဟဲဟိုး၊ ညောင်ဦး၊ မန္တလေး၊ သံတွဲစသည့် ခရီးစဉ်များကို တစ်မြို့နှင့် တစ်မြို့ ချိတ်ဆက်ပြေးဆွဲပျံသန်းပေးလျက်ရှိသည်။

"ခရီးသွားရာသီဖြစ်တဲ့အတွက် ဟဲဟိုး၊ ညောင်ဦး၊ မန္တလေး၊ သံတွဲစတဲ့ ခရီးစဉ်တွေကို တစ်မြို့နဲ့ တစ်မြို့ချိတ်ဆက်ပြီး ပြေးဆွဲပေးနေပါတယ်၊ နိုင်ငံခြားသားသာမက ပြည်တွင်းခရီးသွားတွေပါ လည်ပတ်ရ အဆင်ပြေစေအောင် ဟဲဟိုးမှ ညောင်ဦး၊ ညောင်ဦးမှ သံတွဲ၊ ဟဲဟိုးမှ သံတွဲစသဖြင့် ပေပလီသွားချင်တဲ့သူဆိုရင် သွားလို့ရအောင်လည်း Flight တွေကို ချိတ်ဆက်ပြီး ပြေးဆွဲပေးနေသလို နေပြည်တော်-ညောင်ဦး ခရီးစဉ်အသစ်တွေကိုလည်း တိုးချဲ့ပြေးဆွဲပေးနေပါတယ်"ဟု အဲကမ္ဘောဇလေကြောင်းလိုင်းမှ အထွေထွေမန်နေဂျာ ဒေါ်အေးမရသာက ပြောသည်။

အဲကမ္ဘောဇလေကြောင်းလိုင်းအနေဖြင့် ATR အမျိုးအစား လေယာဉ် ရှစ်စင်းဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများဖြစ်သော မန္တလေး၊ ညောင်ဦး၊ မြစ်ကြီးနား၊ ကလေး၊ ဟဲဟိုး၊ လားရှိုး၊ တာချီလိတ်၊ သံတွဲ၊ စစ်တွေ၊ နေပြည်တော် စသည့်မြို့များသို့ နေစဉ်ပြေးဆွဲ ပျံသန်းလျက်ရှိသည်။

ပုံမှန်ခရီးစဉ်များအပြင် တိုးချဲ့ပြေးဆွဲနေမှုများအနေဖြင့် "နိုင်ငံခြားသားခရီးသွားများတဲ့ မန္တလေး၊ ညောင်ဦး၊ သံတွဲ၊ ဟဲဟိုးမြို့တွေကို Flight တွေ ထပ်တိုးပြီး တစ်နေ့ကို အကြိမ်ရေအများကြီး တိုးချဲ့ပျံသန်းပေးနေပါတယ်" ဟု အဲကမ္ဘောဇလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဲကမ္ဘောဇလေကြောင်းလိုင်းသည် ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ရန်ကုန်မြို့ကို အခြေပြုလျက် ဟဲဟိုး၊ မန္တလေး၊ ညောင်ဦးခရီးစဉ်များဖြင့် စတင်ပျံသန်းခဲ့သည်။

"အဲကမ္ဘောဇက မြန်မာပြည်မှာ Network အကြီးဆုံး၊ လေယာဉ်ကလည်း အသစ်တွေနဲ့ ပျံသန်းတယ်၊ လေယာဉ်အစင်းရေ များတဲ့အတွက် ခရီးသည်တွေ သက်သောင့်သက်သာနဲ့ လုံခြုံစိတ်ချစွာသွားနိုင်ပါတယ်၊ မြန်မာနိုင်ငံသားတွေအတွက် သက်သက်သာသာနဲ့ သွားလို့ရအောင် ဈေးနှုန်းတွေကိုလည်း သင့်တင့်မျှတအောင် ဆောင်ရွက်ထားပါတယ်" ဟု ဒေါ်အေးမရသာက ဆက်လက်ပြောသည်။

**တာရာ**




# ပြတိုက်လှုပ်ရှားမှုပန်းချီပြပွဲ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြတိုက်လှုပ်ရှားမှုဆိုင်ရာ ပန်းချီပြပွဲကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်) အမှတ်(၆၆/၇၄)ပြည်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၈ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း ကျင်းပသွားမည်ဖြစ်သည့်အတွက် စိတ်ပါဝင်စားသူ ပန်းချီပညာရှင်၊ ဝါသနာရှင်များအနေဖြင့် ပူးပေါင်းပါဝင်နိုင်ပါကြောင်းနှင့် အသေးစိတ် သိလိုပါက အမှတ်(၆၆/၇၄) ပြည်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၅၃၉၊ ၃၇၈၆၅၂ နှင့် Email– national.museum.yangon1996@gmail.com သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

## မောင်တောမြို့နယ်စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ လုံခြုံအေးချမ်းစွာဖြေဆိုနိုင်ရေးစီမံဆောင်ရွက်ထား

**မောင်တော ဖေဖော်ဝါရီ ၁၉**

လာမည့် မတ် ၇ ရက်မှစတင်၍ တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာစစ်ဌာနများ၌ တစ်ပြိုင်တည်း ဖြေဆိုကြတော့မည်ဖြစ်သည်။ ထိုသို့ ဖြေဆိုကြရာ၌ ရခိုင်ပြည်နယ် မောင်တောမြို့နယ် အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများနှင့်ပတ်သက်၍ ပညာရေးနှင့် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဦးခင်အောင်**
**(ခေတ္တခရိုင်ပညာရေးမှူး)**

မောင်တောမြို့နယ်မှာ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနသုံးခုဆောင်ရွက်ထားပါတယ်။ အဲဒါတွေကတော့ အထက(၁)မှာ နှစ်ခုနဲ့ အထက(၂)မှာတစ်ခုတို့ဖြစ်ပါတယ်။ အထက(၁)မှာရှိတဲ့စာစစ်ဌာန နှစ်ခုမှာတော့ တိုင်းရင်းသားတွေအတွက်စီစဉ်ထားပြီးတော့ အထက(၂)မှာရှိတဲ့ စာစစ်ဌာနမှာတော့ ဘင်္ဂါလီကျောင်းသား ကျောင်းသူတွေအတွက် စီစဉ်ထားပါတယ်။

ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူအရေအတွက်ကတော့ စာစစ်ဌာနသုံးခုပေါင်းလိုက်ရင် ၈၇၈ ဦးလောက်ရှိပါတယ်။ ဒါပေမယ့် အဲဒီအရေအတွက်က အပြောင်းအလဲရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တချို့ကျောင်းသား ကျောင်းသူတွေက ဒီကနေမတင်ဘဲ သူတို့ဘာသာစာစစ်အဖွဲ့ကို တစ်ယောက်ချင်း သွားတင်တာမျိုးတွေလည်း ရှိနေလို့ပါ။

အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ဩဂုတ် ၂၅ ရက်ကနေ ကျောင်းတွေစတင်ပိတ်ခဲ့ရပြီး စက်တင်ဘာ ၁၉ ရက်မှာတော့ မြို့ပေါ်က ကျောင်းတွေ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ရက် ၂၀ လောက်ကျောင်းပိတ်ခဲ့ရတာကြောင့် အဲဒီရက်တွေအတွက် အချိန်ပိုပြန်လည်သင်ကြားပေးခဲ့ရပါတယ်။

စာမေးပွဲခန်းစောင့်မယ့် ဆရာ ဆရာမအရေအတွက်ကတော့ လုံလောက်မှုရှိပါတယ်။ အဲဒီလိုစောင့်တဲ့နေရာမှာ သူ့ဆရာနဲ့ သူ့တပည့် တစ်ခန်းတည်းအတူမကျအောင်၊ နောက်ပြီးမသမာမှုတွေ မဖြစ်ရအောင် မောင်တောနဲ့ ဘူးသီးတောင်မှာရှိတဲ့ ဆရာ ဆရာမတွေကို အချိုးကျ တစ်ဝက်စီပါဝင်စေမှာဖြစ်ပါတယ်။ ဆိုလိုတာက အခန်းစောင့်ဦးရေတစ်ဝက်က ဘူးသီးတောင်က ဆရာ ဆရာမတွေဖြစ်ပြီး ကျန်တဲ့တစ်ဝက်က မောင်တောက ဖြစ်ပါတယ်။ အလားတူပဲ ဘူးသီးတောင်စာစစ်ဌာနတွေမှာ မောင်တောက ဆရာ ဆရာမတွေက သွားရောက်တာဝန်ယူကြမှာဖြစ်ပါတယ်။

စာမေးပွဲ စီမံချက်ရေးဆွဲပြီးတဲ့အခါ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်၊ ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေထံ စီမံချက်တွေတင်ပြီးပါပြီ။ ကျောင်းသား ကျောင်းသူတွေ လုံလုံခြုံခြုံအေးအေးချမ်းချမ်းနဲ့ ဖြေဆိုနိုင်အောင် အကူအညီပေးဖို့ မေတ္တာရပ်ခံထားပါတယ်။ အားလုံးအေးအေးချမ်းချမ်းနဲ့ ဖြေဆိုနိုင်ကြမှာပါ။


ဦးခင်အောင်


ရဲမှူး သန့်ဇော်ဦး

**ရဲမှူး သန့်ဇော်ဦး**
**မောင်တောမြို့မရဲစခန်းမှူး**

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမှုနဲ့ ပတ်သက်လို့ မှူခင်းကြိုတင်ကာကွယ်ဖို့အတွက် မောင်တောမြို့မရဲစခန်းက တပ်ဖွဲ့ဝင်တွေအပြင် မောင်တောမြို့နယ်အောက်မှာရှိတဲ့ တောင်ပြိုရဲစခန်းက တပ်ဖွဲ့ဝင်တွေကိုပါ တာဝန်ချထားပေးမှာဖြစ်ပါတယ်။

နောက်ပြီးတော့ မေးခွန်းလွှာသယ်ဆောင်လာတဲ့အချိန်ကစပြီး မေးခွန်းလွှာထိန်းသိမ်းထားရှိတာ၊ အဲဒီကမှ စာစစ်ဌာနကို သယ်ဆောင်တာ၊ နောက်ပြီးစာမေးပွဲဖြေဆိုစဉ်၊ ဖြေဆိုပြီးနောက် အဖြေလွှာတွေ ထိန်းသိမ်းသယ်ဆောင်တဲ့အချိန်အထိ လုံခြုံရေး အစီအမံတွေ လုပ်ဆောင်ထားပါတယ်။

စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေ အနှောင့်အယှက်မဖြစ်စေဖို့၊ ဆူညံသံတွေမဖြစ်ပေါ်စေဖို့ ကြိုတင်အသိပေးလုပ်ဆောင်တာတွေ ပြုလုပ်သွားမှာပါ။ စာမေးပွဲကာလမှာလည်း ဖြေဆိုတဲ့အချိန်၊ စာကြည့်ချိန်၊ ဖြေဆိုပြီးချိန်တွေမှာလည်း ပြဿနာတစ်စုံတစ်ရာ မဖြစ်ပွားစေဖို့အတွက် လှည့်ကင်းတွေနဲ့ ဆောင်ရွက်ပေးသွားမှာပါ။

စာမေးပွဲဖြေဆိုမယ့်ကာလမှာခရိုင်ရဲမှူးကြီးရဲ့ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုနဲ့အတူ ကျွန်တော်အပါအဝင် တပ်ဖွဲ့ဝင်တွေက တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စာမေးပွဲဖြေဆိုစဉ် မီးလန့်မှုတွေမဖြစ်ပေါ်စေဖို့အတွက် မီးသတ်ဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်သလို အခြားသော သက်ဆိုင်ရာဆက်စပ်ဌာနတွေနဲ့လည်း အတူတကွ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကြီး အေးအေးချမ်းချမ်းလုံလုံခြုံခြုံနဲ့ ပြီးမြောက်အောင်မြင်သွားအောင် အားလုံးပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မောင်တောမြို့နယ်၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုနှုန်းမှာ ၂၀၁၆ ခုနှစ်က ၁၆ ဒသမ ၀၂ ရာခိုင်နှုန်းရှိခဲ့ပြီး ယမန်နှစ် ၂၀၁၇ ခုနှစ်က ၉ ဒသမ ၉၉၉ ရာခိုင်နှုန်း ရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**တွေ့ဆုံမေးမြန်း-ဟိန်းထက်ဇော်၊**
**သူရဇော်၊ ဓာတ်ပုံ-ရာမည**

## လှုပိုးခေါင်ကြားစခန်းရှိ ဓာတ်အားပေးစက်ရုံတွင် အသုံးပြုရန် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**စစ်တွေ ဖေဖော်ဝါရီ ၁၉**

ရခိုင်ပြည်နယ် မောင်တောခရိုင် လှုဖိုးခေါင်ကြားစခန်းရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းပိုင် ဓာတ်အားပေးစက်ရုံတွင် အသုံးပြုရန် မီးသတ်ဆေးဘူးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ အရေးပေါ်ဆေးသေတ္တာ အပါအဝင် အထောက်အကူပြုပစ္စည်းများကို ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အထောက်အကူပြုပစ္စည်းများကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံထံ ကျော်ညီမြတ်ကုမ္ပဏီမှ လာရောက်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မောင်တောဒေသအတွင်း ဖွင့်လှစ်ထားသည့် စခန်းသုံးခုတွင် လျှပ်စစ်မီးရရှိရေးအတွက် ပြည်နယ်လျှပ်စစ်ဖြန့်ဖြူးရေးဦးစီးဌာနက တပ်ဆင်ပေးထားသော မီးစက်များ ရုတ်တရက်မီးလောင်ခြင်းနှင့် ပျက်စီးခြင်းစသည့် အရေးပေါ် အခြေအနေများတွင် အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူး အပါအဝင် လိုအပ်သည့် အထောက်အကူပြုပစ္စည်းကိုးစုံ လှူဒါန်းခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် လိုအပ်သည့်နေရာများတွင် တတ်နိုင်သည့်ဘက်မှ လှူဒါန်းပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။




**ဟန်လင်းနိုင်(စစ်တွေ)**
**တင်ထွန်း(ပြန်/ဆက်)**

## ရခိုင်လူငယ်မောင်မယ်များ ပရဟိတအသင်း(စစ်တွေ)မှ ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်း အခမဲ့ဖွင့်လှစ်မည်

**စစ်တွေ ဖေဖော်ဝါရီ ၁၉**

ရခိုင်လူငယ်မောင်မယ်များ ပရဟိတအသင်း(စစ်တွေ)မှ ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်းကို မတ် ၄ ရက်တွင် အခမဲ့ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းအား နံနက်ပိုင်း၊ မွန်းလွဲပိုင်းနှင့် ညနေပိုင်းဟူ၍ သုံးချိန်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ ရခိုင်လူငယ်တွေရဲ့ ပညာရေးကဏ္ဍကို တတ်နိုင်တဲ့ ဘက်ကနေပြီး မြှင့်တင်ပေးချင်တဲ့ ရည်ရွယ်ချက်တွေနဲ့ သင်တန်းကို ဖွင့်လှစ်သင်ကြားခြင်း ဖြစ်ပါတယ်"ဟု ရခိုင်လူငယ်မောင်မယ်များ ပရဟိတအသင်း(စစ်တွေ)၏ ဥက္ကဋ္ဌ ဦးဇံထွန်းမောင်က ပြောကြားသည်။

ယခုသင်တန်းသည် ငါးကြိမ်မြောက်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဝင်ခွင့်လျှောက်လွှာများကို သင်တန်းကော်မတီဝင်များထံမှ အခမဲ့ရယူနိုင်မည်ဖြစ်သည်။

ရခိုင်လူငယ်မောင်မယ်များ ပရဟိတအသင်း(စစ်တွေ)ကို ၂၀၀၇ ခုနှစ်တွင် ရခိုင်လူငယ်တစ်စုက စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် တက်ကြွစွာဆောင်ရွက်နေသည့် အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အထွက်တိုးကုလားပဲသီးနှံစိုက်ပျိုးရေး သရုပ်ပြ

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ လူမှုစီးပွားဘဝအောင်မြင်စေရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးထားရှိသော အထွက်နှုန်းကောင်းမွန်သည့် ကုလားပဲစိုက်ခင်းအားပြသပြီး မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး ပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့က အမှာစကားများ ပြောကြားပြီး ဝါသီးနှံသုတေသနခြံမန်နေဂျာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမြင့်က မြန်မာနိုင်ငံတွင် စိုက်ပျိုးထားရှိသော ကုလားပဲအမျိုးအစားများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက်တက်ရောက်လာသည့် တောင်သူ ၂၅၃ ဦးက ဝါသုတေသနခြံတွင် စိုက်ပျိုးထားရှိသော အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အထွက်တိုးကုလားပဲ စိုက်ခင်းများကို လက်တွေ့ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# ကျိုက်ထီးရိုးရင်ပြင်တော်သို့ သွယ်တန်းထားသည့် လျှပ်စစ်ကြိုးများ မီးလောင်ကျွမ်းမှုဖြစ်ပွား



**ကျိုက်ထို ဖေဖော်ဝါရီ ၁၉**

ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ရသေ့တောင် ကျိုက်ထီးရိုး တောင်တက်ကားလမ်း မိုင်တိုင်အမှတ်(၆/၁)နှင့် (၆/၂)အကြား တောင်တက်ကားလမ်း၏ယာဘက် ကမ်းပါးပေါ်ရှိ ကင်မွန်းချောင်းမှ ကျိုက်ထီးရိုး ရင်ပြင်တော်သို့ သွယ်တန်းထားသည့် 11KV ဓာတ်အားလိုင်း လေးတိုင်စင်တွင် ဓာတ်အားလိုင်းကြိုးသွယ်တန်းထားသည့်အဆက်နှင့် တိုင်လေးတိုင်အား ထိန်းသိမ်းထားသည့် (X)ဘားသံတိုင်တို့ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ထိခိုက်မိပြီး ရှော့ဖြစ်ကာ မီးပွားများ လွင့်စဉ်ကျသဖြင့် အောက်ခြေဝါးရုံတော၌ ပေ ၂၀ ပတ်လည်ခန့် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ရသေ့တောင် ရဲကင်းစခန်းမှူး ရဲအုပ်ထွန်းမင်းသက်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ်အောင်နိုင်လင်းနှင့် တပ်ဖွဲ့ဝင်များ၊ ကျိုက်ထီးရိုးရင်ပြင်တော်မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရင်ပြင်တော် ဂေါပက ရေ၊ မီး အဖွဲ့မှ ဝန်ထမ်းများ၊ SKY Asia Co., Ltd. ၏ Cable Car ကုမ္ပဏီမှ ဝန်ထမ်းများ၊ တောင်တက်မော်တော်ယာဉ်အသင်းမှ အသင်းဝင်များက မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲခန့်၌ မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် အပါအဝင် အဆောက်အအုံ တစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



# ခိုးမှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှုနှစ်မှု ထပ်မံဖော်ထုတ်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက်နေ ဒေါ်----သည် နေအိမ်ရှေ့တွင် ဖေဖော်ဝါရီ ၁ ရက် ည ၈ နာရီက ၎င်းပိုင်ယာဉ်၏ နောက်ခန်းတွင် တင်ဆောင်ထားသော အဝတ်အထည်မျိုးစုံ အထည် ၁၀၇၀၊ တန်ဖိုးငွေကျပ် ၇၄ သိန်းအား ပျောက်ဆုံးခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းဖော်ထုတ်ရေးတပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ယာဉ်အမှတ် GG/------ အမျိုးအစား အငှားယာဉ်မှာ အခင်းဖြစ်နေရာ ပတ်ဝန်းကျင်တွင် သွားလာနေသည်ကို စိစစ်တွေ့ရှိခဲ့ရပြီး ယာဉ်မောင်းမှာ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/အနောက် ရပ်ကွက်နေ စိုးရာဇာ(ခ) မိုဟာမက်အဘတ်စ် (၃၃)နှစ် ဆိုသူဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ရသဖြင့် ၎င်းအား ဖေဖော်ဝါရီ ၁၂ ရက် ည ၈ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းပေါ်၌ အငှားယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းအားစစ်ဆေးရာ အဆိုပါအငှားယာဉ်ဖြင့် ဖေဖော်ဝါရီလအတွင်း မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် အောင်သပြေလမ်းပေါ်တွင် ရပ်ထားသည့် ယာဉ်အမှတ် 6F/----- ဟိုက်ဂျက်အမျိုးအစား အဖြူရောင်ယာဉ်ပေါ်မှ အဝတ်အထည်ထုပ်များအားလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် အလံပြဘုရားလမ်းအနီး ခရီးသည်အမျိုးသမီးက ယာဉ်ပေါ်သို့ ဆေးမှုန့်အထုပ်များ တင်ဆောင်နေပြီး ကျန်ရှိပစ္စည်းများ တင်ဆောင်ရန် သွားနေစဉ် ယာဉ်အား မောင်းနှင်၍လည်းကောင်း၊ ဆက်လက်၍ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းဘေးတွင် ရပ်ထားသည့် ယာဉ်ပေါ်မှ အထည်များကိုလည်းကောင်း ခိုးယူရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ယာဉ်နှင့် ခိုးယူခဲ့သည့် သက်သေခံပစ္စည်းများအား သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်သူ စိုးရာဇာ (ခ) မိုဟာမက်အဘတ်စ်အား သက်ဆိုင်ရာ ရဲစခန်းများတွင် အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ပိုင်ရှင်အစစ်အမှန် သိရှိနိုင်ရန်အတွက် ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာရဲစခန်းများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်ကော်-ရှားတော ကားလမ်းဘေး လျှိုမြောင်ထဲ၌ မီးလောင်ထားသည့် အလောင်းတစ်လောင်း တွေ့ရှိ

**လှိုင်ကော် ဖေဖော်ဝါရီ ၁၉**

လှိုင်ကော်မြို့ ဒေါတခြားကျေးရွာနေ ဦးဖရေးရယ်သည် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီခန့်တွင် တောင်ယာသို့သွား၍ ဝါးခုတ်စဉ် လှိုင်ကော်-ရှားတော ကားလမ်း မိုင်တိုင်အမှတ် (၁၁/၂)နှင့် (၁၁/၃)ကြား ကားလမ်းမအနောက်ဘက် ပေ ၁၀၀ ခန့်အကွာ လျှိုမြောင်ထဲတွင် အလောင်းတစ်လောင်းနှင့် အရှည် ၁၇ ပေခန့်ရှိ သွပ်နန်းကြိုး လေးချောင်းအား တွေ့ရှိသဖြင့် သတင်းပေးပို့ချက်အရ လှိုင်ကော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် အခင်းဖြစ်နေရာအား သွားရောက်စစ်ဆေးခဲ့သည်။

အလောင်းမှာ မီးလောင်ကျွမ်းနေပြီး ကျား/မ ခွဲခြားမသိနိုင်သဖြင့် လှိုင်ကော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ စစ်ဆေးခဲ့ရာ အရပ် ငါးပေခန့်ရှိ အမျိုးသမီး အလောင်းတစ်လောင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ၎င်းအမျိုးသမီးအလောင်းနှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်ရေးအတွက် လှိုင်ကော်မြို့မရဲစခန်းက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

# လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီက ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် မျိုးမင်းလတ်(ခ)အစိတ်သား မောင်းနှင်ပြီး ယာဉ်နောက်လိုက် လှဝင်းထိန်(ခ)အားတီ လိုက်ပါလာသော မှန်လုံယာဉ်ကို ရှာဖွေရာ လှဝင်းထိန်(ခ)အားတီ၏ အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်ပြား၊ ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ယာဉ်၏ တူးဘောက်အတွင်းမှ အိုက်စ် တစ်ကီလိုတို့ကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၈ နာရီတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ဇွဲသီဟကားဂိုဒေါင်ကို ရှာဖွေရာ တင်ကိုထွန်း(ခ)ပေစုတ်အား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပုလဲမင်းစစ်ဆင်ရေးအရ မူးယစ်တပ်ဖွဲ့စု(၃၅) မြိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက်က တနင်္သာရီမြို့နယ် မောတောင်မြို့ သစ္စာလမ်းသွယ်နေ မင်းမင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြား၊ ဘိန်းစာမှုန့် ဂရမ် ၆၀၊ လက်လုပ်သေနတ် တစ်လက်၊ ၅ ဒသမ ၅၆ ကျည်လေးတောင့်နှင့် ပွိုင့် ၄၅ ကျည်တစ်တောင့်တို့ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြရည်ပုလဲလမ်းနေ အောင်ကျော်စိုး၏နေအိမ်ကို ရှာဖွေရန် ဝင်ရောက်စဉ် အောင်ကျော်စိုးက အထုပ်နှစ်ထုပ်အား လွှင့်ပစ်သဖြင့် စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၁၀၀ ကိုလည်းကောင်း၊

ယင်းနေ့နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု(၃၂) မြဝတီမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဝါးတောရပ်ဝါးစကင်းလမ်းအနီးတွင် သိန်းမြင့်ထွန်း (ခ) ကိုထွန်းအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း၊

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ကလော-သာစည်သွားကားလမ်းတွင် ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် မင်းဟန်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၈၀ ကိုလည်းကောင်း၊

ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက် မန်နာကျေးရွာ လွင်လွင်ဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ကိုလည်းကောင်း၊ ညနေ ၄ နာရီခန့်တွင် လားရှိုးမြို့ အမှတ်(၇)ရပ်ကွက် နယ်မြေ(၁) သီတာလွင်လမ်းသွယ်နေ စိုင်းထွန်းအောင်၏ နေအိမ်ကို ရှာဖွေရာ ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ နှင့် ဆောင်းဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂၀၀ ကို လည်းကောင်း၊ လားရှိုး-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၈၀/၄) အနီးတွင် ဝီလီယ(ခ)လုံးဝိ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်မှာ မောင်းနှင်ထွက်ပြေးသွား၍ ပိတ်ဆို့ရှာဖွေရာ မိုင်တိုင် (၈၀)အနီး၌ တွေ့ရှိပြီး ၎င်းထံမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၈၂၅ ပြား၊ ဘေးလွယ်အိတ်အတွင်းမှ ပွိုင့် ၃၈ ငါးလုံးပြူး သေနတ်တစ်လက်၊ ၎င်းကျည် ခြောက်တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ ဓားမြှောင်တစ်ချောင်း၊ လက်လုပ်မိုင်းတစ်လုံး၊ ဖျူးသုံးခု၊ RECEIVER သုံးခု၊ ဖုန်းအားသွင်းကြိုး တစ်ချောင်း၊ ဓာတ်ခဲအသစ် ငါးလုံး၊ ရီမုတ်ကွန်ထရိုးတစ်ခုတို့ကို လည်းကောင်း၊

ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲခန့်က ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့ သာစည်ရပ်ကွက် နန်းသီတာ မီးပွိုင့်လမ်းဆုံတွင် သောင်းထွန်းနှင့် ကျော်ဆန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၆၂ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုင်းပြင်ကြီးတံတားဘေးချောက်ထဲ ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်

**မင်းလှ ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကိုင်းပြင်ကြီးအုပ်စု ကိုင်းပြင်ကြီးကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်းမကြီး မိုင်တိုင်အမှတ် (၉၉/၆) နှင့် (၉၉/၇) အကြား ကိုင်းပြင်ကြီး တံတားဘေးချောက်ထဲသို့ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခန့်က ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းဇော်ဇော် မောင်းနှင်ပြီး မင်းသစ္စာအောင် လိုက်ပါစီးနင်းလာသော ယာဉ်အမှတ် ၇ဂ/----- တိုယိုတာမက်တူး အဖြူရောင်ယာဉ်သည် ယာဉ်ကြောအတိုင်း မောင်းနှင်လာစဉ် တံတားအတက်တွင် ရုတ်တရက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ဘေးချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး လူများမှာ ဒဏ်ရာများ မရရှိသော်လည်း ယာဉ်မှာ ပျက်စီးဆုံးရှုံးခဲ့သည်။ မင်းလှမြို့မရဲစခန်းက ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဇော်ဇော်အား အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**



# အကောက်ခွန်မဲ့ စားသောက်ကုန်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တရားမဝင် အကောက်ခွန်မဲ့ စားသောက်ကုန်များ သယ်ဆောင်လာသည်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဖေဖော်ဝါရီ ၁၈ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီ ၁၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် ကင်တာ ခြောက်ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် နှစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် တစ်သန်းခန့်)အား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းနေ့က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တရားမဝင်ကုန်သွယ်မှုများအား တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် တစ်သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၉၅ သန်းခန့်) စုစုပေါင်း တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၅ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီ ၁၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁၈ စီး၊ သွင်းကုန် ၁၉၈ စီး၊ ရန်ကုန်-မြဝတီလမ်းတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊ သွင်းကုန် ၁၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။ **ဝဝ၁**

# ဩစတြီးယား နှင်းလျှောစီးကစားသမား ဒုတိယမြောက် ရွှေတံဆိပ်ဆွတ်ခူး

ဩစတြီးယား နှင်းလျှောစီးကစားသမား မာစယ်ဟဲချားသည် ၂၀၁၈ ပြုံချမ်း ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်၏ အမျိုးသား တစ်ဦးချင်း နှင်းလျှောစီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ဩစတြီးယား နှင်းလျှောစီးကစားသမား မာစယ်ဟဲချားသည် ဖေဖော်ဝါရီ ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အမျိုးသားပူးပေါင်း နှင်းလျှောစီးပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆု ဆွတ်ခူးထားခဲ့ခြင်းကြောင့် ယခုတစ်ကြိမ်သည် မာစယ်ဟဲချား၏ ဩစတြီးယားနိုင်ငံအတွက် ရယူပေးခဲ့သည့် ဒုတိယမြောက် ရွှေတံဆိပ်ဆုလည်းဖြစ်လာခဲ့သည်။

နှင်းလျှောစီးကစားသမား မာစယ်ဟဲချားသည် ၂၀၁၄ ခုနှစ် ဆိုချီ ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်တွင်လည်း နှင်းလျှောစီးပြိုင်ပွဲမှ ငွေတံဆိပ်ဆုတစ်ခု ဆွတ်ခူးထားခဲ့သူဖြစ်သည်။

ယခုပြိုင်ပွဲတွင် အခြားသောပြိုင်ဘက်ကစားသမားများဖြစ်ကြသည့် အလက်ဇစ်ပင်တူရော့က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ဗစ်တာမာ့ဖက်ဂျင်ဒက်က ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီး ရရှိခဲ့ကြကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်



## ပြုံချမ်း ဆောင်းရာသီအိုလံပစ်အားကစားပွဲတော် နိုင်ငံအလိုက် ထိပ်ဆုံး ၁၀ နိုင်ငံ၏ ဆုတံဆိပ်ရရှိမှုအခြေအနေ

(၁၉-၂-၂၀၁၈)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | နော်ဝေ | ၁၁ | ၉ | ၈ | ၂၈ |
| ၂။ | ဂျာမနီ | ၁၀ | ၆ | ၄ | ၂၀ |
| ၃။ | ကနေဒါ | ၆ | ၅ | ၆ | ၁၇ |
| ၄။ | နယ်သာလန် | ၆ | ၅ | ၂ | ၁၃ |
| ၅။ | အမေရိကန် | ၅ | ၃ | ၂ | ၁၀ |
| ၆။ | ဆွီဒင် | ၄ | ၃ | ၀ | ၇ |
| ၇။ | ဩစတြီးယား | ၄ | ၂ | ၄ | ၁၀ |
| ၈။ | ပြင်သစ် | ၄ | ၂ | ၄ | ၁၀ |
| ၉။ | တောင်ကိုရီးယား | ၃ | ၂ | ၂ | ၇ |
| ၁၀။ | ဂျပန် | ၂ | ၅ | ၃ | ၁၀ |

# မြန်နှုန်းမြင့်စကိတ်စီးအားကစားမယ် ကိုဒါရီရာ ဂျပန်အတွက် ရွှေတံဆိပ်ဆုတစ်ခု ဆွတ်ခူးပေး

ဂျပန်နိုင်ငံမှ မြန်နှုန်းမြင့်စကိတ်စီးအားကစားမယ် ကိုဒါရီရာသည် ၂၀၁၈ ပြုံချမ်း ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်၏ အမျိုးသမီးမြန်နှုန်းမြင့် စကိတ်စီးအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။

ကိုဒါရီရာသည် အမျိုးသမီးမြန်နှုန်းမြင့်စကိတ်စီး မီတာ ၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး မီတာ ၁၀၀၀ ပြိုင်ပွဲတွင်မူ ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရသူဖြစ်သည်။ ကိုဒါရီရာသည် ၂၀၁၆ ခုနှစ်မှစတင်၍ အမျိုးသမီးမြန်နှုန်းမြင့်စကိတ်စီး မီတာ ၅၀၀ ပြိုင်ပွဲများတွင် ၁၅ ကြိမ် ဆက်တိုက်နိုင်ပွဲရရှိခဲ့သည့် မှတ်တမ်းတစ်ရပ်ရှိခဲ့ပြီး အိုလံပစ်တစ်ဦးချင်း မြန်နှုန်းမြင့်စကိတ်စီးပြိုင်ပွဲများတွင် ဆုတံဆိပ်ရယူပေးခဲ့သည့် ဂျပန်နိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးစကိတ်စီးအားကစားမယ်တစ်ဦး ဖြစ်လာခဲ့သည်။

# စီရိုနယ်လ်ဒိုကို ထိုးနှက်ခဲ့သည့် ဇာဗီ



စီရိုနယ်လ်ဒိုမှာ ယခုအထိ နေမာထက် ပိုကောင်းနေသည်ဆိုသော ဝေဖန်မှုများမှာ မှုတခြင်းမရှိဘဲ စီရိုနယ်လ်ဒို သွင်းယူခဲ့သည့် သွင်းဂိုးနှစ်ဂိုးမှာလည်း ပင်နယ်တီတစ်ဂိုးနှင့် ဒူးတိုက်ဂိုးတစ်ဂိုးသာ ဖြစ်ကြောင်း ဘာစီလိုနာဂန္ထဝင်ကစားသမား ဇာဗီက ထောက်ပြကာ စီရိုနယ်လ်ဒို၏ စွမ်းဆောင်ရည်အပေါ် မေးခွန်းထုတ်ခဲ့သည်။

စီရိုနယ်လ်ဒိုမှာ ပီအက်စ်ဂျီကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည့် ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးခဲ့ပြီးနောက် စီရိုနယ်လ်ဒိုမှာ အသက်(၃၃)နှစ် ပြည့်မြောက်ခဲ့ပြီးသည့်တိုင် ယခုအထိ နေမာထက် ပိုကောင်းဆဲဖြစ်သည်ဟူသော ချီးကျူးသံများကို သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် ဇာဗီက စီရိုနယ်လ်ဒို၏ စွမ်းဆောင်ရည်မှာ ပြောပလောက်အောင် ကောင်းမွန်သည်ဟုမထင်မိကြောင်းကို "စီရိုနယ်လ်ဒို ဒီပွဲမှာ ဘာလုပ်ခဲ့သလဲ၊ သူက ပင်နယ်တီတစ်ဂိုးနဲ့ ဒူးတိုက်ဂိုးတစ်ဂိုး သွင်းခဲ့တယ်၊ နေမာက အန္တရာယ်ရှိတဲ့ ထိုးဖောက်မှုတွေ ဘယ်လိုပြုလုပ်ခဲ့သလဲ၊ မက်ဒရစ်ကို ကြောက်ရွံ့စေလောက်တဲ့ တန်ပြန် တိုက်စစ်တွေကို ဘယ်လိုကစားခဲ့သလဲ" ဟု ထောက်ပြခဲ့သည်။

စီရိုနယ်လ်ဒိုသည် အဆိုပါပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း သေချာပေါက်ဂိုးရနိုင်မည့် အခွင့်အရေးသုံးကြိမ်လောက်ကို လွဲချော်ခဲ့သည်ကို တွေ့ရသည်။ နေမာ၏ ဖခင်ကလည်း သူ့သားအပေါ် ဝေဖန်နေသူများမှာ အသေသားစောင့်စားနေသည့် လင်းတများနှင့်တူပြီး နေမာမှာ ငယ်စဉ်ကတည်းက ဝေဖန်မှုများမှ ရုန်းထွက်ကာ ဖီးနစ်ငှက်လို အကြိမ်ကြိမ် ပြန်လည်ရှင်သန်နိုင်သူဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

ရလဒ်ပိုင်းကျဆင်းနေခြင်းကြောင့် ဖိအားအောက်ကျရောက်နေသည့် ဇီဒန်း၏ ရီးယဲလ်မက်ဒရစ်အသင်းက ခြေစွမ်းတက်နေသည့် ပီအက်စ်ဂျီကို အိမ်ကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ပြီး နေမာနှင့် စီရိုနယ်လ်ဒိုတို့ကို နှိုင်းယှဉ်မှု၊ ပီအက်စ်ဂျီအသင်းဘက်မှ ဒိုင်ဖြစ်သူ၏ ဆုံးဖြတ်ချက်များအပေါ် ဝေဖန်ခဲ့မှုများဖြင့် နောက်ဆက်တွဲသတင်းများ ဗရစပ်ထွက်ပေါ်စေခဲ့သည်။

မေလှဲ့သင်း - ရေးသားသည်



# ဗီဒီယိုလက်ထောက်ဒိုင်စနစ် တိုးတက်ရမည်ဟု မော်ရင်ဟို ပြောကြား

ဗီဒီယိုလက်ထောက်ဒိုင်စနစ် (VAR)အနေဖြင့် မဖြစ်မနေတိုးတက်ရမည်ဟု မာတာ သွင်းယူခဲ့သည့် သွင်းဂိုးကို လူကျွံဘောအဖြစ် VAR စနစ်ဖြင့် ပယ်ဖျက်ခံရအပြီးတွင် မန်ယူနည်းပြ မော်ရင်ဟိုက ဖွင့်ဟသွားခဲ့သည်။ မန်ယူအသင်းသည် ဟက်ဒါဖီးလ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ရာ မာတာ၏ သွင်းဂိုး ပယ်ဖျက်ခြင်းခံရသည်မှာ ရလဒ်ပိုင်းအပေါ် သက်ရောက်မှုမရှိခဲ့သော်လည်း မော်ရင်ဟိုက စနစ်တစ်ခုဆိုသည်မှာ မဖြစ်မနေတိုးတက်ရန် လိုအပ်ကြောင်း မော်ရင်ဟိုက ထောက်ပြခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက "ကျွန်တော်ဟာ VAR စနစ်က ယူဆောင်လာခဲ့တဲ့ ကောင်းတာရော ဆိုးတာကိုပါ ရင်းနှီးပြီးသားပါ၊ ယခုကတော့ စမ်းသပ်ဆဲကာလလို့ ကျွန်တော်ထင်ပါတယ်၊ မှားရင် ပြီးပြည့်စုံဖို့ လုပ်ဆောင်ရမှာပါ"ဟု ပွဲအပြီးတွင် ပြောကြားခဲ့သည်။ ကွင်းလယ်လူ မာတာမှာ အက်ရှ်လေယန်း၏ တိကျသေသပ်သည့် ပေးပို့မှုကို ထောင့်ကျဉ်းထဲသို့ သွင်းယူခဲ့သော်လည်း VAR စနစ်မှ လူကျွံနေသည်ဟု သတ်မှတ်ကာ ပယ်ဖျက်ခံခဲ့ရသည်။

VAR မှ လူကျွံဘောအဖြစ် မဆုံးဖြတ်မီ မာတာက ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ် ဒိုင်ဖြစ်သူ ကီဗင်ဖရန့်က သူ၏ နားကြပ်ကိုရီယာကို လက်ဖြင့်ဖိကာ VAR စနစ်၏ အတည်ပြုချက်ကို ရယူခဲ့ခြင်းဖြစ်သည်။ မာတာက "ကျွန်တော်ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်မှာပဲ ဒိုင်လူကြီးက တစ်စုံတစ်ရာနဲ့ပြောပြီး ဒီဂိုးကို ငြင်းပယ်ခဲ့တော့ အဲဒီအချိန်ဟာ ခင်ဗျားအတွက် နည်းနည်းရှုးသွပ်စရာပါ"ဟု ဆိုခဲ့သည်။

# ထမ်းပိုးကျည်းနှင့်ရပ်ကြီးသူ

ဆုငှက်



> နာမည်ကျော် ရတနာ့ဂူပွဲတွင် မန္တလေးက တပျော်တပါး သွားရောက်ခဲ့ကြသော နွားလှည်းတန်းကြီးများနှင့် ကာလသား၊ ကာလသမီးတို့၏ ချစ်စဖွယ်အလေ့အထများကို ယခုတိုင် သိမီသူများက တသသဖြစ်ကြဆဲ . . .

ငယ်ငယ်က အိမ်ကိုဧည့်သည်လာလျှင်ပျော်သည်။ ရေစက်ရုံကြီးနားက ဒေါ်ဒေါ်လုံးတို့လာလျှင် အိမ်က ဒန်ချိုင့်လေးဆွဲပြီး အိမ်တော်ရာဘုရားအနောက်မုခ် မဟူရာဇရပ်ကြီးဘေးမှာ မလိုင်ပေါက်စီ သွားဝယ်ရသည်။ ကလေးတစ်ယောက် အပြေးအလွှား ချွေးသံတရွှဲရွှဲနှင့် သွားဝယ်ပေးသော မလိုင်ပေါက်စီကို အဘယ်ကဲ့သို့သော ဧည့်သည်သည် အကုန်လုံး စားပစ်ရက်ပါမည်နည်း။ (ဧည့်သည်မျိုမကျအောင် ကျွန်တော်ကလည်း ဧည့်သည်အနားထိုင်ကာ ပါးစပ်တပြင်ပြင် ဖြစ်နေတာလည်းပါမည်။) ဧည့်သည်က မလိုင်ပေါက်စီကို တစ်ဝက်လောက်သာစားပြီး "အိမ်ကလည်း ကော်ဖီတွေသောက်လာလို့ မုန့်ကမကုန်တော့ဘူး၊ ရော့ ရော့ ကျန်တဲ့တစ်ဝက် မင်းစားလိုက်တော့" ဟူ၍ မလိုင်ပေါက်စီပန်းကန် ထိုးပေးလိုက်လျှင် ဟန်မဆောင်နိုင်ဘဲ သုတ်ခနဲယူကာ အားပါးတရ စားရတော့၏။ ဒါက တစ်မြို့တည်းနေ ဧည့်သည်။

**ရင်ခုန်ဖွယ် ရပ်ဝန်း**

တစ်ရပ်တစ်ကျေးက ဧည့်သည်လာတော့လည်း ပို၍ပျော်သည်။ တစ်ရပ်တစ်ကျေး ဧည့်သည်ဆိုတာလည်း များများစားစားမရှိ။ အဖေတို့ အမေတို့ဇာတိရွာက ဦးကြီး၊ ဘကြီး၊ ဒွေးလေး၊ ဒွေးကြီးများပဲဖြစ်သည်။ သူတို့လာလျှင်ဘုရားကြီးသွားရသည်။ မန္တလေးတောင်သွားရသည်။ အရှေ့ဝင်းသွားရသည်။ (အရှေ့ဝင်းဆိုတာ မင်္ဂလာဈေးအနီး အမျိုးများနေထိုင်ရာ အရပ်ဖြစ်သည်။) သာသနာ့ဗိမာန်သွားရသည်။ ရွှေကျီးမြင်သွားရသည်။ ရှင်ပင်ပက်လက်ရေစက်လက် သွားရသည်။ ပြီးတော့ ညပိုင်းဆိုလျှင် သကျသီဟဘုရားသွားရသည်။အိမ်တော်ရာ ဆိုတာကတော့ ဆွေဘုရား၊ မျိုးဘုရား။

ဟော အခုလည်း အဖေ့အစ်ကိုဖြစ်သူ ဦးကြီးဦးချစ်တီး ရွာကလာသည်။ မနက်လင်းတာနှင့် အဖေက သူ့အစ်ကိုကို မြို့မုန့်များနှင့် ဖွယ်ဖွယ်ရာရာ ဧည့်ခံသည်။ ကိုဘစိမ်း လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်နှင့် ထပ်တစ်ရာဖြစ်၏။ ဦးပုကွမ်းယာဆိုင်က "ပဲဒလီး"မုန့်လည်း ပါသည်။ ဒါတောင် အဖေက "ဦးမှန် ဆီချက်ခေါက်ဆွဲ ကျွေးချင်တာ"ဟု ဆို၏။ ဦးကြီးက လက်ဖက်ရည်သောက်ပြီး ကျောင်းပိတ်ထားသည့် ရှစ်တန်းကျောင်းသား ကျွန်တော့်ကို "မင်း ဒီနေ့ကျောင်းပိတ်တယ် မဟုတ်လား" ဟု မေးတော့ ဦးကြီးနှင့် ဘုရားကြီးလား၊ မန္တလေးတောင်လား သွားရတော့မှာမို့ ဦးကြီးစကားဆုံးသည်နှင့် "ပိတ်တယ်ဗျ၊ စနေ၊ တနင်္ဂနွေ နှစ်ရက်တောင်မှ"ဟု အားတက်သရောဖြေမိသည်။ "အေး ဒါဆိုရင် ခဏနေ ငါနဲ့လိုက်ခဲ့ကွာ ဈေးချိုထဲ ထမ်းပိုးကြီး သွားဝယ်ကြရအောင်"ဟုဆိုတော့ ခင်ဗျာဟုပဲ အာမေဋိတ်သံ ထွက်သွားပြီး မျက်လုံးအပြူးသား ဖြစ်သွားသည်။ မိတ်ဆွေပဲ စဉ်းစားကြည့်လေ။ ဈေးချိုဆိုတာ ကျွန်တော်ကျောင်းသွား ကျောင်းပြန် ရှိုးကျကျဝတ်စားပြီး (ကျောင်းဝတ်စုံကိုပင် မီးပူတိုက်ကာ သပ်ရပ်စွာဝတ်စားခြင်းကိုဆိုလိုသည်။) မုန့်စုံတန်းက၊ ထိုးမုန့်တန်းက၊ မြောက်မလွယ်က ဈေးချိုသူလေးတွေကိုငေးမောရင်း၊ အဟဲ မျက်လုံးချင်းစကားပြောနေရသည့် ရင်ခုန်ဖွယ် ရပ်ဝန်းမဟုတ်လား။ အဲဒီဈေးချိုမှာ ဗန်းမော်တဘက်ကြီးခေါင်းပေါင်းပေါင်း၊ ပင်နီတိုက်ပုံကြီးနှင့် နှစ်နံစပ်ဖျင်လုံချည်ကြီးနဲ့ တာယာဖိနပ်ကြီးစီးထားသော ဦးကြီးနှင့်အတူ 'ထမ်းပိုးကြီး' ကို ဝယ်ပြီး တစ်ယောက်စီ တစ်ဖက်တစ်ချက် ထမ်းပြန်ရမည်ဆိုတော့။ သေချာသည်။ ဦးကြီးကလည်း ထမ်းပိုးကြီးဝယ်ပြီး အိမ်တန်းပြန်ဦးမှာ မဟုတ်။ ထိုးမုန့်တန်းကို၊ မုန့်စုံတန်းကို၊ မလွယ်ပေါက်က မြဂုဏ်ရောင်ဆိုင်ဆီကို ဝင်ဦးမှာဆိုတော့။ ဟူး ကျောင်းပိတ်တယ်လို့ ခေါင်းညိတ်မိတာ မှားပြီထင်တယ်ဟု ချွေးသီးချွေးပေါက်ကျသည်အထိ နောင်တရနေမိ၏။

**မန္တလေးဈေးချိုဆိုတာ**

နေပါဦး။ ပြန်စဉ်းစားပါဦး၊ ဈေးချိုမှာ(ထိုစဉ်က)ရုံကြီး ၁၂ရုံတွင် အနောက်မြောက်ထောင့်စ၍ အေရုံ၊ ဘီရုံ၊ စီရုံပြီးတော့ မြောက်မလွယ်ပေါက်၊ နောက် ဒီရုံ၊ အီးရုံ၊ အက်ဖ်ရုံ။ ပြီးတော့ အလယ်ပေါက် ဂျီရုံ၊ အိတ်ချ်ရုံ၊ အိုင်ရုံ။ ပြီးတော့ တောင်မလွယ်ပေါက်၊ နောက်ဂျေရုံ၊ ကေရုံ၊ အယ်လ်ရုံဟူ၍ ရုံ ၁၂ရုံရှိသည်။ အေရုံက ဆန်နှင့်ပဲအမျိုးမျိုး၊ ဘီရုံကမေမြို့(ပြင်ဦးလွင်)ကုန်စိမ်းနှင့် ဆေးအမျိုးမျိုး၊ စီရုံက စာအုပ်နှင့် စာရေးကိရိယာ၊ ဒီရုံကလက်ဖက်ခြောက်၊ လက်ဖက်စိုနှင့် ကုန်ခြောက်၊ အီးရုံကနာမည်ကျော် ရွှေဆိုင်းတန်း၊ အက်ဖ်ရုံက အထည်အဝတ်၊ ဂျီရုံကကုန်စုံကုန်ခြောက်၊ အိတ်ချ်ရုံက ကျူလီယာကုန်၊ အလှကုန်၊ အိုင်ရုံက ပိုးထည် ဖဲထည်၊ ဂျေရုံက ငါးပိငါးခြောက်၊ ကေရုံက ဆေး၊ ဆေးရိုးနှင့် ဘယဆေး၊ အယ်လ်ရုံက ချုပ်ပြီးအထည်၊ ဖိနပ်၊ ယွန်းထည်၊ ယွန်းအစ်၊ ပိုးခင်ချည်ထုပ်၊ ချည်ဆိုးဆေးအမျိုးမျိုး ရောင်းချသည်။ တစ်ရုံလျှင် ဆိုင်ခန်း ၁၆၀ ရှိသည်။ ရုံကြီး ၁၂ ရုံဆိုတော့ ဆိုင်ပေါင်း ၁၉၂၀ ရှိမှာပေါ့။ ဒါကြားတန်းတွေမပါ။ အခြားဈေးတန်း၊ အခြားရုံတွေမပါ။ ထားပါတော့။ ပြောချင်တာက မန္တလေးဈေးချိုဆိုတာ ပစ္စည်းတွေကိုသူ့ရုံနှင့်သူ၊ သူ့အတန်းနှင့်သူ တစုတစည်းတည်းရောင်းချကြသည်။ ဒါကို ဆိုလိုရင်းဖြစ်သည်။

ဤသို့ဆိုလျှင် "ထမ်းပိုးကြီး"က ဘယ်မှာရောင်းတာလဲ။ ဦးကြီးကတော့ ဈေးချိုထဲမှာဟု အတိအကျပြောနေသည်။ မတတ်နိုင်ဘူးလေ။ ခေါင်းညိတ်ပြီးမှတော့ မျက်နှာပူပူနှင့်လိုက်ရှာရုံပဲပေါ့။ သည်တော့မှ မန္တလေးသား ကျွန်တော်မှာ အသက် (၆၀) အရွယ်တောသားကြီးလောက် မန္တလေးဈေးချိုကိုမန္နံ့စပ်မှန်းသိလိုက်ရတော့၏။ အေရုံ အနောက်ဘက်မှာ ငှက်ပျောတန်း၊ မွေ့ယာတန်းရှိသည်။ သူ့အနောက်ဘက် ရွှေတချောင်းမြောင်းကို မျက်နှာပြုပြီးဆိုင်တန်းတစ်တန်းရှိသေးသည်။ လှည်းနွားနှင့်ပတ်သက်သည့် လယ်ယာသုံးပစ္စည်းတွေ အစုံအလင် ရောင်းချသည်။ နွား ကကြိုးတန်ဆာ၊ နဖားကြိုး၊ လှည်းပစ္စည်းအမျိုးမျိုးမှစ၍ ပွဲ့လျက်လုံးကြီးတွေအထိရှိသည်။ ဦးကြီးကနွားလည်ပတ်တွေ ချိတ်ဆွဲထားသည့်ဆိုင်တစ်ဆိုင်တွင်ဝင်ပြီး "ထမ်းပိုးကြီး ပြစမ်းပါ"ဟု ဆိုသည်။ ကျွန်တော်က လေးငါးခြောက်ပေလောက်ရှည်မည့် နွားနှစ်ကောင်ပခုံးပေါ်က လုံးပတ်လူကြီးလက်နှစ်ဖက်ကွင်းစာလောက်ရှိ ပွတ်လုံးကို ထိုးထားသော သစ်သားလုံးကြီးကို မျက်စိဝေ့ရင်း ရှာဖွေမိသည်။ ဆိုင်ရှင်အမျိုးသမီးကတစ်တောင် လောက်ရှိသော ပွတ်လုံးထိုးထားသည့် တုတ်တိုလေးချောင်းထုတ်ပေးသည်။ ကျွန်တော် မျက်မှောင်ကြုတ်သွားသည်။ မမေးရဲ။

**ထမ်းပိုးကျည်း**

ဦးကြီးက ပွတ်လုံးထိုးထားသော ကြေးမှုံလေးတွေ စီခြယ်ထားသည့် တုတ်ချောင်းလေးတွေကို အပဲ့အရွဲ့လေးတွေ ရွေးပြီး ဈေးဆစ်ဝယ်သည်။ ပြီးတော့ မြောက်ဘက်က စံတော်သစ်ကဖေးမှာ လက်ဖက်ရည် သောက်ကြ၏။ ကျွန်တော်က "ဦးကြီးက ထမ်းပိုးကြီး ဝယ်မယ်ဆိုပြီး အခုတော့" ဟုမေးတော့ "ရဲကျော်ရ ထမ်းပိုးကြီးဆိုတာ၊ ဒါကိုခေါ်တာကွ။ မင်းပြောတာက ထမ်းပိုးတုံးကွ"ဟု မျက်ရည် ထွက်မတတ်ရယ်ရင်း ရှင်းပြ၏။

တကယ်တော့ ကျွန်တော်က ကလေးအရွယ်သာသာမို့ ထိုစကားလုံးတွေကို နားမလည်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့ကျေးလက်နွားလှည်းနှင့် ပတ်သက်၍ အသုံးအနှုန်းတွေကို အခုမှလေ့လာမိသဖြင့် ဦးကြီးပြောသော ထမ်းပိုးကြီးဆိုသည်မှာ "ထမ်းပိုးကျည်း"ကို အသံထွက်ကြောင်း သိရ၏။ လှည်းမှာထမ်းပိုး၊ ထမ်းပိုးကြိုး၊ ကရန်ို့၊ လှည်းဦးပွတ်၊ လှည်းထောက်၊ လှည်းသန်၊ လှည်းထုပ်၊ ဆိတ်မျက်လုံး၊ လှည်းဖနောင့်(ခူသံ)၊ နန်းဖျားခွေ၊ နန်းရင်းခွေ၊ ပုံတောင်း၊ တံကူ၊ နားစောင့်(ပုရစ်)၊ ကက်ပေါင်၊ ကက်အိမ်၊ ဆောင်ပန်း၊ ဓားမချပ်၊ စည်းကုံး၊ စွယ်ရန်း၊ လက်ရုံး၊ ရုံတိုင်၊ ဇင်တုံး၊ ဝင်ရိုး၊ ဝန်ကော်၊ ဝက်စွယ်၊ ပုံလုံတိုင်ဟူသော အခြားအသုံးအနှုန်းများကိုလည်း လေ့လာမှတ်သားရသည်။

ကျွန်တော်နှင့်ဦးကြီး မြေးအဖိုးနှစ်ယောက် "ထမ်းပိုးကျည်း"ကို တစ်ယောက်တစ်စုံစီကိုင်ရင်း၊ ဦးကြီးက မြောက်ဘက်ရှိ စံတော်သစ်လက်ဖက်ရည်ဆိုင်မှာ ကျွန်တော့်ကိုလက်ဖက်ရည်သောက်ရင်း လှည်းအစိတ်အပိုင်း တွေကိုရှင်းပြဖူး၏။ ထိုစဉ်က ကျွန်တော် နားမလည်ခဲ့။

**မန်ကျည်းပင် အောက်က လှည်းဝိုင်း**

ထိုစဉ်က စံတော်သစ်လက်ဖက်ရည်ဆိုင်နှင့် မျက်နှာချင်းဆိုင် ရွှေတချောင်းမြောင်းအကျော် မန်ကျည်းပင်တွေအောက်မှာ လှည်းဝိုင်းရှိသည်။ လှည်းတွေကိုချွတ်ထားပြီး နွားတွေကို မန်ကျည်းပင်ကြီးတွေအောက် လှန်ထားသည်။ မန္တလေးမှာ ရှေးကတည်းက ၁၉၈၀ ဝန်းကျင်ကာလတွေအထိ အဓိကကုန်စည်ပို့ဆောင်ရေးတွင် လှည်းကိုပဲ အသုံးပြုကြသည်။ ရှမ်းပြည်နယ်ကဆင်းလာသော လက်ဖက်ကုန်သည်၊ သနပ်ဖက်ကုန်သည်များ၏ လှည်းတွေက ဒေးဝန်းရပ်မှာ ချွတ်ကြသတဲ့။ ထိုနေရာတစ်ဝိုက်တွင် ရှမ်းဝိုင်းရပ်ကွက်ဟူ၍သာမက ရဟိုင်းဈေး၊ လှည်းစောင်းတန်း၊ ရုံးသာလှည်းတန်း၊ စိန်ပန်းလှည်းတန်းဟူ၍ "လှည်း"နှင့်ပတ်သက်သည့် ရပ်ကွက်ကြီးများတည်ရှိသည်။ ရဟိုင်းဈေး လှည်းစောင်းတန်းက လှည်းနှင့်ပတ်သက်သည့် ပစ္စည်းပစ္စယများထုတ်လုပ်ရာ ရပ်ကွက်ဖြစ်သည်။ ယခုတိုင် ထုတ်လုပ်နေဆဲဖြစ်သည်။ နန်းတော်ရှေ့ရှိ လှည်းတန်းမှာမူ ကုန်တင်လှည်းမဟုတ်ဘဲ ထီးနန်းသုံးလှည်းယဉ်၊ လှည်းယဉ်ကြော့များထုတ်လုပ်သည့် အရပ်ဟုဆိုသည်။

ကျွန်တော်နှင့် ဦးကြီးထိုင်နေကြသည့် စံတော်သစ်ကဖေးနှင့် ရွှေတချောင်းခြားပြီးရှိနေသော လှည်းဝိုင်းကတော့ ဈေးချိုလှည်းဝိုင်းဖြစ်သည်။ ပါတော်မူပြီးနောက်ပိုင်း ဈေးချိုနှင့်အတူ ရန်ကုန်-မန္တလေးမီးရထားလမ်းပေါက်သွားခြင်းနှင့် ရတနာပုံခေတ်နိုင်ငံခြားသံတဲများနှင့် နီးစပ်ရာ အာဠဝီ စီလမ်း၏ ကုန်တိုက်ကြီးများဖွံ့ဖြိုးမှုတို့ကြောင့် ကုန်စည် သယ်ယူပို့ဆောင်ရေး အချက်အချာများမှာ ဈေးချိုတော်နှင့် ဘူတာကြီးကုန်ရုံလှည်းဝိုင်း (ယခု ၇၉လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား)တို့မှာ အထူးစည်ကားခဲ့၏။

**ပွဲစားကုန်သည်များအသင်းကြီး**

ဈေးချိုလှည်းဝိုင်းကား ထိုစဉ်ကပွဲစားကြီး ဦးလေးသန့်၏ အိမ်ရှေ့မှာရှိသည်။ ဦးလေးသန့်အိမ်ရှေ့တွင် ခန်းပေါက်ခုတင်ကြီးရှိသည်။ မနက်လင်းတာနှင့် ထိုခုတင်ကြီးတွေပေါ် ပွဲစားတွေစုကြသည်။ လက်ဖက်ရည်ကြမ်းသောက်ရင်း နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စတွေ ဆွေးနွေးကြသည်။ ထိုစဉ်က ယိုယွင်းအားနည်းနေသော "မန္တလေး သာသနာ"ကို အဓိကချီးမြှောက်နေသည့် မလွန်ဈေးဆန်လျှအသင်းကြီးနှင့် ပရိယတ္တိသာသနဟိတအသင်းကြီးများကို ပွဲစားကုန်သည်၊ စက်ပိုင်များက အားကျဂုဏ်ယူနေကြသည်။ (၁၂၅၈)၊ ၁၈၉၆-ခုနှစ်တွင် မလွန်ဆန်လျှအသင်းကြီးနှင့် (၁၂၆၀) ပြည့်၊ ၁၈၉၈ ခုနှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီးတို့ကို တည်ထောင်ခဲ့သည်။) ထိုစိတ်ဓာတ်ဖြင့် ဈေးချိုအနောက်ဘက် ပွဲစားတန်း ဦးလေးသန့်အိမ်တွင် စုဝေးလေ့ရှိသည့် ပွဲစားကုန်သည်စက်ပိုင်များကလည်း ၁၂၉၇ ခု(၁၉၃၅)ကစပြီး ပွဲစားကုန်သည်များအသင်းကြီးကို စတင်ဖွဲ့စည်းကြကာ နှစ်စဉ် တန်ဆောင်မုန်းလတိုင်း ခမ်းနားစွာခင်းကျင်းလှူဒါန်းခဲ့ကြသည်။

မူလဖွဲ့စည်းစဉ်က "ပွဲစားကုန်သည်များအသင်း" နောက် ၁၃၂၆ ခု (၁၉၆၅)တွင် "ပွဲစားကုန်သည်များ၏ ကထိန်တော်အသင်း"၊ ထို့နောက် ၁၃၄၈ ခု (၁၉၈၇) တွင် "ပွဲစားကုန်သည်၊ စက်ပိုင်များ၏ ကထိန်တော်အသင်း" ဟူ၍ ထပ်မံပြောင်းလဲခဲ့ကြသည်။ ယခုထက်တိုင် မလွန်ဈေးဆန်လျှအသင်းကြီး၊ ပရိယတ္တိသာသနဟိတ အသင်းကြီးတို့နှင့် အလားတူ ဂုဏ်သရေရှိစွာ ခိုင်မာတည်တံ့နေသည့် "ပွဲစားကုန်သည်၊ စက်ပိုင်များ၏ ကထိန်တော် အသင်းကြီး" ဖြစ်ပါ၏။

**ရပ်ကြီးသူတို့ ဟန်မူပိုပို**

အခုတော့ မန္တလေးတွင် ပြောင်းလဲတိုးတက်လာသော မြို့ပြအနေအထားများအရ နွားလှည်းများကို မြို့ဆင်ခြေဖုံးတွင်သာ တွေ့ရတော့သည်။ တစ်ချိန်က မန္တလေးအခြေပြုပွဲကြီးလမ်းကြီးများတွင်ပင် နွားလှည်းမပါလျှင်မပြီးချေ။ နာမည်ကျော် ရတနာ့ဂူပွဲတွင် မန္တလေးက တပျော်တပါးသွားရောက်ခဲ့ကြသော နွားလှည်းတန်းကြီးများနှင့် ကာလသား၊ ကာလသမီးတို့၏ ချစ်စဖွယ်အလေ့အထများကို ယခုတိုင် သိမီသူများက တသသဖြစ်ကြဆဲပင်။ ထို့ပြင် မန္တလေးမြို့လယ်ကောင် ၈၃ လမ်းနှင့် ၈၄ လမ်းကြား၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြားရှိ ရှင်ဥပဂုတ်ဝင်းမှ ရှင်ဥပဂုတ်ရေချပွဲကိုလည်း နွားလှည်းများဖြင့် ယခုတိုင်အစဉ်အလာမပျက်ကျင်းပဆဲဖြစ်သည်။ မဏ္ဍပ်ကြီးများထိုး၍ အကြီးအကျယ်ကျင်းပလေ့ရှိသော မန္တလေးရှင်ပြုပွဲများတွင်မူ အလှူလှည့်အခမ်းအနားများ၌ ခြောက်စထောင် ရွှေရောင်လှည်းယဉ်ကြော့များကို ယခုတိုင် ဂုဏ်ဒြပ်အနေနှင့် တွေ့နေရဆဲဖြစ်ပါ၏။

"ရပ်ကြီးသူတို့ ဟန်မူပိုပို . . .
နေညို ညချမ်း. . . ဆင်းမြန်းဆာပါ
အိုလေ. . . ကွမ်းတုံပြိန်းငယ်နှင့်
နွတ်စိမ်းပဝါ. . . .
လှည်းယဉ်လေလေ. . . လှုပ်တယ်နော် မေရယ်
သုတ်သုတ်ကလေးနှင့်လို့သာ. . . . " ဟူသော ရပ်ကြီးသူ ယိုးဒယားကို သတိရစေတော့သည်။ ။

# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၂/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တော်ဝင်ဟံသာခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီး မြေ/စစ်ကော်မတီအနေဖြင့် သိမ်းဆည်းမြေယာအမှုတွဲများအပေါ် ဆုံးဖြတ်ချက်များ ချမှတ်ရမည်မဟုတ်ဘဲ အောက်ခြေကော်မတီ အဆင့်ဆင့်မှ တင်ပြလာမှုများကို သုံးသပ်ပြီး ဗဟိုမြေ/စစ်အဖွဲ့ သို့ အကြံပြုတင်ပြပေးရမှာဖြစ်ကြောင်း၊ အောက်ခြေ မြေ/ စစ်ကော်မတီများကိုလည်း စာရင်းအင်းအချက်အလက်များ မှန်ကန်မှုရှိစေရန်နှင့် ပြန်လည်စွန့်လွှတ်သည့်မြေများကို ပြဋ္ဌာန်းထားသည့် မြေယာဥပဒေနှင့်အညီ မူလတောင်သူများထံသို့ အမြန်ဆုံးပြန်လည်ရောက်ရှိစေရေး ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးမင်းသိန်းက သိမ်းဆည်းလယ်ယာမြေများနှင့် ပတ်သက်၍ Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသည့် ကော်မတီဝင်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

ပဲခူးခရိုင်တွင် ၆၇၅၁ ဒသမ ၅၈ ဧကရှိ တောင်သူ ၇၇၇ ဦးကို ဧရိယာ ၄၄၁၆ ဒသမ ၅၃ ဧကကိုလည်းကောင်း၊ တောင်ငူခရိုင်တွင် ၇၃၀၀ ဒသမ ၈၆ ဧကရှိ တောင်သူ ၉၁၅ ဦးကို ဧရိယာ ၅၃၀၁ ဒသမ ၇၆ ဧကကိုလည်းကောင်း၊ ပြည်ခရိုင်တွင် ၁၆၈၉ ဒသမ ၀၇ ဧကရှိ တောင်သူ ၅၁၃ ဦးကို ဧရိယာ ၁၁၅၆ ဧကကိုလည်းကောင်း၊ သာယာဝတီခရိုင်တွင် ၁၇၀၇ ဒသမ ၈၁ ဧကရှိ တောင်သူ ၂၉၅ ဦးကို ဧရိယာ ၁၀၅၈ ဒသမ ၄၉ ဧကကိုလည်းကောင်း ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်ရှိမြေဧရိယာများသည် ရေဝပ်ဧရိယာ၊ အခြားမြေဧရိယာ၊ စားကျက်မြေဧရိယာ၊ ကျောက်ထုတ်မြေဧရိယာနှင့် မြေရိုင်း/တောရိုင်းဧရိယာတို့ပါဝင်ပြီး အချို့မြေဧကများသည် မူလ တောင်သူများသို့ ဆက်သွယ်၍မရခြင်း၊ မှတ်ပုံတင်မထားသည့် ဧရိယာအတွင်းပါဝင်လျက်ရှိခြင်း၊ တင်ပြမြေကွဲလွဲနေခြင်း၊ တောင်သူများ အငြင်းပွားမှုဖြစ်နေခြင်းတို့ကြောင့် လွှဲပြောင်းပေးအပ်ရန် ကျန်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် မြေ/စစ် ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**တင်စိုး(ပဲခူး)**

# YBS ၇၈ ယာဉ်လိုင်း စတင်ပြေးဆွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

YBS ယာဉ်လိုင်းသစ်အဖြစ် ယာဉ်လိုင်အမှတ် ၇၈ ဖြင့် လမ်းကြောင်း ခရီးစဉ်သစ်ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်ပြေးဆွဲခဲ့သည်။

လမ်းကြောင်းသစ် အနေဖြင့် တညင်းကုန်းဘူတာဈေးမှ တညင်းကုန်းလမ်းဆုံ၊ ဖော့ကန်၊ ဘိုကုန်း၊ အင်းစိန်ပန်းခြံ၊ သမိုင်းလမ်းဆုံ၊ လှည်းတန်း၊ မြေနီကုန်း၊ စံပြ၊ မဟာဗန္ဓုလလမ်း၊ ဆူးလေ၊ ဘူတာကြီး ဂိတ်ဖျားဖြစ်ပြီးအပြန်ခရီးစဉ်အဖြစ် အနော်ရထာလမ်းမှ လာရာလမ်းအတိုင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်ကို လူထုမိတ်ဆွေ အများပိုင်ယာဉ်လိုင်း ကုမ္ပဏီက ပြေးဆွဲခြင်းဖြစ်ပြီး တရုတ်နိုင်ငံထုတ် ၂၀၁၇ ခုနှစ် မော်ဒယ် Foton Bus ယာဉ်စီးရေ ၅၀ ဖြင့် စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

ယာဉ်လိုင်း စတင်ပြေးဆွဲခြင်းအနေဖြင့် ဖေဖော်ဝါရီ ၁၈ ရက်တွင် ခရီးသွားပြည်သူများအား ယာဉ်စီးခ အခမဲ့ပို့ဆောင်ပေးခဲ့ပြီး သံဃာတော်၊ သီလရှင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကျန်းမာရေးမကောင်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မူလတန်းနှင့် အလယ်တန်းကျောင်းသား၊ ကျောင်းသူများအား ယာဉ်စီးခ နေ့စဉ် အခမဲ့ဖြစ်ကြောင်း သိရသည်။

လူထုမိတ်ဆွေ ကုမ္ပဏီအနေဖြင့် ယခုနှစ်အတွင်း ရွှေပြည်သာ၊ အင်းစိန်လမ်းမကြီးတစ်လျှောက် ခရီးစဉ်များ ထပ်မံပြီးတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ပြီး မကြာမီ ရက်ပိုင်းအတွင်း အနောက်ပိုင်းတက္ကသိုလ်နှင့် ဘူတာကြီးသို့ ပြေးဆွဲမည့် ခရီးစဉ်ဖြစ်သော YBS 93 ယာဉ်လိုင်းကို ထပ်မံပြေးဆွဲသွားမည်ဟု သိရသည်။

**၀၀၁**






# ခရမ်းမြို့၌ လူငယ်နှင့် လူမှုမီဒီယာခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ခရမ်း ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး ကျင်းပသည့် လူငယ်နှင့် လူမှုမီဒီယာ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြပွဲစုံရုံခန်းမ၌ ကျင်းပခဲ့သည်။

တွံတေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ ကျောက်တန်းမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၊ သဃ်န်းကျွန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ကျောက်တံတားမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာနှင့် ဆရာဦးဇာနည်တင် (MCT) (MD:Z&S Education Services Company) (Moderator) တို့က ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်ကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲသို့ ခရမ်းမြို့နယ်အတွင်းမှ လူငယ်လူရွယ်များ၊ စိတ်ပါဝင်စားသူများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာ၊ ရပ်ကွက်များမှ လူမှုရေးအသင်းအဖွဲ့များမှ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(ခရမ်းပြန်/ဆက်)**

# ဂမုန်းရေလှောင်တမံ ဆည်ရေဖြင့် နွေစပါးနှင့်အခြားသီးနှံများကို ယခင်ထက်ပိုမိုစိုက်ပျိုးနိုင်

**ပဲခူး ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ဂမုန်းဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများအနေဖြင့် နွေစပါးနှင့်အခြား သီးနှံများကို ယခင်နှစ်ထက် ပိုမိုစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းတော့မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဒေသခံများစိုက်ပျိုးရေးလုပ်ငန်း ပိုမိုအဆင်ပြေစေရန်အတွက် ဂမုန်းရေလှောင်တမံမှ ကန်ရေပြည့် ရေလှောင်ပမာဏကို ပြည့်ဝစွာသိုလှောင်ပေးထားပြီး ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို ယခင်နှစ်ထက် စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်မည်ဖြစ်ပြီး စိုက်ပျိုးဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဂမုန်းဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဌာနမှ လုပ်သားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သောကြောင့် ယခင်နှစ်နွေစပါး ၉၇၅ ဧက၊ အခြားသီးနှံ ဧက ၁၀၀၀ စုစုပေါင်း စိုက်ပျိုး ၁၉၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ယခုနှစ် နွေစပါးစိုက်ပျိုးဧက ၃၅၀၀၊ အခြားသီးနှံဧက ၁၀၀၀ စုစုပေါင်း ဧက ၄၅၀၀ ကို စိုက်ပျိုးရန် လျာထားခဲ့ရာ ဒေသခံတောင်သူများ အနေဖြင့် ယခင်နှစ်ထက် ၂၅၂၅ ဧကကို ပိုမိုစိုက်ပျိုးနိုင်တော့မည်ဖြစ်သောကြောင့် မိသားစုစားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းများ မြင့်တက်လာတော့မည်ဖြစ်သည်။

**သူရိန်ထွန်း**



# (160 mm)HDP ပိုက်ကြီးများအစားထိုးဆောင်ရွက်မှုပြီးစီး

**အလုံ ဖေဖော်ဝါရီ ၁၉**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းရှိ သောက်သုံးရေကန်ကြီးအား သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အလုံမြို့နယ်စည်ပင်သာယာရုံး အင်ဂျင်နီယာဌာနရေသန့်ဌာနမှ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်ဆွေမာလာလွင်၊ လက်ထောက်ကြီးကြပ်ရေးမှူး ဦးတင်အောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော နှစ်ပေါင်း ၇၀ ကျော်သက်တမ်းရှိ အဆိုပါရေကန်ကြီးအား ခြောက်လက်မရေပိုက်အစား (160mm ) HDP ပိုက်များဖြင့် အစားထိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဒေါ်နွယ်နွယ်ဝင်းနှင့် ဒေါ်ယဉ်ယဉ်မြင့်၊ အလုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

# ပြန်/ဆက်ဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ဝန်ထမ်းများ၏ စွမ်းဆောင်ရည်၊ အတွေးအခေါ်၊ စိတ်ဓာတ်များ မြင့်မားစေရန် ရည်ရွယ်၍ ဖွင့်လှစ်သော စွမ်းရည်မြှင့်သင်တန်း (၁/၂၀၁၈)ကို ဖေဖော်ဝါရီ ၁၉ နံနက် ၉ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရန်ကုန်) သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က မိမိတို့သည် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများဖြစ်သည်နှင့်အညီ အခြားသူများကို အလင်းပေးသလို မိမိကိုယ်တိုင်လည်း အလင်းဆောင်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရုံးချုပ်ဌာနခွဲ (ရန်ကုန်)မှ ရုံးအုပ်၊ ဒုတိယဦးစီးမှူး ၊ စာကြည့်တိုက်လက်ထောက်-၃၊ အကြီးတန်းစာရေးရာထူးအဆင့် သင်တန်းသား ၃၀ ဖြင့် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၉ ရက်ထိ ဖွင့်လှစ်သင်ကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး ပြန်/ဆက်**



## နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲ ဟားခါး၌ ကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၁၉**
နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၆ နာရီခွဲက ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း အဝင်မုခ်ဦး၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ကျား ၇၅ ဦး၊ မ ၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ချင်းပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇိုပါမောင်က သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးကာ ဝမ္မသူးမောင် အားကစားကွင်းမှ ဗိုလ်ချုပ်လမ်းအတိုင်း ဟားခါး-ထန်တလန်လမ်းခွဲအထိ လည်းကောင်း၊ ယင်းမှတစ်ဆင့် ဝမ္မသူးမောင်အားကစားကွင်း၌ ပြန်လည် ပန်းဝင်ကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစောနေမင်းထွန်းနှင့် တာဝန်ရှိသူများက ပထမဆု ကျပ် ၁၀၀၀၀၀၊ ဒုတိယဆု ကျပ် ၇၅၀၀၀၊ တတိယဆု ကျပ် ၅၀၀၀၀၊ နှစ်သိမ့်ဆု ကျပ် ၂၀၀၀၀စီဖြင့် ၁၀ ဦးတို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ် ပြန်/ဆက်**

## ရေးမြစ်ချောင်းသာယာလှပစေရေး မြစ်ကမ်းပါးမြေထိန်းနံရံတည်ဆောက်

**ရေး ဖေဖော်ဝါရီ ၁၉**
မွန်ပြည်နယ် ရေးမြို့ ရေးမြစ်ချောင်း သာယာလှပစေရေးနှင့် မြစ်ကမ်းပါးရေတိုက်စားခြင်းဒဏ် ကာကွယ်သွားရန်အတွက် အများပြည်သူအပန်းဖြေ နေရာတစ်ခုဖြစ်လာစေရေး ပြန်လည်တည်ဆောက်လျက်ရှိကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် အစိုးရခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၂၅၉ သန်း အကုန်အကျခံကာ ပေ ၄၀၀ ကို ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် S Galacticos Co.ltd(ဂ ကြယ်စင်စုကုမ္ပဏီလီမိတက်) ကတာဝန်ယူ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်ကရေးမြစ်ချောင်းသည် မြစ်ရေလှိုင်းရေတိုက်စားမှုများကြောင့် မြစ်ကမ်းပါး ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်လာခဲ့ပြီး စွန့်ပစ်အမှိုက်များက မြစ်အတွင်းရုပ်ဆိုး အကျည်းတန်မှုများ ဖြစ်လာသောကြောင့် အပန်းဖြေ အနားယူသူတွေကိုပါ စိတ်အနှောင့်အယှက်ဖြစ်ပေါ်စေကြောင်း အနီးအနားနေထိုင်သူများက ပြောကြားသည်။

အခုလို မြစ်ချောင်းကမ်းပါးကို ပြန်လည်ပြုပြင် တည်ဆောက်သည့်အတွက် အများပြည်သူ အပန်းဖြေအနားယူစရာနေရာတစ်ခုလည်း ဖြစ်လာမည်ဖြစ်သလို မြစ်ကမ်းပါးရေတိုက်စားခြင်းကြောင့် ပြိုကျပျက်စီးခြင်းဒဏ်တွေပါ ကာကွယ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း (ရေး)**



## မိတ္ထီလာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၉**
မိတ္ထီလာတက္ကသိုလ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်က အဖွင့်အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(မိတ္ထီလာခရိုင်ရုံး)မှ ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦး၊ အမှတ်(၉၆)ယာဉ်ထိန်းတပ်ဖွဲ့စု(မိတ္ထီလာ) တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်စိုး၊ ယာဉ်စစ်ဆေးရေးမှူး-၂ ဦးကျော်မင်းထွေးတို့က ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် ဆိုင်ရာအချက်အလက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမောင်းနှင်ရေးတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မန်တုံ ဖေဖော်ဝါရီ ၁၉**
ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နှင့် ကျေးရွာလူနေမှုဘဝ တိုးတက်မြင့်မားစေရန် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်း/တံတား၊ သောက်သုံးရေ၊ အဆောက်အအုံစသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှစတင်၍ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။



မန်တုံမြို့နယ်အတွင်းနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၁၄၁၇ ဒသမ ၇၁၄ သန်းဖြင့် ဖောက်လုပ်သည့် မြေသားလမ်းနှင့် ကျောက်ခင်းခြင်း လမ်းတံတားလေးမျိုးအားလည်းကောင်း၊ ကျပ်သန်း ၁၄ ဒသမ ၂၀၄ ဖြင့် ဆောင်ရွက်သည့် သောက်သုံးရေရရှိရေးလုပ်ငန်းသုံးခု အားလည်းကောင်း၊ ကျပ်သန်း ၄၇ ဒသမ ၀၉၄ ဖြင့် ဆောက်လုပ်သည့် အဆောက်အအုံလုပ်ငန်း သုံးခုတို့အား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (န. တ. လ) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုင်းနိုင်ဒါန်း၊ မြို့နယ် အရည်အသွေးစစ်ဆေးရေးကော်မတီမှ တာဝန်ရှိသူများနှင့် တာဝန်ရှိဌာန ဆိုင်ရာများက တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ပေးရန်နှင့် အရည်အသွေးမပြည့်မီပါက စံချိန်စံညွှန်းပြည့်မီသည်အထိ တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားကာ လုပ်ငန်းအရည်အသွေးများအား တိုင်းတာစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

## ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း (၁/၂၀၁၈) ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall၌ ကျင်းပခဲ့ကြောင်း သိရသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ သူများ၊ သင်တန်းသို့ တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ပိုက်ကျော်ခြင်း အားကစားနည်းသည် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်တွေ အများဆုံးရယူပေးနိုင်သော အားကစားနည်းတစ်ရပ်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းပို့ချသော စည်းမျဉ်း၊ စည်းကမ်းများကို အသုံးချပြီး မိမိတို့ဒေသဆိုင်ရာပြိုင်ပွဲများတွင် အဆင့်အတန်းပြည့်မီစွာ ကျင်းပနိုင်ရေးနှင့် မျိုးဆက်သစ်ဒိုင်လူကြီးများ မွေးထုတ်နိုင်ရေးအတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းပို့ချမည့် သူများကလည်း ယခုလက်ရှိ အပြည်ပြည်ဆိုင်ရာတွင် ကျင့်သုံးနေသည့် မူဝါဒများ၊ စည်းမျဉ်း၊ စည်းကမ်းများကို စနစ်တကျ သင်ကြား ပေးစေလိုကြောင်း၊ ယခု သင်တန်းမှ တစ်ဆင့် အရည်အသွေးပြည့်ဝသော အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးကောင်းများဖြစ်အောင် ကြိုးစားသွားကြဖို့လိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ပိုက်ကျော်ခြင်းဒိုင်လူကြီးသင်တန်း(၁/၂၀၁၈)တွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၉ ဦးတို့ တက်ရောက်သင်ကြားပြီး ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်ဇော်**

## ကျေးရွာတွင်း သဲကျောက်လမ်းဖွင့်ပွဲအခမ်းအနားကျင်းပ

**မိုးကောင်း ဖေဖော်ဝါရီ ၁၉**
မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်း (ဒုတိယနှစ်စက်ဝန်း)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့် သိုက်ဝါးကုန်းကျေးရွာတွင်း သဲကျောက်လမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာလမ်း မုခ်ဦး၌ ကျင်းပသည်။

အဆိုပါ သဲကျောက်ခင်းလမ်းနှင့် လမ်းအပိုင်းတွင် ပါဝင်သည့် ရေပြွန်သုံးစင်းအား စီမံကိန်းရန်ပုံငွေကျပ် ၁၇၆၇၆၆၀၀ နှင့် ကျေးရွာလူထုထည့်ဝင် ငွေကျပ် ၂၃၅၆၈၀၀ စုစုပေါင်း ငွေကျပ် ၂၀၀၃၃၄၀၀ အကုန်အကျခံ၍ အရှည် ပေ ၈၉၀၀၊ အကျယ် ၁၂ ပေနှင့် ထုခြောက်လက်မရှိ သဲကျောက်ခင်းလမ်းနှင့် လမ်းအပိုင်းတွင် ပါဝင်သည့် ရေပြွန်သုံးစင်းအားတည်ဆောက်ပေးခဲ့သည်။

အဆိုပါ လမ်းအပိုင်းမှာ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း ကျေးရွာနေပြည်သူများထံမှ သိရသည်။ **သူရိန်စိုး (ကချင်မြေ)**

## လက်ဝဲမြောင်းအဆင့်မြှင့်တင်ခြင်းနှင့်ရိစာလမ်းခင်းလုပ်ငန်း စစ်ဆေး

**တပ်ကုန်း ဖေဖော်ဝါရီ ၁၉**
နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိသည့် ဆင်သေဆည် လက်ဝဲမြောင်း အဆင့်မြှင့်တင်ခြင်းနှင့် အနော်ရထာရပ်ကွက် ဗျိုင်းအင်းကျေးရွာ ဆက်သွယ်သောလမ်း ရိစာခင်းကျင်းခြင်း လုပ်ငန်းခွင်သို့ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးတင်ထွဋ်၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် လုပ်ငန်းအရည်အသွေး စိစစ်ရေးကော်မတီဝင်များသည် ဖေဖော်ဝါရီ ၁၈ နံနက် ၁၀နာရီခွဲက အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ လက်ဝဲမြောင်းရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို (ADSP Project)ဖြင့် ဆောင်ရွက်၍လည်းကောင်း၊ အနော်ရထာရပ်ကွက် - ဗျိုင်းအင်းကျေးရွာ ဆက်သွယ်သောလမ်း ရိစာခင်းခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

**တင်စိုးလွင် (တပ်ကုန်းပြန်/ဆက်)**



## ဒုတိယတစ်ကိုယ်တော်အယ်လ်ဘမ်မှာ ဂီတပုံစံပြောင်းလဲသီဆိုထားတယ်ဆိုတဲ့ ဝိုင်းလေး

တေးသံရှင် ဝိုင်းလေးရဲ့ ဒုတိယမြောက် တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်တဲ့ "ဝိုင်း" အမည်ရှိ တေးအယ်လ်ဘမ် မိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းပေါ်ရှိ Orchid ဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။

ဒီအယ်လ်ဘမ်နဲ့ ပတ်သက်ပြီး တေးသံရှင်ဝိုင်းလေးက "ဒီခွေလေးက ဝိုင်းလေးရဲ့ ဒုတိယမြောက် စီးရီးပါ၊ ဂီတပုံစံရော၊ သီချင်းအကြောင်းအရာတွေရော ပထမခွေနဲ့မတူပါဘူး၊ ပထမအခွေတုန်းက မိန်းကလေးဆန်တဲ့ အချစ်သီချင်းလေးတွေဆိုဖြစ်ခဲ့တယ်၊ ဒီအခွေမှာက မိန်းကလေးဆန်ဆန်လေးတွေတော့မဟုတ်ဘူး၊ ဆိုတဲ့အပိုင်းမှာလည်း သာမန်အချစ်သီချင်းတွေဆိုတာထက်စာရင် အသံပိုင်းကို ပိုပြီးအားကောင်းအောင် ဆိုထားပါတယ်၊ လှုပ်လို့ကောင်းမယ့်သီချင်းလေးတွေလည်း ထည့်ထားပါတယ်၊ ဒီအခွေအတွက် ဝိုင်းလေး သေချာအချိန်ယူ ပြင်ဆင်ထားတာဖြစ်တဲ့အတွက် ပရိသတ်တွေအားပေးကြမယ်လို့ မျှော်လင့်ပါတယ်" ဟု ဝိုင်းလေးက ပြောပါတယ်။

သီချင်းစုစုပေါင်း ၁၀ ပုဒ်ပါဝင်တဲ့ ဒီအယ်လ်ဘမ်မှာ တေးရေးတွေအနေနဲ့ ဝေကြီး၊ ဆလိုင်း၊ ကျားပေါက်နဲ့ ဝိုင်းလေး ကိုယ်တိုင်လည်း ရေးသားထားတယ်လို့ သိရပါတယ်။ ဒီအခွေကိုတော့ ယခုလ ၁၇ ရက်မှစပြီး ဘိုဘိုတေးထုတ်လုပ်ရေးကနေ ဖြန့်ချိပေးသွားမှာပဲ ဖြစ်ပါတယ်။

## ဆယ့်လေးနှစ်တာအငွေ့အသက်တွေကို ပထမဆုံးတစ်ကိုယ်တော်ခွေမှာ တွေ့မြင်ရမယ်ဆိုတဲ့ ရေဗက္ကဝင်း

အတွဲခွေပေါင်းများစွာ ထွက်ရှိခဲ့ပြီဖြစ်သော်လည်း တစ်ကိုယ်တော်ခွေအနေဖြင့် ဂီတသက်တမ်း ဆယ့်လေးနှစ်နီးပါးကြာမှထွက်ရှိခဲ့သည့် တေးသံရှင် ရေဗက္ကဝင်းက ပထမဆုံးတစ်ကိုယ်တော်ခွေတွင် သူဖြတ်သန်းခဲ့သည့် ဆယ့်လေးနှစ်တာအငွေ့အသက်များကို ခံစားရမည်ဖြစ်ကြောင်း ပြောသည်။ "ရေဗက္ကရဲ့ တစ်ကိုယ်တော်ခွေလေးကို ကချင်နာမည် 'မက' (Maka) လို့ ပေးထားဖြစ်တဲ့အဓိပ္ပာယ်က အလွန်ကိုလေးနက်ပါတယ်၊ အဓိပ္ပာယ် အမျိုးမျိုးဖွင့်ဆိုလို့ရတယ်၊ အဓိပ္ပာယ်ကတော့ ရေဗက္ကဝင်းရဲ့ ပုံရိပ်၊ ရေဗက္ကဝင်းရဲ့ အရောင်အဆင်း၊ ရေဗက္ကဝင်းရဲ့ ပုံသဏ္ဍာန်၊ အငွေ့အသက်သဘောမျိုးလေးနဲ့ ပေးထားတာပါ၊ ရေဗက္က ဂီတသက်တမ်း ဆယ့်လေးနှစ်ရှိပါပြီ၊ တစ်ခါမှ တစ်ကိုယ်တော်ခွေ မထွက်ဖူးပါဘူး၊ အတွဲခွေထဲမှာပဲ ပါဝင်ခဲ့တယ်၊ အဲဒါကြောင့် ပထမဆုံးတစ်ကိုယ်တော်အယ်လ်ဘမ်အနေနဲ့ ကိုယ့်လူမျိုးရဲ့ ဂီတ၊ စာပေ၊ ယဉ်ကျေးမှုပုံစံအရာအားလုံးကို ကျန်တဲ့တိုင်းရင်းသားတွေ အားလုံးနဲ့ မျှဝေခံစားချင်တာကြောင့် လုပ်ဖြစ်ခဲ့တာပါ၊ ရေဗက္က ဖြတ်သန်းခဲ့တဲ့ ဆယ့်လေးနှစ်တာအငွေ့အသက်တွေ ဒီအခွေထဲမှာ တွေ့မြင်ရမှာပါ"ဟု ၎င်းက ဆိုသည်။



အနေဖြင့် အဆိုပါ အယ်လ်ဘမ်ကို အကျိုးအမြတ်အတွက် ရည်ရွယ်ထုတ်လုပ်ခဲ့ခြင်းမျိုးမဟုတ်ဘဲ ပရိသတ်ဆီမှ ချစ်ခြင်းမေတ္တာ ရရှိရန်သာ မျှော်လင့်မိကြောင်း တေးသံရှင် ရေဗက္ကဝင်းက ထပ်မံပြောဆိုသည်။ "ရေဗက္က ဒီအခွေလေးကို အကျိုးအမြတ်အတွက် လုပ်ခဲ့တာမဟုတ်ပါဘူး၊ ရေဗက္က ဖြစ်ချင်တဲ့ ဆန္ဒလေးတစ်ခုကို အကောင်အထည်ဖော်ပြီး ပရိသတ်ကို ပေးဆပ်ချင်တဲ့စိတ်နဲ့ လုပ်ထားတာဖြစ်တဲ့အတွက် ပရိသတ်ဆီက ပြန်လိုချင်တဲ့အရာကတော့ ချစ်ခင်အားပေးမှုနဲ့ အသိအမှတ်ပြုမှုပါပဲ"ဟု ပြောသည်။ ကချင်ဘာသာစကားဖြင့် သီဆိုထားသည့် "မက" အယ်လ်ဘမ်တွင် ကချင်တေးရေးဆရာများ ရေးသားပေးထားသည့် တေးသီချင်း စုစုပေါင်း ဆယ့်တစ်ပုဒ်ပါဝင်ကာ ယခုလ ၁၂ ရက်က MTV အနေဖြင့် ထွက်ရှိထားကြောင်း သိရသည်။

ဌေးမမ
စုစည်းသည်

## COSMOPOLITAN ရဲ့ မျက်နှာဖုံးရှင်ဖြစ်လာတဲ့ စူလီ

တောင်ကိုရီးယားရဲ့ ကေပေါ့ပ်တေးသံရှင်တစ်ဦးအဖြစ်မှ သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်လာခဲ့တဲ့ ဂျူလီဟာ လတ်တလောမှာတော့ နာမည်ကျော်မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ "COSMOPOLITAN"ရဲ့ လာမယ့် မတ်လထုတ်မဂ္ဂဇင်းမှာ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရတာဖြစ်ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒါ့အပြင် စူလီဟာ လာမယ့်နွေဦးနဲ့ လိုက်ဖက်စွာ နွေးထွေးတဲ့အပြုံးတွေကို ဆင်မြန်းထားပြီး နွေဦးပန်းလေးတွေကိုလည်း ထည့်သွင်းဖန်တီးကာ အလှဓာတ်ပုံတွေကိုလည်း ရိုက်ကူးဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒါ့အပြင် မင်းသမီးဟာ နွေဦးရာသီနဲ့ လိုက်ဖက်မယ့်ဝတ်စုံတွေနဲ့ ဖက်ရှင်အပြင်အဆင်တွေကိုလည်း ထည့်သွင်းဖန်တီးရိုက်ကူးထားတာ တွေ့ရပါတယ်။

မဂ္ဂဇင်းမှာပါဝင်တဲ့ အင်တာဗျူးမှာတော့ ဂျူလီက သူ့ရဲ့အားလပ်ချိန်တွေကို အသုံးပြုပုံနဲ့ပတ်သက်ပြီး ဖွင့်ဟခဲ့တာကိုလည်း တွေ့ရပါတယ်။ ဂျူလီက သူဟာ အားလပ်ချိန်တွေကို ယခင်က အားကစားလုပ်တာတွေ၊ ကိုယ့်အကြောင်းတွေကို ပြန်လည်စဉ်းစားတာတွေနဲ့ အချိန်ကုန်လေ့ရှိပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ အကကို စိတ်ဝင်စားလာတာကြောင့် လေ့လာသင်ယူနေကြောင်းနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့ အမျိုးသမီးတစ်ဦးဖြစ်လာအောင် ကြိုးပမ်းနေကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အေးပြည့်
စုစည်းသည်









ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က လန်ဒန် ရွိုင်ယဲလ်အဲဗာ့ထ်ခန်းမမှာ ကျင်းပခဲ့တဲ့ ယခုနှစ်ရဲ့ ဗြိတိန် အကယ်ဒမီပေးပွဲမှာတော့ ဟောလိဝုဒ်သရုပ်ဆောင်ပေါင်းများစွာဟာ အနက်ရောင်ဝတ်စုံတွေကို ဝတ်ဆင်တက်ရောက်ခဲ့ကြပါတယ်။ ဒီလိုအနက်ရောင်ကိုသာ ဝတ်ဆင်ခဲ့ရတာကတော့ "Time's Up"လှုပ်ရှားမှုကို ထောက်ခံတာကြောင့်ဖြစ်ပြီး ဒီလှုပ်ရှားမှုဟာ အနုပညာရပ်ဝန်းမှာ အမျိုးသား အမျိုးသမီး တန်းတူအခွင့်အရေးရရှိဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုရဲ့ တစ်စိတ်တစ်ဒေသအနေနဲ့ ပါဝင်ခဲ့ကြတဲ့ မင်းသမီး ဂျနီဖာလောရန့်စ်၊ လူပီတာညောင်အို၊ အန်ဂျလီနာဂျိုလီ၊ အဲလစ်ဆင်ဂျဲန်းနီနဲ့(ဝဲမှ ယာ)တို့ ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက် ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့်စိစစ်ရွေးချယ်ခဲ့ရာ **"တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၅၀)ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်း ဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင် (၅၀) ဦးစာရင်း

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Kyaw Min Thu Co.,Ltd | အမှတ်-၂၈၀၊ပိတောက်လမ်း၊အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၂ | Super Force Trading Co.,Ltd | အမှတ်-၄၈၀၊ဆိပ်ကမ်းသာလမ်း၊အဏ္ဏဝါရပ်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၃ | TZK | အမှတ်-၂၈၁၊ပိတောက်လမ်း၊အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၄ | လင်းယုန်တာယာကုမ္ပဏီ | အမှတ်-၁၀၂၊ ဗိုလ်ချုပ်လမ်း၊ ပိတောက်ရွှေဝါရပ်၊ ကော့သောင်းမြို့၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၅ | ကျော်နေစိုးကုမ္ပဏီလီမိတက် | အမှတ်-၁၊ဗိုလ်ချုပ်လမ်း၊တလိုင်းစုရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၆ | Aye Yar Nadi Trading Co.,Ltd | အမှတ်-၃၃၊ ကန်ဖျားလမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | စက်သုံးဆီတင်သွင်း | |
| ၇ | Diamond Htee Khee Co.,Ltd | အမှတ်-၁၅၊ထီးခီးလမ်း၊ ထီးခီးကျေးရွာအုပ်စု၊ ထားဝယ်မြို့၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန် လုပ်ငန်း | |
| ၈ | Khing Zin Yaw Trading Co.,Ltd | အမှတ်-၁၀လမ်း၊နောက်လယ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း ဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန် | |
| ၉ | Aung Pyae Sone (Danatoe) Co.,Ltd | အမှတ်-၂၄၊ စပါးရွှေဝါလမ်း၊ ရေပုန်းရပ်၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | စက်သုံးဆီတင်သွင်း | |
| ၁၀ | ရွှေဒေါင်းသမ | အမှတ်-၂၈၁၊ ပိတောက်လမ်း၊အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၁၁ | Victoria Entertainment Club | မင်းလုကျွန်း၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဟိုတယ် | |
| ၁၂ | ထားဝယ်ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ | အမှတ်-၁၊အာဇာနည်လမ်း၊ခုံဝင်းဒပ်ရပ်၊ ထားဝယ်မြို့၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဟိုတယ် | |
| ၁၃ | ဦးမောင်မောင်သိန်း | အမှတ်-၄/၂၆၊ ပုလဲလမ်း၊ရွှေပြည်သာရပ်ကွက် ၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်း ဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ကနုကမာလုပ်ငန်း | |
| ၁၄ | ဦးဝင်းမြင့်+ဒေါ်လှမြင့် | အမှတ်-၁၇၀၊ မင်္ဂလာလမ်း၊ဇရစ်ရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | စက်သုံးဆီ+ရွှေဆိုင် | |
| ၁၅ | Eagle Rocket Co.,Ltd | အမှတ်-၄/က၊ ရေးလမ်း၊ပိန္နဲတောရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၆ | ဦးမျိုးမင်း+ဒေါ်တင်တင်ဌေး | အမှတ်-၄၆၀၊ ဗဟိုလမ်း၊ပုံကျွန်းရပ်၊ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | အရက်ပုလင်းသွပ် | |
| ၁၇ | ဦးကြည်အင် | အမှတ်-၁၉၊ ဗဟိုလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | အရက်ဖြူထုတ် | |
| ၁၈ | ဦးလှသန်းပါ-၃ | ကမ်းနားလမ်း၊မြန်အောင်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ်ကုန်တိုက် | |
| ၁၉ | ဦးအောင်စိုးဦး | အမှတ်-၉၅၊ကမ်းနားလမ်း၊သင်္ဘောဆိပ်ရပ်၊ ထားဝယ်မြို့၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၀ | ဦးဝင်းထိုက်+ဦးအောင်လွင် | ဆိပ်ကမ်းသာလမ်း၊ အဏ္ဏဝါ ရပ်ကွက်၊ ကော့သောင်းမြို့ ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဝက်လိုင်စင် | |
| ၂၁ | Tiger Shark Co.,Ltd | အမှတ်-၂၈၁၊ ပိတောက်လမ်း၊အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၂၂ | ဦးငွေသီဟအေး | ဗိုလ်ချုပ်လမ်း၊ ၄-မိုင်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ရွှေနှင်းဆီစားသောက်ဆိုင် | |
| ၂၃ | ဦးသန်းဝင်း | အမှတ်-၉၅ ၊ မြိတ်-ထားဝယ်လမ်း၊ညောင်ဇင်လမ်း၊ သရက်ချောင်းမြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ကောင်းသစ်စံမှန်လုံကားပြေးဆွဲခြင်းလုပ်ငန်း | |
| ၂၄ | ဦးသုခ | စပါးရွှေဝါလမ်း၊ ကလွင်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ရေခဲစက် | |
| ၂၅ | ဦးဇော်ဇော်ဦး | အမှတ်-၈၆၊ ဗိုလ်ချုပ်လမ်း၊ပိတောက်ရွှေဝါရပ်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | FOB ငါးလှေ | |
| ၂၆ | ဦးလွန်းကြည် | အရာရှိရိပ်သာလမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်း ဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ရေခဲစက် | |
| ၂၇ | ဦးစိုးသန်းပါ ၅ | အမှတ်-၆၅၁၊ ရေးလမ်း၊မြောက်ရွာရပ်၊ ထားဝယ်မြို့ ၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဟိုတယ် | |
| ၂၈ | ဒေါ်နီနီဝင်း | ဒီလမ်း၊ကွက်သစ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ငါးလှေ | |
| ၂၉ | ဦးထွန်းထွန်းလေး | အမှတ်-၅၆၆၊ ရဲရိပ်သာလမ်း၊မြောက်ရွာရပ်၊ ထားဝယ်မြို့၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဟိုတယ် | |
| ၃၀ | ဒေါ်အေးအေးမော် | လမ်းမကြီး၊ ကန်ဖျားရပ်၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ရတနာဦးစားသောက်ဆိုင် | |
| ၃၁ | ဦးငွေလင်း | အမှတ်- ၅၉၊မြို့တွင်းအနောက်ရပ်၊ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဟိုတယ် | |
| ၃၂ | Kyaw Super Co.,Ltd | အမှတ်-၂၈၆၊ ရှမ်းချောင်းလမ်းမ၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်း ဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဒီဇယ်ဆီတင်သွင်း | |
| ၃၃ | ဦးဇော်မျိုးထွန်း | အမှတ်-၃၈၊ ကမ်းနားလမ်း၊ကန်ကြီးရပ်၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဟိုတယ်လုပ်ငန်း | |
| ၃၄ | ဒေါ်မာလာစိန် | အမှတ်-၁၃၁/ခ၊ ဈေးတောင်လမ်း၊ဇရစ်ရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဟိုတယ်+စားသောက်ဆိုင် | |
| ၃၅ | ဒေါ်သီတာအောင် | အမှတ်-၃၇၊ ကမ်းနားလမ်း၊အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ရွှေအင်ကြူးရွှေဆိုင် | |
| ၃၆ | ဦးမြင့်လွင်+ဒေါ်ရှုဝါ | အမှတ်-၄၇၊ ညောင်ပင်ကြီးလမ်း၊ဇရစ်ရပ်၊ ထားဝယ်မြို့၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဟိုတယ် | |
| ၃၇ | ဦးကျော်သီဟ | ကချင်လမ်း၊ ကလွင်ရပ်၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၃၈ | Shwe Htee Hlaing Co.,Ltd | အမှတ်-၅၃၊ မင်္ဂလာလမ်း၊သင်္ဘောဆိပ်ရပ်၊ ထားဝယ်မြို့၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၉ | ဦးဝင်းဗိုလ် | ကန်ဖျားရပ် (ဇရာနဒီ အမြန်ရေယာဉ်)၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | အမြန်ရေယာဉ် | |
| ၄၀ | ဦးဝင်းမြင့် | အမှတ်-၈၇၊ ၃-လမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | အအေးဆိုင် | |
| ၄၁ | ဒေါ်မိငင် | အမှတ်-၉၁၊ ဆိပ်ကမ်းသာလမ်း၊အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | H.B.H ဟိုတယ် | |
| ၄၂ | ဒေါ်ရှုလွမ် | ဒုံးကျွန်းရွာ၊ ရေမြစ်ကြီးကျေးရွာအုပ်စု၊ ကျွန်းစုမြို့နယ် ၊တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ရေခဲစက် | |
| ၄၃ | ဦးဂျိုက်ကီစွန် | အမှတ်-၂၄၊ ဗဟိုလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | လူသုံးကုန်ပစ္စည်း | |
| ၄၄ | ဦးသူရအောင် | ကမ်းနားလမ်း၊ စခန်းသစ်ရွာ၊ စခန်းသစ်ကျေးရွာအုပ်စု ၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ငါးဝယ်ရောင်း | |
| ၄၅ | ဦးကျော်စိုး | အမှတ်-၄၅၁၊ ရွှေမင်းဝံဗဟိုလမ်း၊ ပိတောက်ရွှေဝါရပ်၊ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ဂါဒင်းဟိုတယ် | |
| ၄၆ | ဦးခင်စိုး | အမှတ်-၃၇၇၊ မြရည်ပုလဲလမ်း၊ရွှေဟသာရပ် ၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ငါးခြောက်တင်ပို့ | |
| ၄၇ | ဦးကိုကိုဦး+ဦးတေဇ | လေယာဉ်ကွင်းလမ်း၊ ကလွင်ရပ်၊ မြိတ်မြို့ ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ပုလဲမွန်ဟိုတယ် | |
| ၄၈ | TZK | အမှတ်-၂၈၁၊ ပိတောက်လမ်း၊အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်း ဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | အမြန်ရေယာဉ် | |
| ၄၉ | ဦးဇင်ဇင်အောင် | မောင်းမကန်လမ်း၊ ကမြောကင်းရွာ၊ လောင်းလုံမြို့နယ် ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | ရေခဲစက်လုပ်ငန်း | |
| ၅၀ | ဦးစိုးအောင် | ကော်မယ်ရွာ၊ကံမော်ကျေးရွာအုပ်စု၊ကျွန်းစုမြို့နယ် ၊ တနင်္သာရီတိုင်းဒေသကြီး။ | တနင်္သာရီတိုင်းဒေသကြီး | သီဟိုဠ်စေ့လုပ်ငန်း | |

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာကြီး ဦးဘမော်

### တွဲဖက်ပါမောက္ခ (ငြိမ်း)

### အသက် (၈၄) နှစ်

မန္တလေးတက္ကသိုလ်၊ ဘူမိဗေဒဌာန၊ တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ပုံတောင်ပရိုင်းမိတ်ပညာရှင် ဆရာကြီးဦးဘမော်သည် ၁၈-၂-၂၀၁၈ ရက်တွင် ဗန်းမော်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတက္ကသိုလ်ဘူမိဗေဒ မိသားစု (၁၈) ကြိမ်မြောက်**
**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

### ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)

### အသက် (၆၇) နှစ်

Intas Pharmaceuticals Ltd., မှ ဒေါက်တာကျော်ဇေယျာမြင့် (Product Manager)-မပန်းအိထွေးတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးလှမြင့် အသက် (၆၇)နှစ်သည် ၁၈-၂-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Country Manager နှင့် ဝန်ထမ်းမိသားစုများ**
**Intas Pharmaceuticals Ltd**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ**

### ဒုတိယဗိုလ်မှူးကြီးလှမြင့် (ငြိမ်း)

### အသက် (၆၇) နှစ်

ခင်မင်ရင်းနှီးရပါသော ဒေါက်တာကျော်ဇေယျာမြင့်-မပန်းအိထွေးတို့၏ ချစ်လှစွာသော ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးလှမြင့် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကံသာ-ဒေါ်အေးအိအိအောင်**

---

### ဦးစံ(ခ)ဦးမောင်စံ

### အသက် (၉၀)

ရန်ကုန်မြို့နေ (ဦးစစ်ရောင်-ဒေါ်အေး)တို့၏သား၊ဒေါ်ကျင်ယုံ၏ခင်ပွန်း၊ ဦးလှဝင်း၊ ဒေါ်ပြုံး၊ ဦးကျင်သောင်း-ဒေါ်ခင်မြင့်ကြည်၊ (ဦးဝင်းကျော်)-ဒေါ်ခင်ခင်လှ၊ ကိုလှမိုး-မနုနုထွေး၊ ဦးချန်ဂီဆော့-မစုစုထွေးတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၁၈)၊ (၁၄၁)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးဘမော် (၈၄)နှစ်

**တွဲဖက်ပါမောက္ခ-မန္တလေးတက္ကသိုလ်၊ ဘူမိဗေဒဌာန(ငြိမ်း)**
**မြန်မာ့ဂုဏ်ဆောင်ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်**

မန္တလေးမြို့နေ (ဒေါ်အေးစီ)၏ ခင်ပွန်း၊ ဦးသိန်းစိုး-ဒေါက်တာဒေါ်ခင်လေးမော်၊ ဒေါက်တာဦးစိုးလှိုင်-ဒေါ်ကြေးမုံဝင်းတို့၏မွေးသဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးဘမော် (တွဲဖက်ပါမောက္ခ-မန်းတက္ကသိုလ်၊ ဘူမိဗေဒဌာန-ငြိမ်း၊ မြန်မာ့ဂုဏ်ဆောင် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်)သည် ၁၈-၂-၂၀၁၈ ရက်တွင် ဗန်းမော်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ဗန်းမော်မြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၂၆၆/၁၂)၊ အောင်မေရိပ်သာ၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ကိုမာန်ထူးအောင်(ခ)မာန်ထူး

### အသက်(၄၀)

ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ မြရတနာလမ်း၊ (၂၄)ရပ်ကွက်၊ အမှတ်(၁၂၇၉)၊ ပထမထပ်(A2)နေ ဦးတင်သိန်း-(ဒေါ်တင်ကြိုင်)တို့၏ သား၊ သန်လျင်မြို့နယ်၊ အမှတ်(၂)၊ အောင်မင်္ဂလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးစောမြင့်နိုင် - ဒေါ်ရီရီမြင့်တို့၏ သားသမက်၊ မငြိမ်းငြိမ်းအိ၏ မောင်၊ ဒေါ်လွင်မာမြင့်၏ ခင်ပွန်း၊ မသက်စုနန္ဒာ၊ မသံစဉ်မေတို့၏မွေးသဖခင်သည် ၁၈-၂-၂၀၁၈ ရက် ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈ ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးကျော်ဝင်း (၈၆)နှစ်

**ဦးစီးအရာရှိ (ငြိမ်း)၊**
**အကောက်ခွန်ဦးစီးဌာန**
**မြန်မာ့လက်ရွေးစင်**
**ဘောလုံးသမားဟောင်း**
**အကောက်ခွန်ဘောလုံးသမားဟောင်း**
**တက္ကသိုလ်လက်ရွေးစင်**
**ဘောလုံးသမားဟောင်း**

ဦးထွန်း-ဒေါ်အမာတို့၏သား၊ ဦးယုဂျင်း-ဒေါ်အမာတို့၏ သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၀) ရပ်ကွက်၊ ခရေမြိုင်လမ်း၊ အမှတ်(၁၂၀) နေ ဒေါ်သင်းယုဆွေ၏ ခင်ပွန်း၊ ဦးကျော်ထွေးလွင် (ဒါရိုက်တာ၊ ROYAL EMPIRE CO., LTD)-ဒေါ်ရီရီကျော်ဝင်း (မန်နေဂျင်းဒါရိုက်တာ၊ ROYAL EMPIRE CO., LTD)၊ ဦးအောင်အောင်ခန့်-ဒေါ်ဖြူဖြူသင်း (VINTAGE FLORAL SERVICE) တို့၏မွေးသဖခင်သည် ၁၉-၂-၂၀၁၈ ရက် နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အင်ပူမြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စန်းစန်းနွဲ့ (၆၁)နှစ်

**(ရာသက်ပန်အသင်းဝင်)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ပန်းခြံစုရပ်နေ (ဦးတင်အေး-ဒေါ်ခင်ညွန့်)တို့၏သမီး၊ အင်ပူမြို့နေ (ဦးချင်းနယား-ဒေါ်ခလေးမ)တို့၏ သမီးချွေးမ၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးချစ်ထွန်းလမ်း၊ အမှတ်(၄၅၇)နေ ဦးမျိုးအောင်-ဒေါ်မိုမိုအောင်(မြို့နယ်တရားသူကြီး-မော်လမြိုင်ကျွန်း)၊ မအိအိမြင့်အောင်(VSK Int'L Co, Ltd)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မသွန်းသံစဉ်အောင်၏ ဘွားဘွား၊ ရောဟိတ်တိုင်း၊ ဓမ္မာရုံအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အင်ပူမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးမြင့်အောင်၏ ချစ်လှစွာသောဇနီး ဒေါ်စန်းစန်းနွဲ့သည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးသောင်းငွေ

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း**

### အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၁၁၀၅/၁၁၀၇)နေ (ဦးကြီးဆိုင်-ဒေါ်နု)တို့၏သား၊ (ဦးဘိုးလွင်-ဒေါ်ရှုရင်)တို့၏သားသမက်၊ ဒေါ်မြမြအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ဆွေ-ဒေါ်ချိုချိုအောင်၊ ဒေါ်ဝင်းဝင်းမြင့်-ဦးစိုးနိုင်၊ ဦးဘမြင့်၊ ဦးသက်မြင့်၊ ဦးဇော်မြင့်-Eileen တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊ မြေးလေးယောက်တို့၏ချစ်လှစွာသောဘိုးဘိုးကြီး ဦးသောင်းငွေသည် ၁၉-၂-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်စန်း (၆၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ် (၂၀) ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၁၉၀)နေ (ဦးမောင်အေး-ဒေါ်စိန်တင်)တို့၏ သမီး၊ (ဦးကျင်မီ-ဒေါ်စိန်)၏ သမီးချွေးမ၊ အရခဗထွန်းမြင့်(ငြိမ်း)၏ ဇနီး၊ တကကမြင့်ဦး(ကကနက်)၊ ဒေါ်စန္ဒာဝင်း၊ ဦးလေးအောင်-ဒေါ်အိမိုးမိုးထွန်း၊ ဦးနေနိုင်ထွန်း-ဒေါ်မျိုးမြတ်မြတ်ထွန်း(သူနာပြု-NAP)၊ ဗိုလ်မှူးအောင်ကောင်းဆက်(ငြိမ်း) (ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)-ဒေါ်ဝါဝါရှိန်၊ တကက/စရ ထွန်းနန္ဒကျော်(ထပရ-၉၃၆)-ဒေါ်မေလွင်မိုး၊ ဗိုလ်မှူးပြည်စိုးထွေး (တနတ၊ ပြင်ဦးလွင်)-ဒေါ်မေသူလွင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်တို့၏အဘွား ဒေါ်ခင်စန်းသည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ငြိမ်းအေးဇရပ်၌ တရားနာရေစက်ချပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးခင်မောင်ချို(ရန်ကင်း၊ RL) (Legal Consultant)

### အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဩဘာလမ်းအောက်၊ အမှတ်(၇၀)၊ ပထမထပ်(ညာ)ဘက်နေ (ဦးတင်ဦး-ဒေါ်ယဉ်မေ)တို့၏ သား၊ ဒေါ်မြင့်မြင့်သန်း၊ ဦးမျိုးသန့်-ဒေါ်ချိုချိုသန်း၊ ပန်းချီဦးကျော်သောင်း-(ဒေါ်ရီရီပြုံး)တို့၏ညီ/မောင်၊ ဦးသက်အောင်-(ဒေါ်ခင်အေးမူ)၊ (ဒေါ်ချိုချိုပြုံး)၊ (ဦးညီညီလွင်)တို့၏ အစ်ကို၊ တူ/တူမ ၁၂ ယောက်တို့၏ဦးလေး၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### စိုးရည်ဆိုင်(Vickie Soe Saing) (၆၅)နှစ်

**M.A (English), UNODC (ငြိမ်း)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ သလ္လာဝတီလမ်း၊ အမှတ်(9-H-1) နေ ဦးစိုးဆိုင်-(ဒေါ်စောလှ)တို့၏သမီးငယ်၊ [ဦးငွေသောင်း(ခ)ဦးငွေလှိုင်-ဒေါ်ကြည်ကြည်]တို့၏ သမီးချွေးမ၊ ဦးအောင်ကြီး၏ ချစ်လှစွာသောဇနီး၊ (ဒေါက်တာစိုးလင်း)-ဒေါ်လှလှမြင့်၊ ဒေါ်သင်းရည်ဆိုင် (Vynette)-ဦးခင်မောင်ချိုတို့၏ညီမ၊ စိုးလှဲ့အောင်-Jon Evers၊ အောင်လှိုင်စိုး-Summer တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်မာလေး-(ဦးဖိုးကျော်မြင့်)တို့၏တူမ၊ မြေးနှစ်ယောက်တို့၏ဘွားဘွား၊ ရှမ်းစိုးလင်း၊ ဟန်စိုးလင်း၊ သက်နွယ်နိုင်၊ ဟိန်းသန့်နိုင်တို့၏အဒေါ် စိုးရည်ဆိုင်(Vickie Soe Saing)သည် စင်ကာပူနိုင်ငံ၊ Mount Elizabeth Novena ဆေးရုံကြီး၌ ၁၇-၂-၂၀၁၈ ရက် ဒေသစံတော်ချိန် ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၈ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်ထားဝေ (B.Com.AA)1975

### အသက် (၆၄)နှစ်

**စာရင်းစစ်မှူး(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဟီရိလမ်း(၂၀)၊ အမှတ်(၅၂၆/က)နေ (ဦးဗလ-ဒေါ်တင်ကြည်)တို့၏ သမီး၊ (ဦးစော်ဘွား-ဒေါ်လှနှင်းသာ)တို့၏ သမီးချွေးမ၊ ဦးအောင်သန်း-(ဒေါ်အေးမိ)၊ (ဦးညွှန့်ကြည်)-ဒေါ်ခင်ဌေးဝင်း၊ (ဦးတင့်ဆွေ)-ဒေါ်ခင်ထားကြွေတို့၏ညီမ၊ ဒေါ်လှလှရီ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး)၊ (ဦးတိုးလွင်)တို့၏အစ်မ၊ ဦးတင်မြင့်(ရောဟင်္သာဟိုလ်ဒင်းကုမ္ပဏီလီမိတက်)၏ ဇနီး၊ ဗိုလ်မှူးအောင်ကိုကိုဝင်း-ဒေါက်တာအိဖြိုးဝေ(ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)တို့၏မိခင်၊ မအိမ့်သီရိကို၊ မသွန်းရတီကိုတို့၏အဘွားသည် ၁၉-၂-၂၀၁၈ ရက် ညနေ ၃း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ကိုနန္ဒဇော်

### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၈)၊ အခန်း(၅) နေ မအေးအေးမြင့်(မအိ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဖွဲ့နန္ဒဦး၊ မသွန်းလပြည့်သာတို့၏ ချစ်လှစွာသောဖခင်၊ (ဦးမောင်ဌေး-ဒေါ်ခင်စန်းဝင်း)တို့၏ သားလတ်၊ ဦးချမ်းမြေ့ဇော်-ဒေါ်စုစုလှိုင်၊ မောင်နိုင်လင်းဇော်တို့၏ အစ်ကို၊ ဦးသန်းဆွေ-ဒေါ်တင်ဝင်း၊ ဦးတင့်လွင်-ဒေါ်ခင်စန်းဝေ၊ ဦးအေးကို-ဒေါ်အေးအေးမြင့်(မနိုင်)၊ ဦးကိုကိုနိုင်-ဒေါ်ခင်မိုးမိုးထွေး၊ ဒေါ်လှလှမြင့်၊ ဦးမြတ်ကျော်-ဒေါ်မိုးမိုးမြင့်တို့၏ တူသားသည် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်အေးမာ(ခ)ဒေါ်ခင်အေး

### အသက် (၆၃) နှစ်

[ဦးသိန်း-ဒေါ်ရှမ်းမ(ခ)ဒေါ်တင်စိန်]တို့၏သမီး၊ (ဦးသောင်းမြင့်)၏ဇနီး၊ ဦးအောင်အောင်ထွန်း (စုံစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းရုံး)-ဒေါ်ခိုင်ခိုင်ဦး(အထက်တန်းပြဆရာမ၊ အထက-၁၊ ဒဂုံတောင်)၊ (ဦးသက်အောင်)-ဒေါ်လင်းလင်းအောင်၊ ကိုမင်းကျော်သူတို့၏ မိခင်၊ မောင်စည်သူအောင်၊ မောင်ရှင်းသန့်အောင်တို့၏အဘွား ဒေါ်အေးမာ(ခ)ဒေါ်ခင်အေးသည် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၅၇၊ အရိုးကုန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကြာပုလ္လင် ဒါယိကာမကြီး**

### ဒေါ်မခင် (၉၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ အမှတ်(၂၉၉)နေ (ဦးဖူး)၏ ဇနီး၊ (ဦးသိန်းတန်)၊ ဦးစိုးမြင့်(ဟိုတယ်နှင့်ခရီးသွားသင်တန်းဌာန ကန်တော်ကြီး)-ဒေါ်ခင်ဝင်းကြည်၊ ဦးမျိုးခင်-ဒေါ်ခင်ခင်စိန်၊ ဒေါ်စုဆန်၊ ဦးထူးအောင်တို့၏မိခင်၊ ကိုအောင်စိုးမင်း၏အဘွား၊ ဆရာမဒေါ်နီနီ၏အဒေါ်သည် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးမြင့်ဦး (၈၉)နှစ်

**(မန်နေဂျာ၊ မြန်မာ့ကုန်တိုက်-ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ တန့်ဆည်မြို့နေ (ဦးဘဆိတ်-ဒေါ်စိမ်း)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်ခင်ထားမေ)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးခင်မောင်မောင်-ဒေါ်ချစ်ချစ်မြင့်၊ ဦးစောလွင်-ဒေါ်သစ်သစ်မြင့် (ဘိုကလေး)၊ ဦးထင်ကျော်-ဒေါ်ကြွယ်ကြွယ်မြင့်၊ ဦးကိုကိုမြင့်-ဒေါ်ခင်နှင်းလွင်၊ ဦးမောင်မောင်စ-ဒေါ်သွယ်သွယ်မြင့်၊ ဦးညီညီမြင့်-ဒေါ်စန္ဒာထွေး၊ ဦးညီလွင်မြင့်-ဒေါ်စန်းစန်းမော်၊ ဦးတေဇာမြင့်-ဒေါ်နီလာထွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး/မြစ် ၁၆ယောက်တို့၏ ဘိုးဘိုးသည် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထောက်ကြန့်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၈ (စနေနေ့) နံနက်တွင် ရန်ကုန်မြို့၊ ထောက်ကြန့်မြို့နယ်၊ ပိတောက်လမ်း၊ အမှတ်(၃၈)၊ မြဝါးရုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်ခင်ဝင်းမြတ်(မဟာစည်ယောဂီ)

### သ/မဦးစီးမှူး(ငြိမ်း)၊ လသာမြို့နယ်

### အသက် (၇၈)နှစ်

မော်လမြိုင်မြို့နေ (ဦးလှဝင်း-ဒေါ်ကျော့)တို့၏သမီး၊ (ဦးခင်လှိုင်-ဒေါ်ခင်စိန်ဝင်း)၊ (ဦးမြင့်စိုး)-ဒေါ်အေးမူတို့၏ ညီမ၊ [ဦးလှရှိန်(စား/ဖျော်)]၏ ဇနီး၊ ဦးထင်ဇော်လင်း-ဒေါ်အေးအေးခိုင်၊ ဦးသီဟသွယ်-ဒေါ်ခက်ခက်မာ(ငြိမ်း)၊ ဦးကျော်သူရလှိုင်-ဒေါ်ဝေမာမွန်၊ ဦးစိုးထွဋ်လွင် - ဒေါ်မျိုးမြတ်မြတ်ထွေး၊ ဦးအောင်ကျော်နိုင်-ဒေါ်သတိုးသီရိအောင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အမှတ်(၁၂-B)၊ သီရိ(၃) လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအံ့ဇော်ထွန်း (၅၅)နှစ်

**မိတ္ထီလာမြို့**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နေ ဦးမောင်မောင်ထွန်း-ဒေါ်မြမြထယ်တို့၏သား၊ (ဦးသန်းထွန်း)-ဒေါ်တင်ရီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်ရွှေဝင်းဝန်ထမ်းအိမ်ရာနေ ဒေါ်ဖြူသင်းထွန်း (မန်နေဂျာ၊ တပ်မတော်ရမ်မစက်ရုံ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)၏ခင်ပွန်း၊ မောင်အောင်စွမ်းပြည့်ထွန်း၊ မငြိမ်းသီရိထွန်းတို့၏ ဖခင် ဦးအံ့ဇော်ထွန်းသည် ၁၈-၂-၂၀၁၈ ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ဗိုလ်ရွှေဝင်းဝန်ထမ်းအိမ်ရာမှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၈ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်ခင်နွဲ့

### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ရန်ကုန်အရေးပိုင် (မွန်ဦးဘိုးကျေး-ဒေါ်ဒေါ်အုန်း)တို့၏ ဒုတိယသမီး၊ (ဦးစံ-ဒေါ်ခင်ဖုန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ (၁၅)ရပ်ကွက်၊ ဇီဇဝါဥယျာဉ်၊ အမှတ်(၈)နေ (ဦးတင်မောင် တက္ကသိုလ်ထင်ကြီး)၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်မြ(ဒု-ညွှန်မှူး-ငြိမ်း)၏ ညီမ၊ (ဒေါ်ခင်ခင်ထား)၊ (ဦးဖုံရင်)-ဒေါ်ခင်ခင်အေး(ဌာနမှူး-ငြိမ်း)၊ (ဦးထွန်းမြင့်-ဒေါ်ဌေးကြွယ်)၊ ဦးမောင်မောင်ကြိုင်-ဒေါက်တာဒေါ်လှမြင့်တို့၏ အစ်မ၊ ဒေါ်ခင်ခင်နွဲ့သည် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၈(တနင်္လာနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးသိန်းအောင်(ပြည်၊ ခေတ္တရာ ရာသက်ပန်အသင်းဝင်)

### အသက် (၉၂)နှစ်

**B.A (Yangon),B.E,M.E, Ph.D (Netherlands), (EX UNV Tan Zania)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြေတိုင်းဦးစီးဌာန**

ပြည်မြို့နေ (ဦးမြတ်သင်း-ဒေါ်သန်း)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်တင်)တို့၏ သားသမက်၊ ဒေါ်ခင်လှမြင့် (ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက-၄၊ မင်္ဂလာတောင်ညွန့်)၏ ခင်ပွန်း၊ ဗိုလ်မှူးအောင်ဇေယျ(ငြိမ်း) (GM. Green E.H.S.S Co., Ltd)-ဒေါ်စန်းရည်(လယ်/ပြ၊ အလက-၆၊ ရွှေပြည်သာ)၊ ဒေါ်ကကသလင်းစိုးစိုးအောင်(ခေတ္တ-Canada၊ MD.Green E.H.S.S Co., Ltd)၊ ဗိုလ်မှူးကြီးကျော်ကျော်ဦး (ငြိမ်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်မိုးမိုးအောင်(Director, Green E.H.S.S Co., Ltd)၊ ဒေါ်ဆွေဆွေအောင် (ဌာနစုမှူး-ငြိမ်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဗိုလ်ကြီးသန့်ဇင်ထွန်း၊ မပန်းဆုရည်အောင်၊ ဗိုလ်ကြီးသန်းထိုက်ဦး (တပ်မတော်-ရေ)၊ မောင် Victor ဘုန်းပြည့်(ခေတ္တ-Canada)၊ မောင်ကောင်းဇော်ထက် (ခေတ္တ-U.S.A)၊ မခိုင်ဆုရည်အောင်တို့၏အဘိုးသည် ၁၆-၂-၂၀၁၈ (သောကြာနေ့) နံနက် ၃း၂၀ နာရီတွင် အမှတ်(၃၀၇၁)၊ တောင်ကြီးလမ်း၊ ခတ္တာ(၃)နှင့် ခတ္တာ(၄)လမ်းကြား၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ငြိမ်းအေးဇရပ်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဝင်းကြွယ်(ခ)ဦးလှဝင်း (လက်ပံတန်းမြို့)

### အသက် (၈၀)

**ဌာနခွဲစာရေး(ငြိမ်း)၊ ရုပ်ရှင်လုပ်ငန်းစု၊ လက်ပံတန်းမြို့**
**ဥက္ကဋ္ဌ၊ မြင့်မိုရ်(ရ်)ဟိန်းငွေစုငွေချေးသမဝါယမအသင်း၊ လက်ပံတန်းမြို့**

လက်ပံတန်းမြို့နေ (ဦးဝါနန်း-ဒေါ်ကြည်ကြည်)တို့၏ ချစ်လှစွာသောသား၊ [ဦးမြင့်ကြွယ်(ခ)မောင်မြင့်ကြွယ်(ပြန်ကြားရေးဝန်ကြီးဌာန-ငြိမ်း)-ဒေါ်တင်တင်လှ(ခ)ဒေစီမောင်]၊ ဒေါ်ခင်ခင် (ထ/ပြ-ငြိမ်း)-ဦးထွန်းသန်း (ညွှန်မှူး၊ သစ်တောဦးစီးဌာန-ငြိမ်း)တို့၏ညီ/မောင်၊ ဦးတင့်လွင်(ဥက္ကဋ္ဌ၊ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့-ပုဇွန်တောင်)-[ဒေါ်မြင့်မြင့်ကြည် (စား/ထွေ-ငြိမ်း)]၊ ဒေါ်လှလှကြွယ်-ဦးကိုဇင်၊ ဒေါ်သန်းသန်းညွှန့် (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ မွေး/ရေဝန်ကြီးဌာန)၊ (ဒေါ်စန်းစန်းနု)၊ ဒေါ်သင်းသင်းစုတို့၏ ချစ်လှစွာသောအစ်ကို၊ [ဒေါ်ကြည်ကြည်(မူ/အုပ်-ငြိမ်း)]၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မိုးအောင် (ဦး/ရှိ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်သန်းသန်းအေး (မစာပေါ်)၊ (အာကာဦး)၊ ဦးဇော်မိုးအောင်(မီးရထားစာတိုက်၊ လက်ပံတန်းမြို့)-ဒေါ်စန်းစန်းအေးတို့၏ ချစ်လှစွာသောဖခင်၊ အာကာကျော် (Sky Net)၊ စွမ်းထက်နိုင်၊ ပြည့်စုံကြွယ်တို့၏ချစ်လှစွာသောအဘိုး၊ တူ/တူမ ၁၁ ယောက်တို့၏ ချစ်လှစွာသော ဘကြီး/ဦးလေး ဦးဝင်းကြွယ်သည် ၁၈-၂-၂၀၁၈ ရက် ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် လက်ပံတန်းနေအိမ်မှ အရှေ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးအောင်သန်း

### အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၈)၊ ငါးလွှာ(B)၊ ကွက်သစ်လမ်း၊ (၇)ရပ်ကွက်နေ (ဒေါ်ခင်ရွှေ)၏ခင်ပွန်း၊ ချောက်မြို့နေ (ဦးမြင့်-ဒေါ်အုန်းဆင်)တို့၏သား၊ မအူပင်မြို့နေ (ဦးထွန်းရွှေ-ဒေါ်ထား)တို့၏ သားသမက်၊ ဦးကျော်ဇင် (M.P.T-N.O.C၊ အလုံ)-ဒေါ်စိုးအိအိငြိမ်း၊ ဒေါ်မျိုးသီဂီ (မအူပင်တက္ကသိုလ်)၊ ဦးနိုင်ဝင်း(တေးသံရှင်-နောင်ရဲထွဋ်)(Excellent Perfect Solution Co., Ltd.)-ဒေါ်သက်သက်စံတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၈-၂-၂၀၁၈(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၈ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးထွဋ်ထွဋ်အောင်(ခ)

### ဖိုးထောင်

### အသက်(၃၄)နှစ်

ဦးတင်ထွဋ်(လ-ဝ-က)-(ဒေါ်မြင့်မြင့်ကြိုင်)တို့၏မြေး၊ ဦးဝဏ္ဏထွဋ်-ဒေါ်မြင့်မြင့်အေးတို့၏ သား၊ (ဦးဟုတ်ကြည်)-ဒေါ်ခင်လှတို့၏ သားသမက်၊ ဒေါ်ယဉ်ယဉ်မင်း (UMG, Co.,Ltd.)၏ ခင်ပွန်း၊ မဆုလှဲ့ရတနာ(ပထမနှစ်-စီးပွားရေး)၏ အစ်ကို၊ မောင်မင်းမြတ်စွမ်းရည်(ရန်ကင်း-၂)၊ မဝတ်ရည်မိုးတို့၏ဖခင်သည် ၁၈-၂-၂၀၁၈ ရက် နံနက် ၁၀း၁၈နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မြောက်ဒဂုံမြို့နယ်၊ (၃၆)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးလှိုင်ဦး (၅၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၉)ရပ်ကွက်၊ ငုဝါမြိုင်(၂)လမ်းနေ ဦးတင်ဖေ-ဒေါ်မြင့်မြင့်တို့၏ သားကြီး၊ ပဲခူးမြို့နေ ဦးသိန်း-ဒေါ်မြမြတို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၇)ရပ်ကွက်၊ ရသာရုံလမ်း၊ အမှတ်(၆၉၁)နေ ဒေါ်သန်းသန်းနွယ်၏ခင်ပွန်း၊ ကိုစိုးမိုးဦး (မှတ်တမ်းစာမျက်နှာ)၊ မသဲဆုဆုနှင်းတို့၏ဖခင် ဦးလှိုင်ဦးသည် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၉း၄၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တောင်သမန်အင်းဝန်းကျင်နှင့် ဦးပိန်တံတားပေါ်ရှိဆိုင်ခန်းများ ဖယ်ရှားရေး တိုင်းဒေသကြီးအစိုးရသို့ တင်ပြမည်

**မန္တလေး ဖေဖော်ဝါရီ ၁၉**

တောင်သမန်အင်းပတ်ဝန်းကျင်နှင့် ဦးပိန်တံတားပေါ်တွင် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများအား ဖယ်ရှားရှင်းလင်းရေးအတွက် စိစစ်သုံးသပ်ချက်များ ပြုလုပ်၍ တိုင်းဒေသကြီးအစိုးရထံ တင်ပြသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောသည်။

အဆိုပါ ဆိုင်ခန်းများ ဖယ်ရှားရှင်းလင်းရေးအတွက် ဦးပိန်တံတားကြီးကြပ်မှုကော်မတီနှင့် တောင်သမန်အင်း လှေလာစောင့်ကြည့်ရေးကော်မတီတို့ ဖေဖော်ဝါရီ ၁၇ ရက်က ညှိနှိုင်းဆွေးနွေးခဲ့ပြီး တောင်သမန်အင်း ပတ်ဝန်းကျင်တွင် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးက လည်းကောင်း၊ ဦးပိန်တံတားပေါ်တွင် ဖွင့်လှစ်ထားသည့်ဆိုင်ခန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးက လည်းကောင်း စိစစ်၍ သုံးသပ်ချက်များနှင့်အတူ မည်သို့ဆောင်ရွက်သွားမည်ဆိုသည့် နည်းလမ်းများကိုပါ တိုင်းဒေသကြီးအစိုးရထံသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✻**



ဦးပိန်တံတားကြီးပေါ်တွင် ဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှု တစ်နေ့ထက်တစ်နေ့ပိုမိုများပြားလာသည်ကို တွေ့ရစဉ်။

# အာရှဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်ပြင်ဆင်မည်


မြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူး ကျော်ကိုကို။

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၉ အာရှဖလားခြေစစ်ပွဲတွင် တစ်ကျော့ပြန်အောင်မြင်ရန်နှင့် လက်ကျန်ပွဲများတွင် ရလဒ်ကောင်းရရန် ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကလပ်အသင်းပွဲများကြောင့် မတ်လဒုတိယပတ်မှသာ လူစုံလေ့ကျင့်မှုပြုလုပ်နိုင်မည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပဏာမကစားသမား ၂၅ ဦးဝန်းကျင်ဖြင့် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်ပြီး နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ကစားသမားရွေးချယ်ရန် ပြည်တွင်းလိဂ်ပွဲစဉ်များကို လိုက်လံကြည့်ရှုလျက်ရှိသည်။ အာရှဖလားခြေစစ်ပွဲအတွက် ပြည်တွင်းလိဂ်ပွဲများမှာ မတ်လပထမပတ်အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းသည် မတ် ၁၃ ရက်တွင် AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် မတ် ၁၄ ရက်မှသာ လူစုံလေ့ကျင့်နိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မတ် ၁၇ ရက်တွင် MNL All Star အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မတ် ၂၂ ရက်တွင် ခြေစစ်ပွဲ ပြန်ကန်ပွဲအဖြစ် ကာဂျစ္စတန်အသင်းနှင့် တောင်ကိုရီးယားနိုင်ငံ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပွဲမှာ မြန်မာ့လက်ရွေးစင်အသင်းအတွက် အာရှဖလားခြေစစ်ပွဲအောင်မြင်ရန် အရေးပါနေပြီး မဖြစ်မနေနိုင်ပွဲရရန် လိုအပ်နေသည်။

မြန်မာ့ လက်ရွေးစင်အသင်းသည် လေးပွဲကစားအပြီးတွင် ငါးမှတ်ရထားပြီး ကာဂျစ္စတန်အသင်းက ခုနစ်မှတ်ရထားသည်။ ထို့ကြောင့် မြန်မာအသင်းသည် ကာဂျစ္စတန်အသင်းနှင့် တွေ့ဆုံသည့်ပြန်ကန်ပွဲတွင် မဖြစ်မနေနိုင်ပွဲရရန် ကစားရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ နောက်ဆုံးပွဲအဖြစ် မတ် ၂၇ ရက်တွင် မကာအိုအသင်းနှင့် အိမ်ကွင်းပွဲကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းနေပြီး နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်အနေဖြင့် အောင်မြင်မှုရအောင် စွမ်းဆောင်ပေးရမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - စိုးညွှန့်**

